မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၀၄)

Established in 1914

Myanma Alinn Daily

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ စနေနေ့။

ထူးခြားသည့် ညအပူချိန်များ

၁၁-၁-၂၀၁၃

လွိုင်လင်မြို့	-၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၁ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်

သာယာမည်

၁၂-၁-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအားပေးမြှင့်တင်

အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းမှုစွမ်းအားဖြင့် ထိထိရောက်ရောက် စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၁

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းပြီး ပထမဆုံးပြုလုပ်သည့် အစည်းအဝေးဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ စီးပွားရေးပြုပြင်ပြောင်းလဲရာတွင် အရင်းအနှီးနှင့်နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်တို့ ပြည့်စုံလုံလောက်မှုမရှိသေးမီကာလအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများကို မလွဲမသွေ ဖိတ်ခေါ်ရမည်ဖြစ်ပါကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကြောင့် မိမိနိုင်ငံသားများ ထိခိုက်နစ်နာမှုကို ကာကွယ်နိုင်ရန် မူဝါဒလေးရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းမူဝါဒလေးရပ်ထဲတွင် နိုင်ငံသားများ၏ အကျိုးစီးပွားကို မထိခိုက်စေရန်ဆိုသည့် အချက်တစ်ချက်ပါဝင်ပါကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ❐

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စုံစမ်းစစ်ဆေးရေးကော်မရှင် သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စုံစမ်းစစ်ဆေးရေးကော်မရှင်
သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၃)
၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

၁။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တတိယအကြိမ်မြောက် စုံညီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ ၁၃း၀၀အချိန်တွင် လွှတ်တော်ဝင်း (အိုင် ၁၂)အဆောင်တွင် ကျင်းပခဲ့ပါသည်။ ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများကို သုံးသပ်ပြီး ရှေ့လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်တို့ကို ညှိနှိုင်းခဲ့ပါသည်။

၂။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝမ်ပေါင်ကုမ္ပဏီတို့ ချုပ်ဆိုထားသည့် စာချုပ်ကို ဘက်စုံထောင့်စုံမှ စိစစ်နိုင်ရန်အတွက် သတ္တုတွင်းလုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဥပဒေပညာပိုင်းနှင့်ပတ်သက်၍လည်းကောင်း ကျွမ်းကျင်သူပညာရှင်နှစ်ဦးအား နိုင်ငံတော်သမ္မတရုံး၏ စီစဉ်ပေးမှုဖြင့် ခန့်ထားခဲ့ပါသည်။ အဆိုပါစာချုပ်နှင့်ပတ်သက်၍ လည်းကောင်း၊ အခြားကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း ကော်မရှင်ဥက္ကဋ္ဌဦးဆောင်သည့်အဖွဲ့သည် ကျွမ်းကျင်သူပညာရှင်များနှင့်အတူ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ဥက္ကဋ္ဌနှင့်အဖွဲ့အား ဇန်နဝါရီလ ၉ ရက်နေ့ကလည်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ပေးအပ်သည့်လုပ်ငန်းတာဝန်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိရာတွင် ကြေးနီစီမံကိန်းအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ ဆောင်ရွက်သင့်သည့်နည်းပညာများ အသုံးပြု၍ စနစ်တကျဆောင်ရွက်ခြင်းရှိမရှိ စိစစ်ရန်အတွက် ပညာရှင်ပေါင်းစုံပါဝင်သည့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဆောင်ရွက်စေခဲ့ပါသည်။

၄။ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအဖွဲ့သည် ဒီဇင်ဘာလ ၂၄ ရက်နေ့မှ ၃၀ ရက်နေ့အထိ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်၍လည်းကောင်း၊ စံပယ်တောင်နှင့် ကြေးစင်တောင်ကြေးနီစီမံကိန်း လုပ်ဆောင်နေမှုကိုလည်းကောင်း သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာခဲ့ပါသည်-

(က) ဂေဟစနစ်(Ecology)

(ခ) လူမှုရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာကိစ္စရပ်များ (Social Aspect and Cultural Heritage)

(ဂ) စီမံချက်ကွပ်ကဲမှုစနစ်နှင့် ဖွံ့ဖြိုးမှုသရုပ်ခွဲစိစစ်ချက် (Project Management and Development Analysis)

စာမျက်နှာ ၉ ကော်လံ ၂ ◆

ယနေ့ မာတိကာ

အများပိုင်ကုမ္ပဏီ ရွှေမြန်မာ လေကြောင်းလိုင်းအတွက် ပထမဆုံး လေယာဉ်ရောက်ရှိ — စာ - ၂

ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ပထမအကြိမ် အစည်းအဝေးကျင်းပ — စာ - ၁၀

အိမ်ကွင်းမှာ အမှတ်ပြည့်ယူဖို့ အားထုတ်မယ့် ကာဒစ်ဖ် — စာ - ၁၃

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ယှဉ်ပြိုင်ခြင်းနှင့်အောင်မြင်ခြင်း

မည်သည့်အလုပ်မဆို ယှဉ်ပြိုင်မှုရှိခြင်းနှင့် မရှိခြင်းကွာ၏။ ယှဉ်ပြိုင်မှုရှိသောအလုပ် သို့မဟုတ် ပညာရပ်တစ်ခုခုတို့သည် အောင်မြင်တိုးတက်ခြင်းလမ်းကြောင်းပေါ်သို့ အမှန်ရောက်ရှိနိုင်၏။ ယှဉ်ပြိုင်မှုမရှိချေက တိုးတက်အောင်မြင်ခြင်းမရှိနိုင်ပေ။ ယှဉ်ပြိုင်ခြင်းသည် တိုးတက်ခြင်း၏ လမ်းစပင်ဖြစ်၏။ ယနေ့ခေတ်သည် တိုးတက်ပြောင်းလဲနေသော ခေတ်ကြီးသို့ရောက်ခဲ့ပြီ။ ထိုတိုးတက်ပြောင်းလဲမှုများနှင့်အတူ ယှဉ်ပြိုင်မှုများသည်လည်း နယ်ပယ်အသီးသီးတို့တွင် ကျယ်ပြန့်လာကြ၏။ တစ်ခုနှင့် တစ်ခု၊ တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်ကြရာက တိုးတက်ခြင်းသို့ ပြောင်းလဲရောက်ရှိလာကြပေသည်။

သို့ရာတွင် လူအများစုသည် ယှဉ်ပြိုင်မှုပြုရမည်ကို မနှစ်သက်ကြပေ။ ယှဉ်ပြိုင်မှုကင်းသည်ကို နှစ်သက်ကြ၏။ အမှန်စင်စစ် ယှဉ်ပြိုင်မှုမရှိချေက တိုးတက်အောင်မြင်ခြင်းလည်း မဖြစ်နိုင်ပေ။ ယုတ်စွအဆုံးယှဉ်ပြိုင်သူ မရှိချေက မိမိကိုယ်ကိုမိမိ ယှဉ်ပြိုင်ခြင်းဖြင့် အောင်မြင်ရေးလမ်းကို ဆက်လက်ရှာဖွေအားထုတ်အပ်၏။ ဆိုင်းဆရာကြီးစိန်ဗေဒါက "ယနေ့ စိန်ဗေဒါက မနေ့က စိန်ဗေဒါကို ယှဉ်ပြိုင်နေသည်"ဟု ဆိုခဲ့ဖူးသည်။ ဤသည်ကို ထောက်ရှုလျက် လူတိုင်းလူတိုင်း မိမိ၏အောင်မြင်တိုးတက်မှုကို ကျေနပ်မနေအပ်ပေ။ ယှဉ်ပြိုင်သူ မရှိသည့်အဆုံး မိမိ၏ တိုးတက်အောင်မြင်မှုကို မျက်ခြည်မပြတ် ဆန်းစစ်နေအပ်၏။ သို့သော်လည်း လူအချို့မှာ မိမိအောင်မြင်မှုကို ကျေနပ်နေကြ၍ တိုးတက်ခြင်းသို့ မရောက်ဖြစ်ကြရလေသည်။

ထို့ကြောင့် လူတိုင်းလူတိုင်းသည် အောင်မြင်တိုးတက်ခြင်းကို လိုလားလျှင် ယှဉ်ပြိုင်မှုများကိုလည်း အမြဲစိန်ခေါ်နေအပ်၏။ ယှဉ်ပြိုင်မှုတိုင်းကို အနိုင်ယူရန် ကြိုးစားအားထုတ်ခြင်းဖြင့် တိုးတက်ခြင်းကို ဖြစ်စေနိုင်၏။ ယှဉ်ပြိုင်မှုကို တွေးပူကြောက်လန့်နေကြပါက တိုးတက်အောင်မြင်ခြင်းသို့ ရောက်ရှိလိမ့်မည်မဟုတ်ပါ။ ယှဉ်ပြိုင်ခြင်းရှိမှသာလျှင် အောင်မြင်မှုလည်း ဖြစ်နိုင်ပါသည်။ ယှဉ်ပြိုင်ခြင်းသည် အောင်မြင်ခြင်း၏လမ်းစ ဖြစ်ပါသည်။

၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်း သန်းခေါင်စာရင်းသိကောင်းစရာ

- မြန်မာနိုင်ငံသန်းခေါင်စာရင်း
  မြန်မာနိုင်ငံတွင် မြန်မာသက္ကရာဇ်၉၉၉ခုနှစ် သာလွန်မင်းတရားလက်ထက်နှင့် ၁၁၄၅ခုနှစ် ဘိုးတော်ဘုရားလက်ထက်တို့တွင် သန်းခေါင်စာရင်းသဘောသက်ရောက်သည့် စစ်တမ်းများ ကောက်ယူခဲ့ပါသည်။
- ၁၈၇၂ခုနှစ်မှစ၍ ၁၉၄၁ခုနှစ်အထိ အောက်မြန်မာပြည်တွင် (၁၀)နှစ်တစ်ကြိမ် ကောက်ယူခဲ့ပါသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ခုနှစ်တွင် မြို့ (၂၅၂)မြို့နှင့် ၁၉၅၄ခုနှစ်တွင် ကျေးရွာအုပ်စု (၃၁၅၉)တို့အား ကောက်ယူခဲ့ပါသည်။
- ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို ၁၉၇၃ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ခုနှစ်တွင် တစ်ကြိမ် ကောက်ယူခဲ့ပါသည်။

ပြည်တွင်းသတင်း

အများပိုင်ကုမ္ပဏီ ရွှေမြန်မာလေကြောင်းလိုင်းအတွက် ပထမဆုံးလေယာဉ်ရောက်ရှိ

ရန်ကုန်-မန္တလေး ပျံသန်းမည့် လေယာဉ်ကို တွေ့ရစဉ်။

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်တွင်း ပြည်ပခရီးသွားပြည်သူများ လေယာဉ်စီးခနွန်းထားများ သက်သာစွာစီးနိုင်ရန်နှင့် နိုင်ငံသားတိုင်း လေယာဉ်စီးနိုင်စေရန် ရည်ရွယ်၍ ပြည်တွင်းခရီးစဉ်များ၌ ပြေးဆွဲသွားမည့် ပထမဆုံး အများပိုင်ကုမ္ပဏီ လေကြောင်းလိုင်းတစ်ခုဖြစ်သည့် ရွှေမြန်မာလေကြောင်းလိုင်း၌ ပြေးဆွဲသွားမည့် ပထမဆုံးလေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

ရွှေမြန်မာ လေကြောင်းလိုင်းတွင် ပြည်တွင်း ပြည်ပလေယာဉ်မှူးများနှင့် ပြည်တွင်းမှ လေယာဉ် မောင်မယ်များက တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်ကို ဇန်နဝါရီ ၁၇ ရက်တွင် စတင်ပြေးဆွဲသွားမည်ဖြစ်ကာ ရန်ကုန်-မန္တလေး-နေပြည်တော်-ရန်ကုန်ခရီးစဉ် စမ်းသပ်ပျံသန်းမှုကို ဇန်နဝါရီ ၁၁ ရက်တွင် ပြုလုပ်ခဲ့သည်။

ယခုရောက်ရှိလာသော လေယာဉ်သည် ခရီးသည် ၁၈၀ ဆံ့ Air Bus A 320-232, Xy-AGS ဖြစ်သည်။ အဆိုပါ လေကြောင်းလိုင်းအတွက် ဒုတိယမြောက် လေယာဉ်သစ်တစ်စင်းလည်း ဖေဖော်ဝါရီလအတွင်း ထပ်မံရောက်ရှိလာမည်ဖြစ်ကာ ပြည်ပခရီးစဉ်များကို တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ညီညီသပြေ)**

စံပြဘတ်စ်ကားမှတ်တိုင်တွင် ယာဉ်အန္တရာယ်ကင်းစေချင်

ထင်သာမြင်သာပြုပြင်စရာ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့တွင် ခရီးသည်ယာဉ်လိုင်းများက ခရီးသည်များကို အလျဉ်းသင့်သလို တင်ဆောင်မှုများရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် ဘုန်းကြီးလမ်းဆုံရာ ဝန်းကျင်တွင် ယာဉ်တိုက်မှုများ ဖြစ်ပွားမှုများပြားပြီး ထိခိုက်သေဆုံးမှုများရှိလာသည်ဟု သိရသည်။

ယင်းလမ်းဆုံတွင် ပြည်လမ်းသို့ သွားမည့် ဘုန်းကြီးလမ်းသို့ကွေ့သည့် ကားများ၊ အနော်ရထာလမ်းအတိုင်း ဆက်သွားမည့်ကားများ၊ ပြည်လမ်းမှ စုန်ဆင်းလာသောကားများ၊ အထူးသဖြင့် ခရီးသည်တင်ယာဉ်လိုင်း ကားကြီးများ မီးနီလွတ်ရန် အရှိန်ဖြင့် မောင်းနှင်မှုများ ရှိတတ်ကြကြောင်း၊ အနော်ရထာလမ်းပေါ်ရှိ စံပြမှတ်တိုင်သည် စံပြရုပ်ရှင်ရုံအလွန်တွင်ရှိသော်လည်း မှတ်တိုင်သင်္ကေတ မျဉ်းဝါကျားများလုံးဝမရှိဘဲ ရုပ်ရှင်ရုံဘေးလမ်းဆုံထောင့်ဝန်းကျင်တွင် ခရီးသည် အတင်အချပြုလုပ်လေ့ရှိကြောင်း ဘုန်းကြီးလမ်းပေါ်ရှိ မှတ်တိုင်တွင်လည်း မှတ်တိုင်နားခိုရာ အဆောက်အအုံများရှိသော်လည်း ရောက်အောင်မသွားဘဲ လမ်းဆုံထောင့် စံပြရုပ်ရှင်ရုံနှင့် မျက်နှာချင်းဆိုင်တွင်သာ ခရီးသည် အတင်အချပြုလုပ်လေ့ရှိကြောင်း သိရသည်။

အဆိုပါ လမ်းဆုံဝန်းကျင်သည် ယာဉ်တိုက်မှု မကြာခဏဖြစ်ပွားတတ်ပြီး အသက်သေဆုံးသည်အထိ ထိခိုက်မှုများ ဖြစ်ပွားတတ်ကြောင်း၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ခရီးသည်တင် ရိုးရိုးယာဉ်ကြီးလိုင်းမှ ယာဉ်ကြီးသည် မီးပွိုင့်ကျော်ပြီး လမ်းဘေးရပ်ကားများ အပါအဝင် ကားရှစ်စီးဆင့်တိုက်မှုဖြစ်ပွားခဲ့ရာ လမ်းဘေးရှိ ပြည်သူတစ်ဦး ဆေးရုံတွင် သေဆုံးခဲ့ရသည်ဟု သိရသည်။

ရန်ကုန်မြို့တော်တွင် တရားဝင် မှတ်ပုံတင်ထားသော မော်တော်ယာဉ် အစီးရေ နှစ်သိန်းခြောက်သောင်းကျော်ရှိပြီး ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားသော ယာဉ်မတော်တဆမှု ၁၂၄၂ မှုတွင် သေဆုံးသူ ၂၉၁ ဦး၊ ထိခိုက်ဒဏ်ရာရသူ ၁၈၆၉ ဦးရှိပြီး ဇန်နဝါရီနှင့် ဒီဇင်ဘာလတို့တွင် တစ်ရက်တစ်ဦးနှုန်း ယာဉ်တိုက်မှုဖြင့် သေဆုံးနေကြောင်း၊ ယခု ရက်ပိုင်းထုတ် သတင်းစာတွင် ဖတ်ရှုရရာ ယာဉ်တိုက်မှု မကြာခဏဖြစ်တတ်သော စံပြရုပ်ရှင်ရုံဝန်းကျင်ရှိ မှတ်တိုင်နေရာကို မှတ်တိုင်သင်္ကေတများ ထားရှိပေးရန်၊ ခရီးသည်ယာဉ်ကြောတွင် အငှားတက္ကစီများ အပါအဝင် ကိုယ်ပိုင်ယာဉ်မျိုးစုံ စီတန်းရပ်ထားခြင်းများ မပြုလုပ်ရန်၊ မှတ်တိုင်သို့ အရောက်သွားပြီးမှ ခရီးသည်အတင်အချလုပ်ရန်တို့ကို ပိုမိုအလေးထား ပြုပြင်ဆောင်ရွက်ပေးသင့်ကြောင်း ခရီးသွားပြည်သူများက ဆိုသည်။ **(ခင်ဆိုင်)**

ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာအုပ်စုအတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးမည်

ဖယ်ခုံ ဇန်နဝါရီ ၁၁

ဖယ်ခုံမြို့နယ်အတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရေးအတွက် မြေကြီးမြေပုံနှင့်မြေစာရင်း မှန်ကန်ရေးများကို လယ်ယာမြေမှတ်ပုံတင်ရေးလုပ်ငန်းနှင့်အတူ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ တစ်ပြိုင်နက်တည်း လုပ်ဆောင်လျက်ရှိရာ ဇန်နဝါရီ ၇ ရက်က တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ တောင်သူများက လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာပုံစံဖြင့် လျှောက်ထားနေမှုများကို ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်ဦးက ဖယ်ခုံမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးကျင်အုန်းနှင့်အတူ သွားရောက်စစ်ဆေးရာ မိုးဖြဲကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လုပ်ငန်း လုပ်ဆောင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူးက လျှောက်လွှာတင်သွင်းလာကြသော တောင်သူများအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဖယ်ခုံမြို့နယ်တွင် လက်ရှိဧရိယာ ၄၉၇၀၉ ဧက၊ ဦးပိုင် (၅၂၉၃)ကို လုပ်ဆောင်နေကြသည့် တောင်သူပေါင်း ၄၇၉၉ဦးအား မှတ်ပုံတင်ပေးသွားမည်ဖြစ်သည်။

မောင်မောင်သန်း (တောင်ကြီး)

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ

မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ဝမ်းမြောက်စွာဂုဏ်ယူခြင်း

၂၀၁၃ခုနှစ် ဇန်နဝါရီ ၄ရက် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ဖြင့် **အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ** ဘွဲ့တံဆိပ်တော်ချီးမြှင့်ခြင်းခံယူရပါသော ဗုဒ္ဓသာသနာတော်ကြီးအား လွန်စွာကြည်ညို မြတ်နိုးကိုးကွယ်ဆည်းကပ်ပါသော သာစည်မြို့နှင့် သာစည်မြို့နယ်လေးအား လွန်စွာချစ်ခင် လေးစားတန်ဖိုးထားပါသော မေမေကြီးဒေါ်အေးအေးချို သက်ရှည်ကျန်းမာစိတ်ချမ်းသာစွာဖြင့် သာသနာအကျိုး၊ အများအကျိုး ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ပါစေ။

ဖေဖေကြီး-ဗိုလ်မှူးချုပ်(ငြိမ်း)ဝဏ္ဏကျော်ထင်ဦးခင်မောင

သမီးကြီး-မနှောင်းစုခင်(B.E Chemical)

သမီးငယ်-ဒေါက်တာစုနွယ်ခင်(မေ့ဆေးအထူး)

သားငယ်-ကိုအုပ်စိုးမောင်(ME. Mechanical)-မလှလှမိုး(ME. Mechanical)

မြေးကြီး-ကောင်းမြတ်မောင်

မြေးငယ်-ချိုကြယ်စင်မိုး

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ဗီယက်နမ်သံအမတ်ကြီး မစ္စတာ ချူကွန်ဖွန်းနှင့် Viettle Group ဒုတိယဥက္ကဋ္ဌ မစ္စတာ ငူယင်မန်ဟန်းတို့ ဦးဆောင်သောအဖွဲ့ အား လက်ခံတွေ့ ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်ခင်ဝင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချူကွန်ဖွန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Viettle Group ဒုတိယဥက္ကဋ္ဌ မစ္စတာ ငူယင်မန်ဟန်းတို့ ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ၏ဇနီးနှင့်အတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မွန်မွန်အောင်နှင့် အတွင်းရေးမှူး ဒေါ်သဇင်နွယ်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Viettle Group ဒုတိယဥက္ကဋ္ဌ မစ္စတာ ငူယင်မန်ဟန်းက ဆွေးနွေးတင်ပြရာ၌ Viettle Group ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများတွင် အသုံးပြုသင်ကြားနိုင်ရေးအတွက် ကွန်ပျူတာအလုံး ၅၀၀ကိုလည်း လှူဒါန်းလိုကြောင်း၊ မြန်မာနိုင်ငံပညာရေးကဏ္ဍတွင် ၎င်းတို့မှ ပါဝင်အကူအညီပေးလိုကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဆောင်ရွက်မှုလုပ်ငန်းကဏ္ဍများတွင် အသုံးပြုနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ တစ်သိန်း လှူဒါန်းလိုကြောင်းနှင့် ၎င်းတို့နိုင်ငံတွင် လက်ရှိ အခြေခံပညာရေးကဏ္ဍ၌ ကုမ္ပဏီမှ ကူညီဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းက ပြန်လည်ဆွေးနွေးရာတွင် Viettle Group ကုမ္ပဏီမှ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုမှုအားကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း၊ ယခုကဲ့သို့ ပညာရေးကဏ္ဍအတွက် ကွန်ပျူတာများ လှူဒါန်းပေးခြင်းနှင့် ဆက်လက်ကူညီပေးသွားမည့် ပညာရေးကဏ္ဍဖွံ့ဖြိုးမှု ကိစ္စရပ်များအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ဆောင်ရွက်မှုလုပ်ငန်းကဏ္ဍများတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ တစ်သိန်းလှူဒါန်းခြင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အနေဖြင့် အဆိုပါလှူဒါန်းငွေကို ပညာရေးကဏ္ဍ၌သာ အသုံးပြုသွားမည်ဖြစ်ပါကြောင်းနှင့် အသင်း၏ပညာရေး၊ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် ပါဝင်ကူညီဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်ခင်ဝင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချူကွန်ဖွန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Viettle Group ဒုတိယဥက္ကဋ္ဌ မစ္စတာငူယင်မန်ဟန်းတို့ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တစ်ပြည်လုံးတွင် ဆက်လက်အအေးပိုနိုင်

နေပြည်တော် ဇန်နဝါရီ ၁၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် ပဲခူးတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ လွိုင်လင်မြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟားခါးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့နှင့် ပင်လောင်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် ဆက်လက် အအေးပိုနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ဧည့်လမ်းညွှန်များအတွက် မွမ်းမံသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်ရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက် လုပ်ငန်းစဉ် (၄)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ဧည့်လမ်းညွှန်ကောင်းများ ထွက်ပေါ်ရေးအတွက် ဧည့်လမ်းညွှန် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ တိုးမြင့်ဝင်ရောက်ခဲ့သဖြင့် ဧည့်လမ်းညွှန်များ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လိုင်စင်ပျက်ပြယ်သွားသော ဧည့်လမ်းညွှန်များအား ဖေဖော်ဝါရီ ၄ ရက်တွင် ဧည့်လမ်းညွှန်များ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄)ကို ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ သင်တန်းဝင်ခွင့် လျှောက်လွှာများကို ဇန်နဝါရီ ၁၆ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အမှတ် ၄၅၈/၄၆၀ မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထောင့်ရှိ ရသာကွန်ဒို ဒုတိယအထပ်ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတွင် တင်သွင်းနိုင်ပြီး လိုင်စင်အဟောင်းမိတ္တူကို သင်တန်းဝင်ခွင့် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည် ဖြစ်သည်။

သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ပြီး သင်တန်းအောင်မြင်သူများအား ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဧည့်လမ်းညွှန်လုပ်ကိုင်ခွင့်လိုင်စင် ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၄/၂၀၁၃)
၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ ၇ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၂-၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၀/၂၀၁၂)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ကြည်း၂၄၈၆၀ ဗိုလ်မှူးထိန်ဝင်း	(အစား)	ကြည်း၂၈၆၈၇ ဗိုလ်မှူးမျိုးကျော်

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံတကာသတင်း

ပွင့်လင်းမြင်သာမှုရှိရန် မြောက်ကိုရီးယားအား ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းနှင့် ဂူဂဲလ်ဥက္ကဋ္ဌတို့ တိုက်တွန်း

ပြုံယမ်း ဇန်နဝါရီ ၁၁

သီးခြားရပ်တည်နေမှုများကိုအဆုံးသတ်ပြီး နိုင်ငံသားများကိုလည်း အင်တာနက် သုံးစွဲပိုင်ခွင့်ပေးရန် မြောက်ကိုရီးယားနိုင်ငံအား ဂူဂဲလ်ပိုင်ရှင်ဥက္ကဋ္ဌဖြစ်သူ အီရစ်ရှာမစ်က တိုက်တွန်းလိုက်ကြောင်း ဇန်နဝါရီ ၁၀ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အင်တာနက်လွတ်လပ်ခွင့်မရှိခဲ့ပါက နောက်ကောက်ကျန်ရစ်၍ မြောက်ကိုရီးယား စီးပွားရေးမှာ နာလန်ထူနိုင်ဦးမည်မဟုတ်ကြောင်း ပြုံယမ်းသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် အီရစ်က ပြောကြားခြင်းဖြစ်သည်။

တိုက်တွန်းခဲ့

ဂူဂဲလ်ပိုင်ရှင်အီရစ်သည် အမေရိကန်ပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးဖြစ်သူ အီလ်ရစ်ချတ်ဆင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြုံယမ်းသို့ လိုက်ပါသွားခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားအနေဖြင့် ချူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုများကို စွန့်လွှတ်ရန်နှင့်ထိန်းသိမ်းခံ အမေရိကန်နိုင်ငံသားအရေးကိုလည်း ဖော်ထုတ်ပေးရန် ၎င်းတို့ကပင် ထပ်မံတိုက်တွန်းခဲ့သည်။

မြောက်ကိုရီးယားမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရောက်ရှိလာပြီးနောက် ပေကျင်း၌ မီဒီယာရှင်းလင်းပွဲပြုလုပ်စဉ် ပြုံယမ်းတွင်ရှိစဉ်က အင်တာနက်သုံးခွင့် ဖွင့်ပေးရန်နှင့် လွတ်လပ်ခွင့်များပေးရန် ဆွေးနွေးခဲ့ကြောင်း ရှာမစ်ကဆိုသည်။ မြောက်ကိုရီးယားနိုင်ငံတွင် အင်တာနက်သုံးစွဲခွင့်ကို များစွာချုပ်ချယ် ကန့်သတ်ထားသည်။ သုံးစွဲခွင့်ရရှိသူ အနည်းအကျဉ်းသာရှိသည်။ **(ဘီဘီစီ)**

ပါကစ္စတန်၌ ဗုံးလေးကြိမ်ဆင့်ကဲပေါက်ကွဲ ၁၀၀ ကျော်သေဆုံးပြီး ၂၃၅ ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၁

ပါကစ္စတန်နိုင်ငံ၌ ဇန်နဝါရီ ၁၀ ရက်တွင် ဗုံးပေါက်ကွဲမှုလေးကြိမ်တိုင် ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၁၆ ဦး သေဆုံးပြီး ၂၃၅ ဦး ဒဏ်ရာရသွားသဖြင့် အသေအပျောက် များပြားခဲ့သည့်နေ့တစ်နေ့ဖြစ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနမှ သတင်းထုတ်ပြန်ထားသည်။

ယင်းဗုံးလေးကြိမ်ပေါက်ကွဲမှုတွင် သုံးခုမှာ အာဖဂန်နစ္စတန်နှင့် အီရန်နယ်စပ်ရှိ ပါကစ္စတန်အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် ကွတ္တာမြို့တွင် ဖြစ်ပွားခဲ့သည်။ ကျန်ပေါက်ကွဲမှုတစ်ခုမှာ ပါကစ္စတန်အနောက်မြောက်ပိုင်း ဆွတ်ပြည်နယ်ဒေသရှိ ခန်းမတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အောက်ယာပုံ)**

ကွတ္တာမြို့တွင် ဘာချဟန်ဒေသရှိ လက်နက်ကိုင်နယ်ခြားစောင့်တပ်ဖွဲ့၏ လုံခြုံရေးဂိတ်၌ ယင်းနေ့ ညနေ ၃ နာရီ မိနစ် ၅၀ တွင် ဗုံးပေါက်ကွဲမှုဖြစ်ပြီး အနည်းဆုံး ၁၂ ဦး သေဆုံးကာ ၅၀ ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီး နောက်ထပ် ၂ နာရီခန့်အကြာ၌ ပါကစ္စတန်အနောက်မြောက်ပိုင်း မင်ဂိုရာမြို့ရှိ ခန်းမတွင် ဗုံးပေါက်ကွဲမှုထပ်မံဖြစ်ပွားသည်။ လူရာပေါင်းများစွာတို့ စုဝေးနေစဉ် ဗုံးပေါက်ကွဲခြင်းဖြစ်သည်။ ယင်းဖြစ်ပွားမှုတွင် အနည်းဆုံး ၂၂ ဦး သေဆုံးပြီး ၆၅ ဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသတွင်းသတင်းဌာနက ပြောကြားသည်။ အဆိုပါ ဗုံးနှစ်ကြိမ်ပေါက်ကွဲမှုကြောင့် ပြည်သူများ တုန်လှုပ်ချောက်ချားမှု မပျောက်သေးမီ ကွတ္တာမြို့တွင်း၌ နောက်ထပ် မိနစ်အနည်းငယ်အကြာတွင်နှစ်ကြိမ်ဆင့် ဗုံးပေါက်ကွဲခဲ့ကြောင်း ဆင်ဟွာသတင်းဌာနမှ ပြောကြားခဲ့သည်။ ပထမပေါက်ကွဲမှုသည် စနူကာအားကစား ခန်းမတွင် ဖြစ်ပွားသဖြင့် လူအများဝိုင်းအုံရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်နေစဉ် ထိုအဆောက်အအုံအနီးရှိ ယာဉ်ရပ်နားနေရာတွင် နောက်ထပ်ဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ယင်းဗုံးနှစ်ကြိမ်ဆင့်ကဲပေါက်ကွဲမှုအတွင်း ရဲတပ်ဖွဲ့ဝင် ၉ ဦး၊ ကယ်ဆယ်ရေးအဖွဲ့ဝင် ၂၅ ဦးနှင့် သတင်းသမားနှစ်ဦးအပါအဝင် ၈၂ ဦး သေဆုံးသွားခဲ့ကြောင်း ဒေသခံမီဒီယာများမှ သတင်းထုတ်ပြန်ခဲ့သည်။

ဘလူချီစတန် ဒေသအစိုးရအဖွဲ့က ဗုံးပေါက်ကွဲမှုအတွင်း သေဆုံးခဲ့သူများအတွက် သုံးရက်ကြာ ဝမ်းနည်းကြေကွဲမှု အထိမ်းအမှတ်ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ သေဆုံးသွားသော ရဲတပ်ဖွဲ့ဝင်များအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၀၂၅၃ ဒေါ်လာစီနှင့် ယင်းပေါက်ကွဲမှုအတွင်း သေဆုံးသွားခဲ့ရသူများအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၀၁၂၆ ဒေါ်လာ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

အမေရိကန်မောင်းသူမဲ့ဒရုန်းလေယာဉ်တစ်စင်းကို တွေ့ရစဉ်။

မောင်းသူမဲ့ဒရုန်းလေယာဉ်များ ကွန်ဂိုသို့ပို့ရန် အမေရိကန်အဆင်သင့်ဖြစ်

ဝါရှင်တန် ဇန်နဝါရီ ၁၁

ရဝမ်ဒါနှင့် အခြားနိုင်ငံများမှ ဆန့်ကျင်နေသော်လည်း အာဖရိကနိုင်ငံအတွင်းရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုအဖွဲ့အား အထောက်အကူပြုရန်အတွက် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ လေ့လာစောင့်ကြပ်ရေး မောင်းသူမဲ့ဒရုန်းလေယာဉ်များ ပို့ဆောင်ပေးရန် အဆင်သင့်ဖြစ်ပြီဟု အမေရိကန်နိုင်ငံက ပြောကြားခဲ့ကြောင်း ဇန်နဝါရီ ၁၀ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်၏ လေ့လာစောင့်ကြပ်မှုကို မြှင့်တင်ရန်အတွက် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအတွင်း လက်နက်တပ်ဆင်ထားခြင်းမရှိသော မောင်းသူမဲ့လေယာဉ်များကိုအသုံးပြုရန် ကုလသမဂ္ဂ၏အကြံပြုချက်ကို အမေရိကန်နိုင်ငံက ထောက်ခံခဲ့ကြောင်း အမေရိကန်မှ ပြောရေးဆိုခွင့်ရှိသူ ဗစ်တိုးရီးယားနူလန်က ဇန်နဝါရီ ၉ ရက်တွင် ပြောကြားခဲ့သည်။

ရဟတ်ယာဉ်များနှင့်လေ့လာစောင့်ကြပ်ရေးမောင်းသူမဲ့ဒရုန်းလေယာဉ်များကို ပိုမိုအသုံးပြုပြီး ကွန်ဂိုနိုင်ငံငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်တိုးချဲ့လုပ်ဆောင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား မေတ္တာရပ်ခံခဲ့သည်ဟု ကုလသမဂ္ဂငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဟာဗီးလက်ဆော့စ်ကပြောကြားခဲ့ပြီး နောက်တစ်ရက်တွင် အဆိုပါ မှတ်ချက်စကားထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကွန်ဂိုနိုင်ငံအရှေ့ပိုင်းတွင် တည်ငြိမ်မှုပြန်လည်ရရှိရန် နိုင်ငံအတွင်း ကုလသမဂ္ဂငြိမ်းချမ်းရေးအဖွဲ့ဝင် ၁၉၀၀၀ နေရာချထားသည်။ **(ပရက်စ်တီဗွီ)**

ကျောင်းသို့ သေနတ်ယူလာမည်ဟုခြိမ်းခြောက်သည့် အမေရိကန်ကျောင်းသား အဖမ်းခံရ

ဟူစတန် ဇန်နဝါရီ ၁၁

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်ရှိ အလယ်တန်းကျောင်းသားတစ်ဦးသည် ကျောင်းသို့ သေနတ်တစ်လက်ယူဆောင်လာမည်ဟု ခြိမ်းခြောက်ခဲ့မှုကြောင့် ဖမ်းဆီးခံခဲ့ရကြောင်း ဒေသဆိုင်ရာမီဒီယာများက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြုလုပ်ခဲ့

ဖမ်းဆီးခံထားရသည့် ယင်းကျောင်းသားသည် တက္ကဆက်ပြည်နယ် ပီယာလန်မြို့ ရိုဂျားစ်အလယ်တန်းကျောင်းရှိ ပဥ္စမတန်းမှ အသက် ၁၁ နှစ်အရွယ်ရှိသူဖြစ်ပြီး ၎င်းကျောင်းသားသည် အတန်းဖော်တစ်ဦးနှင့် စကားများရန်ဖြစ်ပြီးနောက် ဇန်နဝါရီ ၉ ရက်က ထိုသို့ခြိမ်းခြောက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အရာရှိများ၏ ပြောကြားချက်ကို ကိုးကားပြီး ဟူစတန်သမိုင်းမှတ်တမ်းတင်အဖွဲ့က သတင်းဖော်ပြသည်။

လုံခြုံရေးတိုးမြှင့်

အဆိုပါ ကျောင်းသားသည် ဇန်နဝါရီ ၁၀ ရက်တွင် ကျောင်းသို့ ပြန်လာခြင်းမရှိကြောင်း၊ မည်သည့်လက်နက်မှလည်း ယူဆောင်လာခြင်းမရှိကြောင်း ပီယာလန်မြို့ ပြောရေးဆိုခွင့်ရှိသူ ကင်ဟိုကော့က ပြောကြားသည်။ ခရိုင်အုပ်ချုပ်ရေးအဖွဲ့နှင့် ယင်းမြို့ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုတစ်ခု စတင်ပြုလုပ်လျက်ရှိပြီး ယင်းကျောင်းအတွင်း လုံခြုံရေးတိုးမြှင့်ထားသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

တင်မောင်လွင်-စုစည်းသည်

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကာဒစ်အမျိုးသမီးသုံးဦး သေဆုံးနေသည်ကိုတွေ့ရှိ

ပါရီ ဇန်နဝါရီ ၁၁

ပြင်သစ်နိုင်ငံ မြို့တော်ပါရီတွင် ကာဒစ်အလုပ်သမားပါတီ (ပီကေကေ) အဖွဲ့တစ်ဖွဲ့မှ အမျိုးသမီးသုံးဦး သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ပြောကြားချက်ကို ဇန်နဝါရီ ၁၀ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

တွေ့ရှိခဲ့

ဦးခေါင်းပစ်ခတ်ခံရသည့် အဆိုပါ ကာဒစ်အမျိုးသမီးများကို ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ကာဒစ်အခြေစိုက်ထူထောင်ရေးနေရာ၏အပြင်ဘက်၌ ဇန်နဝါရီ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်က တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်မီဒီယာများက ပြောကြားသည်။

လုပ်ဆောင်

ယင်းရာဇဝတ်ကျူးလွန်မှုနှင့် ပတ်သက်ပြီး တိကျသေချာသည့်အကြောင်းအရာများရရှိရန် စုံစမ်းစစ်ဆေးမှုတစ်ခု စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြင်သစ်ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

သေဆုံးသူများအနက် တစ်ဦးမှာ ကာဒစ်အဖွဲ့၏ သတင်းပြန်ကြားရေးဌာန၌ အလုပ်လုပ်နေသူ ဖီဒါဒိုဂန် အမည်ရှိ အသက် ၃၂ နှစ်အရွယ် အမျိုးသမီးဖြစ်သည်။ ရဲတပ်ဖွဲ့အနေဖြင့် အဆိုပါ သေဆုံးမှုများအတွက် တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**



ကာဒစ်အလုပ်သမားပါတီ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃)ဖြင့် မန္တလေးမြို့ အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီဥက္ကဋ္ဌ **သုဓမ္မမဏိဇောတဓရ ဦးစိုးနိုင်** အား သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ဦးဝင်းဗိုလ်-ဒေါ်ခင်မာဝင်း

ဦးဝင်းခိုင်-ဒေါ်နုနုလွင်

ဦးဝင်းနိုင်-ဒေါ်ခင်သက်ဆွေ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃)ဖြင့် မန္တလေးမြို့ အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီဥက္ကဋ္ဌ **သုဓမ္မမဏိဇောတဓရ ဦးစိုးနိုင်** အား သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ချစ်တပည့်များ

ဦးမျိုးသန့်၊ ဦးဌေး၊ ဦးညီညီထွန်း(ခ)အငယ်လေး၊

ဦးမြင့်သိန်း၊ ဦးဖုန်းခိုင်၊ ဦးမောင်ဝေ၊ ဦးကျော်ဆောင်

နိုင်ငံတကာသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှခေါင်းဆောင်များက (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

(ဇန်နဝါရီ ၈ ရက်နေ့မှအဆက်)

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ကူဝိတ်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကူဝိတ်နိုင်ငံ ဘုရင်ရှိတ်ဆာဘားအယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါ သမယတွင် အဆွေတော်ထံ ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများအကြား ရင်းနှီးချစ်ခင်မှုများ ပိုမိုတိုးမြှင့်သွားရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများရရှိစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူ ပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အယ်လ်ဂျီးရီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ အယ်လ် ဂျီးရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မူရဒ် မာလ်ဒဲလ်စီထံမှ ဂုဏ်ပြုဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူ ပြည်သားများ သာယာဝပြောကာ ဖွံ့ဖြိုးတိုးတက်စေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

စင်ကာပူသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာတိုနီတန်ကင်ယမ်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် စင်ကာပူသမ္မတနိုင်ငံ ပြည်သူ ပြည်သားအားလုံး၏ကိုယ်စား မိမိက အဆွေတော်နှင့်တကွ မြန်မာနိုင်ငံပြည်သူ ပြည်သားအားလုံးသို့ နွေးထွေးပျူငှာစွာဖြင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုသည် ကမ္ဘာက အလေးထားမှုကို ရယူနိုင်ခဲ့ပါကြောင်း၊ အဆွေတော်၏ အမျိုးသား ပြန်လည် ရင်ကြားစေ့ရေးကို ငြိမ်းချမ်းရေးဖြင့် ဖော်ဆောင်နေမှုအပေါ် ချီးကျူး ဂုဏ်ယူပါကြောင်း၊ မြန်မာပြည်သူ ပြည်သားတို့ဘဝ အဘက်ဘက်မှ တိုးတက်စေရန် အဆွေတော် လုံ့လ စိုက်ထုတ်ကြိုးပမ်းမှုကိုလည်း ဂုဏ်ယူမိပါကြောင်း၊ အိမ်နီးချင်းကောင်း၊ မိတ်ဆွေသဖွယ် ကြာမြင့်စွာ ဆက်ဆံခဲ့သည့် စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုပေါင်းစပ်ရေးတွင် အထောက်အပံ့ပြုပါမည်ဖြစ်ကြောင်း၊ စင်ကာပူနှင့် မြန်မာနိုင်ငံနှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းမှုများကို ရှေ့ရှုလက်တွဲသွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေရန်ဖြစ်ပါကြောင်း၊ အာဆီယံအသင်းကြီး၏ ၂၀၁၅ ရည်မှန်းချက်ပန်းတိုင်အပါအဝင် အကျိုးစီးပွားဖြစ်ထွန်းမှုများကို ပိုမိုမြှင့်တင်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းခန့်သာလို့မာပါစေကြောင်း၊ နောင်လာမည့်နှစ်များတွင်လည်း ငြိမ်းချမ်းရေးနှင့် အောင်မြင်မှုများ ရရှိပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းစသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လုံးက ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါ သမယတွင် အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများသို့ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူ ပြည်သားများ၏ဘဝ အဆင့်အတန်းများ တိုးတက်မြင့်မားလာမည်ဖြစ်ပြီး မြန်မာ့လူ့ဘောင်လည်း အပြုသဘော ပြောင်းလဲမှုများ ရရှိလာဦးမည်ဟု မိမိယုံကြည်ပါကြောင်း စသည်ဖြင့်ဖော်ပြသည်။

ဗင်နီဇွဲလားအတိုက်အခံနှင့် အာဏာရပါတီတို့၏ သမ္မတရာထူးဆက်ခံရေးအငြင်းပွားစရာ

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်

တိုး - ရေးသည်

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်က ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင်ပြုလုပ်မည့် နောက်ထပ်သမ္မတ သက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံမည့် အခမ်းအနားကို ရွှေ့ဆိုင်းပေးပါရန် မေတ္တာရပ်ခံလာခြင်းကို ဗင်နီဇွဲလားအမျိုးသားလွှတ်တော်က လက်ခံအတည်ပြုလိုက်သည်။ သမ္မတ ချာဗက်မှာ စတုတ္ထအကြိမ် ကင်ဆာရောဂါခွဲစိတ်ကုသမှုခံယူပြီးနောက် ယခုအခါ ကျူးဘားနိုင်ငံ ဟာဗားနားဆေးရုံ၌ တက်ရောက်ကုသနေသည်။

သမ္မတသက်တမ်းနောက်ထပ် ခြောက်နှစ်တာဝန်ထမ်းဆောင်ရန် သမ္မတ ချာဗက်အနေဖြင့် ဗင်နီဇွဲလားနိုင်ငံ ကရာကတ်မြို့တော်၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက် (ကြာသပတေးနေ့)တွင် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံရန် စီစဉ်ထားသော်လည်း ကျန်းမာရေးအခြေအနေအရ မတက်ရောက်နိုင်ဘဲ ကျူးဘားနိုင်ငံ၌သာရှိနေဆဲဖြစ်၏။ သမ္မတချာဗက် နာလန်ထူရန်လိုသည့်အချိန်အတိုင်းအတာအထိစောင့်ရန် အမတ်များက မဲခွဲဆုံးဖြတ်သည်။ သမ္မတချာဗက်သည် လွန်ခဲ့သည့်တစ်လက ခွဲစိတ်ကုသမှုခံယူကတည်းက ပြည်သူ့ရှေ့မှောက်သို့ မထွက်နိုင်ခဲ့ပေ။

စောစောပိုင်းကလည်း သမ္မတ ချာဗက်အနေဖြင့် နောက်သမ္မတသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို၍ ရာထူးလက်ခံမည့် အခမ်းအနားသို့ မတက်ရောက်နိုင်ကြောင်း ဗင်နီဇွဲလား ဒုတိယသမ္မတ နီကိုလပ်မာဒူရိုက အတည်ပြုကြေညာထားသည်။

တာဝန်ယူမည်

မစ္စတာချာဗက် ထိုအခမ်းအနားသို့မတက်ရောက်နိုင်လျှင်မည်သို့ ပြုလုပ်သင့်သည်ကို ဗင်နီဇွဲလားနိုင်ငံတော်တရားရုံးချုပ်က ဆုံးဖြတ်ပေးရန် ဗင်နီဇွဲလား အတိုက်အခံတို့က တောင်းဆိုသည်။ မစ္စတာ ချာဗက်ပျက်ကွက်လျှင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကာဘယ်လိုအနေဖြင့် ယာယီသမ္မတ တာဝန်ယူရမည်ဖြစ်ကြောင်း အတိုက်အခံခေါင်းဆောင် ဟင်းရစ်ကာပရီလက်က ထောက်ပြသည်။

၁၉၉၉ ခုနှစ်တွင် အာဏာရလာသည့် သမ္မတ ချာဗက်သည် သမ္မတသက်တမ်းကို ဆက်လက်ထမ်းဆောင်ရန် ပြီးခဲ့သည့်နှစ်အောက်တိုဘာ ရွေးကောက်ပွဲတွင် ပြန်လည် အရွေးခံခဲ့ရခြင်းဖြစ်သည်။ လက်ရှိအာဏာရ သမ္မတအနေဖြင့် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံခြင်းမှာ လုပ်ထုံးလုပ်နည်းတစ်ရပ် သက်သက်ဖြစ်ကြောင်း ဗင်နီဇွဲလား အစိုးရက အခိုင်အမာရပ်တည်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ်ခွဲ (၂၃၁)အရ ရာထူးဆက်ခံမည့် သတ်မှတ်ရက်မဟုတ်ဘဲ နောက်ပိုင်း တစ်ချိန်ချိန်တွင် နိုင်ငံတော်တရားရုံးချုပ် တရားသူကြီး ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခွင့်ပေးရန် မေတ္တာရပ်ခံလာသည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မစ္စတာကာဘယ်လိုက အမတ်များအား ထုတ်ဖော်ကြေညာသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၇ ရက်က သမ္မတချာဗက်အား ထောက်ခံကြောင်းပြသရန် အားပေးထောက်ခံသူများအနေနှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက် (ကြာသပတေးနေ့)တွင် လမ်းပေါ်ထွက် အင်အားပြကြရန် လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကာဘယ်လိုက လှုံ့ဆော်တိုက်တွန်းလိုက်သည်။

သမ္မတရုံးတော်၌ ကျင်းပသည့်ထိုရာထူးလက်ခံပွဲသို့ နိုင်ငံခြားခေါင်းဆောင်အချို့ တက်ရောက်ရန် လျာထားပြီးဖြစ်သည်ဟုလည်း မစ္စတာ ကာဘယ်လိုကပြောဆိုသည်။ သို့သော် နိုင်ငံခြားခေါင်းဆောင်များအနေဖြင့် နိုင်ငံရေးပါတီတစ်ရပ်၏ ကစားကွက်တစ်ခုကို မလွန်ဆန်နိုင်သူအဖြစ်သို့မရောက်စေဘဲ မတက်ကြရန် အတိုက်အခံခေါင်းဆောင် မစ္စတာကာပရီလက်က တိုက်တွန်းလိုက်သည်။

ယခုအထိမူ ထိုအခမ်းအနားသို့ ဘိုလစ်ဗီးယားနှင့် ဥရုဂွေး သမ္မတများက တက်ရောက်ကြမည့်လက္ခဏာရှိပြီး ဟေတီခေါင်းဆောင်ကမူ တက်ရောက်ရန် စဉ်းစားနေဆဲဖြစ်သည်ဟု ဆို၏။ဗင်နီဇွဲလားပြဿနာနှင့် ပတ်သက် ၍ အမေရိကန်နိုင်ငံက ချင့်ချိန်နေပြီး အစဉ်အလာလုပ်ထုံးလုပ်နည်းများမှ သွေဖည်သဖြင့် ပေါ်ပေါက်လာသည့် မရေရာမသေချာမှုကို ဗင်နီဇွဲလား ပြည်သူများအနေဖြင့် ငြိမ်းချမ်းစွာဖြေရှင်းကြရန် တိုက်တွန်းလိုက်သည်။

ထိုအတောအတွင်း ဗင်နီဇွဲလား အတိုက်အခံတို့က ယင်းကိစ္စကို အမေရိကန်နိုင်ငံများအဖွဲ့ (အိုင်အေအက်စ်)သို့ တိုင်ကြားသည်။ မစ္စတာ ချာဗက်လည်း စီစဉ်ထားသည့် ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံသည့် အခမ်းအနားမတက်နိုင်၊ ယာယီသမ္မတတစ်ဦးကိုလည်းတာဝန်မပေးအပ်နိုင်လျှင် ထိုလုပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခြင်းဟူ၍ အတိုက်အခံတို့က ယူဆသည်။ သမ္မတ ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံပွဲအခမ်းအနားကို သာမန် ရွှေ့ဆိုင်းသည့် အာဏာရပါတီ၏လုပ်ရပ်ကို အတိုက်အခံတို့ လက်မခံနိုင်ကြောင်း အိုင်အေအက်စ်သို့ တိုင်ကြားသည်။

သို့သော် သမ္မတ ချာဗက်၏ ထိပ်တန်းလက်ထောက်များကလည်း ရွေးချယ်ခံထားသည့် သမ္မတလောင်းသည် ကွယ်လွန်ခြင်း၊ ရာထူးမှဖယ်ရှားခံရခြင်း သို့မဟုတ် ခန္ဓာကိုယ်အစဉ်မသန်စွမ်းခြင်း သို့မဟုတ် စိတ်ရောဂါခံစားရခြင်းတို့ကြောင့် လုံးဝမလာရောက်နိုင်လျှင် သမ္မတရာထူးကို လွှတ်တော်ဥက္ကဋ္ဌသို့ ပေးအပ်မည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း၊ သို့သော် ဤကိစ္စတွင် တစ်ခုမျှအကျုံးမဝင်ကြောင်း ချေပကြသည်။

သမ္မတ ချာဗက်မှာ ကျန်းမာရေး နှင့်စပ်လျဉ်း၍ တဲတဲမျှသာ ဖြစ်သည့်ကြားမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက် ဟိုမှာဘက်တွင်လည်း သမ္မတအဖြစ် ရပ်တည်နေဦးမည်ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၅ ရက်က လောလောလတ်လတ် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြန်လည်အရွေးခံရသူ ကာဘယ်လိုက ပြောကြားလိုက်သည်။ မစ္စတာချာဗက်သည် ရွေးကောက်ပွဲ၌ ပြန်လည်အရွေးခံရ ကတည်းက လွှတ်တော်၌ ထပ်မံကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံစရာမလိုကြောင်း ကာဘယ်လိုက ထည့်သွင်းပြောကြားသည်။

သမ္မတ ချာဗက်အနေဖြင့် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က ကင်ဆာရောဂါခွဲစိတ်ကုသခံယူအပြီး နာလန်ထရန်ကြိုးပမ်းနေစဉ် ဗင်နီဇွဲလားသမ္မတ ရာထူးမှာ ထိုမျှရှေ့တန်းရောက်နေရခြင်းအပေါ် များစွာစဉ်းစားစရာဖြစ်နေပေသည်။ ။

အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ချစ်ခင်လေးစားအပ်ပါသော ဆရာ **ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၄-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အစ်မ ဒေါ်အေးအေးမွန်နှင့်အတူတူ သာသနာအကျိုးများကို ဆတက်ထမ်းပိုး ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါသည်။

ဦးအောင်ကို
မန်နေဂျင်းဒါရိုက်တာ
အောင်နန်းသာထရေးဒင်းကုမ္ပဏီလီမိတက်
စက်သုံးဆီတင်သွင်းဖြန့်ဖြူးပို့ဆောင်ရေးလုပ်ငန်း
မြဝတီမြို့၊ ဖုန်း-၀၅၈-၅၀၇၅၂၊ ၀၅၈-၅၀၃၂၀

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃)ဖြင့် မန္တလေးမြို့ အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီဥက္ကဋ္ဌ **သုဓမ္မမဏိဇောတဓရ ဦးစိုးနိုင်**အား သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီ
မန်နေဂျာနှင့်ဝန်ထမ်းများ

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃)ဖြင့် မန္တလေးမြို့ အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီဥက္ကဋ္ဌ **သုဓမ္မမဏိဇောတဓရ ဦးစိုးနိုင်**အား သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

အေးအေးခိုင်ဆောက်လုပ်ရေးကုမ္ပဏီ
မန်နေဂျာနှင့်ဝန်ထမ်းများ

ပြည်တွင်းသတင်းနှင့်ဈေးကွက်

နိုင်ငံခြားခရီးသွားဧည့်သည်တို့ ပိုမိုဝင်ရောက်လာ

အိမ်သာ၍ ဧည့်လာခြင်းနှင့်အတူ လာသောဧည့်သည်များကလည်း ယခင်နှင့်မတူ ထင်သာမြင်သာပွင့်လင်းလာပြီး လွတ်လပ်လုံခြုံစွာသွားလာခွင့်ရှိခဲ့သော၊ ဧည့်ဝတ်ကျေပွန်သော ပြည်သူများအပေါ်

ကျေနပ်ခြင်းအပြုံးများဖြင့် လက်ပြနှုတ်ဆက် ပြန်သွားကြသည်များကို နေ့စဉ်နှင့်အမျှ တည်းခိုရာဟိုတယ်များနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့မြင်ရသည်။

အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝင်ပေါက်တစ်ခုတည်းကပင် နိုင်ငံခြားဧည့်သည် ဝင်ရောက်မှုမှာနေ့စဉ်ဦးရေ ၂၄၀၀ ဝင်ရောက်နေကြောင်း သိရသည်။ ၂၀၁၁ ခုနှစ်က ပြည်တွင်းသို့ နိုင်ငံခြားခရီးသွား ဧည့်သည် လေးသိန်းခန့်ဝင်ရောက်မှုရှိခဲ့ပြီး ပြီးခဲ့သော၂၀၁၂ခုနှစ်တွင်မူ ငါးသိန်းကျော်ဝင်ရောက်ခဲ့သည်ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိခွင့်ရခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းသို့နိုင်ငံခြားဧည့်သည် ဝင်ရောက်မှုကို လေ့လာသုံးသပ်ရသော် တစ်နှစ်လျှင် ပျမ်းမျှ ၂၀ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိရှိနေကြောင်း တိုးတက်မှုပြဇယားအရ သိရသည်။

၂၀၁၃ ခုနှစ်တွင်မူ ပြည်တွင်း၌ ဆီးဂိမ်းပွဲများ ကျင်းပမည်ဖြစ်ခြင်းကြောင့် နိုင်ငံခြားခရီးသွားဧည့်သည် ရှစ်သိန်းထက်မနည်းဝင်ရောက်လာနိုင်ကြောင်း ခရီးသွားအေဂျင်စီတစ်ခုက သုံးသပ်ပြောကြားခဲ့သည်။

ယဉ်ကျေးမှုအမွေ ပုဂံမြေသို့ပင် ၂၀၁၁ ခုနှစ်က နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ရှစ်သောင်းကျော် ရှိခဲ့ပြီး ၂၀၁၂ ခုနှစ်တွင်မူ တစ်သိန်းနှစ်သောင်းကျော်အထိ ဝင်ရောက်မှုရှိကြောင်း လေ့လာခဲ့ရသည်။

ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ သန်လျင်ကျောက်တန်း၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီးစေတီဘုရားများသို့ နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ကားကြီး ကားငယ်ဖြင့် နေ့စဉ်ပြတ်သည်ဟူ၍ မရှိချေ။

ဆူးလေစေတီတော်သို့ လာရောက်ကြသော နိုင်ငံခြားခရီးသွားဧည့်သည်များ အဖို့ စေတီတော်ဝန်းကျင်ရှိ လူမှုဘဝပုံရိပ်များ၊ ရှေးဟောင်းအဆောက်အအုံများကို ကြည့်ရှု၍ မှတ်တမ်းတင်ကြသည်။

စာရင်းဇယားကိန်းဂဏန်းဖြင့်ဖော်ပြရပါမူ ရွှေတိဂုံစေတော်ကြီးသို့ နိုင်ငံခြားဧည့်သည်ဝင်ရောက်မှုမှာ ပြီးခဲ့သော လေးနှစ်တာ သက်တမ်းတစ်လျှောက်လုံး ဒီရေပမာ တိုးတက်မြင့်မားလာခဲ့သည်။

ပြီးခဲ့သော ၂၀၀၈/ ၂၀၀၉/ ၂၀၁၀ ခုနှစ် သုံးနှစ်၌ နိုင်ငံခြားခရီးသွားဧည့်သည် စုစုပေါင်း ၃၆၆၉၀၆ ဦးတက်ရောက်ခဲ့ပြီး ၂၀၁၁ခုနှစ် တစ်နှစ်အတွင်း တက်ရောက်ကြည်ညိုမှုမှာ ၂၂၅၃၈၁ ဦးရှိခဲ့ပြီး ၂၀၁၂ ခုနှစ်တွင်မူ ၅၇ နိုင်ငံမှ နိုင်ငံခြားခရီးသွားဧည့်သည် ၃၄၅၃၃၃ ဦး တက်ရောက်ကြည်ညိုလေ့လာမှုရှိခဲ့ကြောင်း သိရသည်။

ဤသို့ဝင်ရောက်မှုကြောင့် ဧည့်ဝင်ကြေးအဖြစ် စေတီတော်ကြီးအတွက် အလှူငွေအမေရိကန်ဒေါ်လာ ၁၄၅၁၃၉ နှင့် FEC ၈၃၁၃၆ ရရှိခဲ့သည်ဟု ဆိုသည်။

ထူးခြားမှုတစ်ရပ်အနေဖြင့် ယခင်က အလာကျဲခဲ့သော ဗြိတိန်၊ ပြင်သစ်၊ ရုရှား နိုင်ငံများမှ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာကြောင်း မှတ်တမ်းအရသိရပြီး ပြီးခဲ့သောနှစ်က ဗြိတိန်မှ ၁၁၇၇၁ ဦး၊ ပြင်သစ်မှ ၁၅၃၈၆ ဦး၊ ရုရှားမှ ၆၈၀၁ ဦး ဝင်ရောက်မှုရှိနေကြောင်း သိရသည်။

အရောင်းအဝယ် မတွင်ကျယ်သဖြင့် ဘုရင့်နောင်တွင် အခန်းငှားရမ်းခ ဈေးမတက်

ရန်ကုန် ဇန်နဝါရီ ၁၁

ဘုရင့်နောင်ပွဲရုံ အခန်းငှားခများ ယခုနှစ်တွင် ဈေးနှုန်းများမြင့်တက်မှုမရှိဘဲ ငှားရမ်းမှုနည်းသဖြင့် အခန်းအချို့ပိတ်ထားခြင်း၊ ငှားရမ်းရန် စာတန်းများချိတ်ဆွဲထားခြင်းတို့ကို မြင်တွေ့လာရသည်ဟု လုပ်ငန်းရှင်များက ဆိုသည်။

ရန်ကုန်မြို့တွင် အိမ်ခြံမြေဈေးကွက် ငှားရမ်းခနှုန်းများ မြင့်တက်ခဲ့သော်လည်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ငှားရမ်းခများမှာ ၂၀၁၂ ခုနှစ်တွင် အရောင်းအဝယ်မတွင်ကျယ်သဖြင့် ဈေးနှုန်းမြင့်တက်လာမှုမရှိကြောင်း၊ ပွဲရုံဝင်းအတွင်း လက်လီလက်ကားရောင်းဝယ်မှု အစည်ကားဆုံးဖြစ်သော ရေတမာလမ်း၊ ကံ့ကော်လမ်းမနှင့် ယင်းမာလမ်းမကြား အပိုင်းသည် အခြားလမ်းပိုင်းများထက် ငှားရမ်းခနှုန်း သုံးဆခန့်ရှိရာ အရောင်းအဝယ်လုပ်ငန်း မကောင်းသည့်နှစ်တွင် အခန်းငှားရမ်းခ ပြန်လည်ရရှိရန်ပင် ခဲယဉ်းသည့်အတွက် ငှားရမ်းသည့် အချိန်ကာလကုန်ဆုံးသည့် အခန်းအချို့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်တွင် အခန်းပြန်အပ်နှံမှုများရှိခဲ့ပြီး ဇန်နဝါရီလ ပထမပတ်ကုန်သည်အထိ ထပ်မံငှားရမ်းဖွင့်လှစ်ခြင်းမရှိသေးသည်မှာ ထူးခြားမှုဖြစ်သည်ဟု ဘုရင့်နောင်ပွဲရုံဝင်းစဖွင့်ကတည်းက ယနေ့အထိ ပွဲရုံဖွင့်လုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

၂၀၁၃ မတိုင်မီကာလများတွင် တိုက်ခန်းငှားရမ်းလုပ်ကိုင်သူများအနေဖြင့် ငှားရမ်းစာချုပ် သက်တမ်းစေ့ရက်ပိုင်းတွင် တိုက်ခန်းငှားရမ်းခဈေးတက်တတ်သည်ကို အမြဲကြုံတွေ့ရလေ့ရှိကြောင်း၊ လုပ်ငန်းများ မကောင်းသည့်အတွက် ယခုနှစ်တွင် ယခင်ငှားရမ်းခနှုန်းအတိုင်းသာ ပေးရကြောင်း၊ ကံ့ကော်လမ်းမကြီး ဘုရင့်နောင်ဆိပ်ကမ်းအနီး လမ်းသွယ်ထောင့် ပေ (၂၀×၄၀) အပေါ်ထပ်၊ အောက်ထပ် ငှားရမ်းခကို ယခင်အတိုင်း တစ်လငွေကျပ် ငါးသိန်းနှုန်းငှားရမ်းရကြောင်း ယခုရက်ပိုင်းတွင် အခန်းငှားရမ်းမှုစာချုပ်အသစ်ချုပ်ဆိုသူလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အဆင်မပြေ

ပုံမှန်ငှားရမ်းခဈေးနှုန်း တစ်လလျှင် ငွေကျပ်လေးသိန်းဝန်းကျင်ရှိသော လမ်းသွယ်များတွင် အခန်းနေရာပြောင်းရွှေ့ခြင်းများရှိသော်လည်း အခန်းငှားရမ်းခများ ဈေးနှုန်းတက်မလာကြောင်း၊ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်က ပွဲရုံအရောင်းအဝယ်အခန်းများသာရှိခဲ့သော လမ်းသွယ်များတွင် ယခုအခါ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများရှိလာကြောင်း၊ ဂိတ်အတင်အချ ကုန်တင်ရန်မလိုသော ကားဂိတ်များသည် တစ်လငှားရမ်းခ ငွေကျပ်တစ်သိန်းဝန်းကျင်သာပေးရသော အပေါ်ထပ်များကိုသာ ငှားရမ်းဖွင့်လှစ်ကြကြောင်း၊ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကားဂိတ်ပေါင်း သုံးရာခန့်ရှိပြီး ဘုရင့်နောင်ပွဲရုံဝင်းပြင်ပဖြစ်သော ရန်ကုန်မြို့တွင်းအပါအဝင် လူနေရပ်ကွက်များတွင် ကားဂိတ်ပေါင်း သုံးဆယ်ဝန်းကျင် ဖွင့်လှစ်ထားကြောင်း၊ ဘုရင့်နောင်ပြင်ပတွင် ဖွင့်လှစ်သည့်အတွက် အခန်းငှားခသက်သာခြင်း၊ ဂိတ်ကုန်ရရှိမှုလွယ်ကူခြင်းရှိသော်လည်း ကားဂိတ်ရှိသောရပ်ကွက်များတွင် ယာဉ်ပိတ်ဆို့မှုများအပါအဝင် အဆင်မပြေမှုများရှိသည်ဟု ရပ်ကွက်တွင်းရှိ ပြည်သူများက ဆိုသည်။ **(ခင်ဆိုင်)**

ညောင်လေးပင်၊ ကျောက်တံခါးမြို့နယ်များ၌ စပါးဈေး ပြန်လည်မြင့်တက်

သတင်းနှင့်ဓာတ်ပုံ
ပိန်းဇလုပ်-သိန်းညွန့်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်များတွင် ဆန်စပါးဈေးကွက်မှာ ဒီဇင်ဘာလ နောက်ဆုံးအပတ် ဈေးကျ၍နေရာမှ ယခုလ ဇန်နဝါရီပထမအပတ်အတွင်း ဈေးပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။

ပုံမှန်ဈေးနှုန်း

ဒီဇင်ဘာ ၃၁ ရက်က တစ်တင်းလျှင် ၄၇ ပေါင်ကိုက်ဖြင့် ဧည့်မထစပါးဈေးမှာ ၃၀၀၀ ကျပ်၊ ၁၁၀ ဒသမ ၇၅ ပေါင်ကိုက်ဖြင့် ဆန်ကြမ်းတစ်အိတ်လျှင် ငွေကျပ် ၁၁၈၀၀ ဈေးရှိခဲ့သော ဆန်စပါးဈေးမှာ ယခု ဇန်နဝါရီ ၇ ရက်တွင် တစ်တင်းလျှင် ၄၆ ပေါင်ကိုက်ဖြင့် ဧည့်မထစပါး ငွေကျပ် ၃၂၀၀၊ ဆန်အရည်အသွေးပေါ်မူတည်၍ ၁၁၀ ဒသမ ၇၅ ပေါင်ကိုက် ဆန်ကြမ်းတစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၊ ၁၃၀၀၀ ပတ်ဝန်းကျင်သို့ ဈေးမြင့်တက်လာခဲ့ပြီး ဆန်အပိုထွက်ပစ္စည်းများဖြစ်သည့် ဆန်ကွဲ (၁၀၈)ပေါင်ကိုက် တစ်အိတ်လျှင် ငွေကျပ် ၈၉၀၀ရှိရာမှ ၉၁၀၀အထိ မြင့်တက်လာကာ အခြားဆန်ထွက်ပစ္စည်းများဖြစ်သည့်

ဖွဲ့နု၊ ဖွဲ့ကြမ်း၊ ပွိုင့်တို့မှာ ပုံမှန်ဈေးနှုန်းသာရှိကြောင်း သိရသည်။

"ဆန်စပါးဈေးက လှောင်လက်တွေဝယ်ယူမှု၊ တပ်မတော်ရှိ ရိက္ခာအတွက်ဝယ်ယူမှုနှင့် တရုတ်ဘက်က အနည်းငယ်ဝယ်လက်တွေ အဝယ်လိုက်လာတာကြောင့် ပြန်လည်မြင့်လာတာပါ။ ဒါပေမယ့် ဒီဇင်ဘာလနောက်ဆုံးပတ်က ဈေးကျနေတော့ ပွဲစားတွေလည်း ရတဲ့ဈေးနဲ့ ရောင်းကြတယ်။ ယခုရက်ပိုင်းအတွင်း ဆန်စပါးဈေးက အတက်ဘက်ကို ဦးတည်နေဦးမှာပါ။ စပါးရော၊ ဆန်ပါအဝယ်လိုက်လာတော့ တောင်သူတွေလက်ထဲမှာ စပါးတော့နည်းသွားပြီ။ ယခုလို စပါးဈေးကောင်းရရင် တောင်သူတွေအတွက် အဆင်ပြေနိုင်တယ်" ဟု ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စုနေ ဆန်စပါးရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။

အာလူးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုး တွက်ခြေကိုက်

ပခုက္ကူ ဇန်နဝါရီ ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ညောင်ပင်လှကျေးရွာအုပ်စု နတ်အင်းချောင်းသဲမြေနုပေါ်တွင် အာလူးစိုက်ပျိုးခြင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အာလူးကို ဆောင်းသီးနှံအဖြစ် သီတင်းကျွတ်လပြည့်ကျော်မှ စတင်၍ တစ်ပင်နှင့်တစ်ပင်အကြား ရှစ်လက်မခန့်ခွာ၍ စိုက်ပျိုးပြီး တစ်လအကြာတွင် ပေါင်းရှင်း၊ ကြားလိုက်ခြင်းများ ပြုလုပ်ပေးရသည်။ မြေဩဇာအဖြစ် နွားချေး၊ ယူရီးယား၊ တီစူပါ စသည်တို့ကို အချိုးကျကျရောစပ်၍ ကြားလိုက်ထားသည့် အပင်ခြေရင်းများတွင်ထည့်ပေးရသည်။ အာလူးအပင် ရက်ပေါင်း ၅၀ အကြာတွင် စတင်ဥသည်။ အာလူးပင် သက်တမ်းသုံးလအကြာတွင် အရွက်များဝါလာပြီး အာလူးဥများရင့်နေပြီဖြစ်သည်။

ပြီးခဲ့သည့်နှစ် အိုတူးဘီမုန်တိုင်းကြောင့် မြေနုများ ရေနောက်သို့မျောပါပျက်စီးခဲ့သဖြင့် အာလူး အထွက်နည်းကာ အရှုံးပေါ်ခဲ့ရကြောင်း၊ ယခု ထိုင်ဝမ်အာလူးမျိုးစိုက်ပျိုးထားကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချနေကြောင်း၊ အာလူး(အထူး)တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၊ (ရှယ်)တစ်ပိဿာငွေကျပ် ၈၀၀၊အသေးအကြီးရောရာ တစ်ပိဿာ ငွေကျပ် ၆၀၀ဈေး ရောင်းချရကြောင်း ပုတီးတွင်းကျေးရွာမှ တောင်သူတစ်ဦးက ပြောကြားသည်။အာလူးသည် အာဟာရဓာတ်ကြွယ်ဝသည့် စားသုံးသီးနှံဖြစ်ရာ လူတိုင်းစားသုံးလျက်ရှိကြသည်။ နေ့စဉ်အာလူးစားသုံးပါက ကင်ဆာဖြစ်စေနိုင်သော ကလာပ်စည်းများကို ဟန့်တားနိုင်ကြောင်း၊ အစာအိမ် အနာပေါက်ခြင်း၊ ဝမ်းချုပ်ခြင်းဖြစ်ပါက အာလူးစိမ်းဓာတ်စာရည်စားသုံးရကြောင်း ဂျာမန်ဆေးကျမ်းများ၌ ဖော်ပြထားသည်။ အာလူးသည် ဆေးဖက်ဝင်ပြီး အာဟာရကြွယ်ဝသော စားသုံးသီးနှံဖြစ်ရာ တစ်နိုင်တစ်ပိုင်ဖြစ်စေ၊ မိသားစုစီးပွားရေးလုပ်ငန်းအဖြစ်ဖြစ်စေ စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတွက်ခြေကိုက်မည့် သီးနှံပင်ဖြစ်ကြောင်း သိရသည်။ **(၁၀၂)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ဘူတန်နိုင်ငံသို့ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် ဆရာဝန်များစေလွှတ်ရန်
လျှောက်လွှာခေါ်ယူခြင်း

၁။ ဘူတန်နိုင်ငံသို့ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် တာဝန်ထမ်းဆောင်ရန် အထူးကုဆရာဝန်များ စေလွှတ်ပေးနိုင်ရေးကို ဘူတန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ကမ်းလှမ်းလာပါသည်။ သို့ပါ၍ အောက်ဖော်ပြပါ အထူးကုဘာသာရပ်များကို လျှောက်ထားလိုပါက ၁၈-၁-၂၀၁၃ ရက်တွင် အသက်(၅၀)ထက် မကြီးသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။

၂။ အထူးကုဘာသာရပ်များဖြစ်သည့်
- (က) **အထွေထွေဆေးပညာ**
- (ခ) **သားဖွားမီးယပ်ပညာ**
- (ဂ) **ခွဲစိတ်ကုပညာ**
- (ဃ) **ကလေးဆေးပညာ**
- (င) **မေ့ဆေးပညာ**
- (စ) **နား၊နှာခေါင်း၊လည်ချောင်းရောဂါပညာ**

အထက်ဖော်ပြပါ ဘာသာရပ်များအတွက် လျှောက်ထားလိုသူများ၏ အရည်အချင်းသတ်မှတ်ချက်မှာ-

(၁) ဆေးပညာ မဟာသိပ္ပံဘွဲ့ရပြီး လက်ထောက်ဆရာဝန်(အထူးကု)၊ အထူးကုဆရာဝန်နှင့် ကထိက/လက်ထောက်ကထိကရာထူး ရရှိပြီးသူများဖြစ်ရမည်။

၃။ သို့ပါ၍ လျှောက်ထားလိုသူများသည် မိမိဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ ၁၈-၁-၂၀၁၃ ရက် နောက်ဆုံးထားပြီး လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်း အထောက်အထားများ ဓာတ်ပုံငါးပုံပူးတွဲလျက် လျှောက်ထားနိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။ လျှောက်လွှာပိတ်ရက်ကျော်လွန်ပြီးမှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ သီးခြားလျှောက်လွှာပုံစံမရှိပါ။ လျှောက်လွှာတွင် အောက်ပါအချက်များ ပါဝင်ရမည်-
- (က) **အမည်၊ မှတ်ပုံတင်အမှတ်၊ လက်ရှိရာထူး/ဌာန၊အမြဲတမ်းလိပ်စာနှင့် ဖုန်းနံပါတ်၊ ဆက်သွယ်ရန် လိပ်စာနှင့်ဖုန်းနံပါတ်**
- (ခ) **မွေးသက္ကရာဇ်နှင့်အသက်**
- (ဂ) **ပညာအရည်အချင်း**
- (ဃ) **အစိုးရဝန်ထမ်းအဖြစ် အမှုထမ်းသက် မှတ်တမ်းအပြည့်အစုံ**
- (င) **လျှောက်ထားလိုသည့် အမျိုးအစား/ဘာသာရပ်**

၅။ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအား လူတွေ့စစ်ဆေးမှုခံယူရန် အကြောင်းကြားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးရန် လာရောက်သတင်းပို့ပါက လိုအပ်သော အထောက်အထားမူရင်းများကိုလည်း တစ်ပါတည်းယူဆောင်လာရန် ဖြစ်ပါသည်။ သီးခြားခေါ်စာ ပေးပို့မည်မဟုတ်ပါ။

၆။ အသေးစိတ်မေးမြန်းစုံစမ်းသိရှိလိုပါက ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ စကားပြောကြေးနန်းအမှတ် ၀၆၇-၄၁၁၃၈၃၊ ၀၆၇-၄၁၁၃၉၀ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မီးအန္တရာယ် သတိပြုကာကွယ်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၆ရက် (စနေနေ့)တွင် ပြုလုပ်မည့် (၂၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်ဈေးနှုန်းလွှာ(တင်ဒါ)ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် တင်သွင်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာကို ၁၈-၁-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထားတင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များကို ဦးသက်လင်း (ကထိက) ဖုန်း-၀၉-၄၄၈၅၃၉၉၄၇ နှင့် ဦးမြင့်စိုး (မော်ကွန်းထိန်းအဆင့်-၂) ဖုန်း-၀၉-၈၃၀၅၁၈၇တို့သို့ စုံစမ်းနိုင်ပါသည်။

ဓာတ်ပုံနှင့်ဗီဒီယို စိစစ်ရေးဆပ်ကော်မတီ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ဘားအံတက္ကသိုလ်
အဋ္ဌမအကြိမ်မြောက်ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘားအံတက္ကသိုလ် အဋ္ဌမအကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်နှင့် ၂၇ ရက်များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် တင်ဒါတင်သွင်းလိုသူများသည် တင်ဒါပုံစံစည်းကမ်းတစ်စုံလျှင် ၂၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၈-၁- ၂၀၁၃ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၃။ တင်ဒါပုံစံများကို ဘားအံတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စာမေးပွဲနှင့်ဘွဲ့နှင်းဌာန ဖုန်း-၀၅၈-၂၃၃၄၃ တွင် စုံစမ်းနိုင်ပါသည်။

မှတ်ချက်- ဤဓာတ်ပုံရိုက်ကူးခွင့်သည် ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင် အစမ်းလေ့ကျင့်ပွဲနှင့် အခမ်းအနားကျင်းပသည့် ဘွဲ့နှင်းသဘင်ခန်းမအတွင်းနှင့် တက္ကသိုလ်ပရဝဏ်အတွင်း ဓာတ်ပုံရိုက်ကူးခွင့်နှင့်သာ သက်ဆိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ဘားအံတက္ကသိုလ်

❊ ပြည်သူ့လွှတ်တော်မှ

အဆိုပါထုတ်ပြန်ချက်မှာ ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခ အခြေအနေများကြောင့် နေ့စဉ်နှင့်အမျှ စစ်ဘေးဒဏ်ခံစားနေကြရသော ပြည်နယ်သူ ပြည်နယ်သားများအတွက်လည်းကောင်း၊ နှစ်ဖက်ထိခိုက်ဆုံးရှုံးရမှုများအတွက် လည်းကောင်း အချိန်နှင့်အမျှ စိတ်မချမ်းမြေ့ဖွယ်ရာ ကိစ္စရပ်များအဖြစ် တွေ့မြင်ခံစားနေရပါသည်။ မြန်မာနိုင်ငံသည် ပြည်သူ့ဆန္ဒကို အလေးထားသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ချီတက်နေပြီဖြစ်ပါသည်။ ယနေ့ကာလသည် မိမိတို့လိုလားချက်များကို လက်နက်ကိုင်တောင်းဆိုရမည့် ကာလမဟုတ်သကဲ့သို့ လက်နက်ကိုင်ပယ်ချရမည့်ကာလလည်း မဟုတ်တော့ပါ။ ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကို တွေ့ဆုံညှိနှိုင်းရေးဆိုသော လုပ်ငန်းစဉ်မပါရှိဘဲ မည်သည့်နည်းနှင့်မျှ ဖြေရှင်းနိုင်မည်မဟုတ်ပါ။ လက်ရှိပကတိအခြေအနေတွင် ဒေသတွင်းစစ်ရေးတင်းမာမှုအခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတော်အစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များနှင့် KIO/KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှ ကိုယ်စားလှယ်များ နှစ်ဖက်မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးရေးအတွက် ခက်ခဲမှုများရှိနေကြကြောင်း သိရှိရပါသည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှု အလှမ်းကွာဝေးသည်ထက် ကွာဝေးပြီး နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများ၏ စစ်ရေးပြင်ဆင် တည်ဆောက်မှုများကြားတွင် ပြည်နယ်သူ ပြည်နယ်သားများမှာ စိုးရိမ်ထိတ်လန့်မှုကြီးစွာနှင့် များပြားသော ဒုက္ခများကို ခံစားပြီး ရပ်တည်နေကြရပါသည်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခပြဿနာများကို နှစ်ဖက်တာဝန်ရှိသူများ မျက်နှာချင်းဆိုင် တွေ့ဆုံညှိနှိုင်းဆွေးနွေးကြရန်အတွက် ခက်ခဲမှုရှိနေစဉ်ကာလအတွင်း ပွင့်လင်းမြင်သာသော Electronic On-line ဆွေးနွေးမှုများကို အများပြည်သူထင်သာမြင်သာရှိရန် ထုတ်ပြန်ခြင်းများဖြင့်လည်းကောင်း၊ ပြည်သူ့ထံမှ ထွက်ပေါ်လာသော ပြည်သူ့ဆန္ဒများကို အလေးအနက်ထားကြသည့် နှစ်ဖက်ဆွေးနွေးမှုများဖြင့် နားလည်မှုများ တည်ဆောက်၍ ယုံကြည်မှုများကို ဖော်ဆောင်ကာ စစ်ရေးအရှိန်တင်းမာနေမှုများအား လျှော့ချပြီး ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းကို တည်ဆောက်ပေးကြပါရန် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် KIO/KIA သို့ ပြည်သူ့လွှတ်တော်က တိုက်တွန်းအပ်ပါသည် ဟူ၍ဖြစ်သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေက "ယနေ့အချိန်အခါဟာ ပြည်သူ့ဆန္ဒနဲ့အညီ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေတဲ့ကာလဖြစ်တဲ့အလျောက် လက်နက်ကိုင် ပဋိပက္ခများဟာ ဒီမိုကရေစီဖော်ဆောင်ရေးမှာ အဟန့်အတား၊ အနှောင့်အယှက်တစ်ခု ဖြစ်ပါတယ်၊ ကချင်ပြည်နယ် လူထုရဲ့ လိုအပ်ချက်ဟာ ထာဝရငြိမ်းချမ်းရေးပဲဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့တွေ အကြိမ်ကြိမ် ဆွေးနွေးခဲ့သော်လည်း အခုအချိန်အထိ ယုံကြည်မှုမတည်ဆောက်နိုင်သေးဘဲ စစ်ရေးအရှိန်မြင့်တက်လာတာကို တွေ့နေရပါတယ်၊ ဒါကြောင့် ဦးသိန်းစိန်ရဲ့ အဆိုအတိုင်း ဆောင်ရွက်သင့်ပါတယ်" ဟု ထောက်ခံပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ အရ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးတာဝန်ကို လွှတ်တော်အခွင့်အရေးကော်မတီက ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသဖြင့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီ၏ တာဝန်များအားယနေ့မှစ၍ လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားရန်နှင့် ယခင်က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်းဖြင့် အသိပေးပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် (၁၄)ဦးဖြင့် ၂၀၁၁ခုနှစ် မတ် ၂၃ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး လွှတ်တော်အခွင့်အရေးကော်မတီကို အဖွဲ့ဝင်(၁၅)ဦးဖြင့် ၂၀၁၁ ခုနှစ် မတ် ၄ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

မေးခွန်းမေးမြန်းဖြေကြားခြင်းကဏ္ဍ၌ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက **ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် စပ်လျဉ်း၍သိရှိလိုကြောင်း** မေးမြန်းခဲ့ရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က မဟာမဲခေါင်ဒေသခွဲတစ်လျှောက် စီးပွားရေးဖွံ့ဖြိုးလာမည့်ကိစ္စကို ရည်ရွယ်လျက် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံတို့သည် ၂၀၀၈ ခုနှစ် မတ် ၁၉ ရက်တွင် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထိုအခြေခံအရ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းစတင်ပေါ်ပေါက်ခဲ့ပါကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ ရရှိသော ခေတ်မီနည်းပညာများ၊ စီမံအုပ်ချုပ်မှု၊ ဈေးကွက်တည်ဆောက်မှု၊ ဈေးကွက်ထိုးဖောက်မှုအစရှိသော အတတ်ပညာနှင့် အတွေ့အကြုံများကို နိုင်ငံတစ်ဝန်း၌ ပျံ့နှံ့သွားမည်ဖြစ်ရာ နိုင်ငံအတွင်း ကျန်ဒေသများ၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများပီပြင်လာချိန်တွင် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်အတူ စီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တန်ဖိုးများကိုပါ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် စီစဉ်ထားပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အလားတူ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက **လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများ၏ လူမှုစီးပွားတိုးတက်ရေးကို စနစ်တကျအရှိန်အဟုန်မြင့် ဆောင်ရွက်ပေးပါရန်** နှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများအပေါ်တွင် စိုက်ပျိုးရေးအရ တွက်ခြေကိုက်မှုရှိပြီး ခိုင်မာသောဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဈေးကောင်းရမည့် မျိုးကောင်း မျိုးသန့်များအသုံးပြုခြင်း၊ ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များ အသုံးပြုရေး၊ အခြေခံသော့ချက်ကြီး (၅)ချက်နှင့်အညီ ဆောင်ရွက်သွားနိုင်ကြရေးအတွက် စဉ်ဆက်မပြတ်ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ တောင်သူများနှင့်အတူ ပူးပေါင်း၍ လယ်ကွင်းထဲ၌ စံနမူနာပြ စိုက်ခင်းများ ထူထောင်ခြင်းဖြင့် တွက်ခြေကိုက်သော ဈေးနှုန်းများရရှိရေးအတွက် အစွမ်းကုန်ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးစရိတ်အရင်းအနှီး လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် စိုက်ပျိုးစရိတ် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ စပါးသီးနှံတစ်ဧကလျှင် ယခင်ကျပ် (၈)သောင်းနှုန်းမှ ကျပ်(၁)သိန်းနှုန်းသို့ ၂၀၁၃-၂၀၁၄ မိုးစပါးသီးနှံရာသီမှ စ၍လည်းကောင်း၊ ကြံသီးနှံတစ်ဧကလျှင် ယခင်ကျပ်(၁)သောင်းနှုန်းမှ ကျပ်(၁) သိန်းနှုန်းသို့ ၂၀၁၂-၂၀၁၃ ကြံစိုက်ရာသီမှစတင်၍လည်းကောင်း တိုးမြှင့်ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရရှိလာမည့် အရင်းအနှီးများကို လယ်ယာလုပ်ငန်းခွင်တွင် အမှန်တကယ်ရင်းနှီးမြှုပ်နှံကြရန်လည်း အရေးကြီးပါကြောင်း။

၂၀၁၁-၂၀၁၂ခုနှစ် မိုးစပါးရာသီနှင့် နွေစပါးရာသီတို့တွင် ပုလဲသွယ်စပ်မျိုးစပါးများနှင့် အခြားစပ်မျိုးစပါးများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် (၁၈၁၆၂)ဧက၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် (၅၇၈)ဧက၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၇၀၇၀)ဧက၊ ကချင်ပြည်နယ်တွင်(၅၈၇၈)ဧကနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် (၈၇၂၆)ဧက စုစုပေါင်း(၂၀၄၁၇၃)ဧက စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

သက်ဆိုင်ရာဒေသ၏ ရာသီဥတု၊ ရေခံမြေခံနှင့်ကိုက်ညီသော၊ ရာသီဥတုဒဏ်၊ ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် မိဘလိုင်းများ ပွားများနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ပြည်တွင်းပညာရှင်များ၊ ပြည်ပ ပညာရှင်များနှင့် သုတေသနလုပ်ငန်းအဆင့်နှင့်စီးပွားဖြစ်မျိုးစေ့ထုတ်ခြင်းအဆင့်တို့ကို စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ မျိုးကောင်း မျိုးသန့် မျိုးစေ့ထုတ်ကုမ္ပဏီများ ပေါ်ထွန်းလာရေးအတွက်လည်း ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က ကြံသီးနှံတစ်ဧကလျှင် တန် (၂၀) ထွက်ရှိရာမှ ယခုအခါ တန်(၆၀)ထွက်ရှိသဖြင့် (၃)ဆခန့်ပိုမိုထွက်ရှိလာခဲ့ပါကြောင်း၊ ယင်းမှာ တစ်သျှူးမျိုးပွားနည်းဖြင့် ပွားများထုတ်လုပ်သော ကြံမျိုးများကို တိုးတက်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါကြောင်း၊ တောင်သူများတွက်ခြေကိုက်မှုကြောင့် ကြံစိုက်ဧကများတိုးတက်လာပြီး ယခင်က ပြည်ထောင်စုချုပ်အနေဖြင့် စုစုပေါင်းအထွက်တန်ချိန် (၉ ဒသမ ၂)သိန်း ထွက်ရှိခဲ့ရာမှ ယခုနှစ်တွင် (၂၂ ဒသမ ၃)သိန်းအထိ ပိုမိုတိုးတက်စိုက်ပျိုးထွက်ရှိလာပါကြောင်း။

သွင်းအားစုဓာတ်မြေဩဇာထုတ်လုပ်ဖြန့်ဖြူးရေးလိုအပ်ချက်ကို နိုင်ငံပိုင်အခန်းကဏ္ဍမှ လုံလောက်မှုမရှိသဖြင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ နိုင်ငံပိုင်စက်ရုံများမှစွမ်းအားပြည့် တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

စိုက်ပျိုးရေးနည်းပညာပြန့်ပွားရေးအတွက် ဆန်စပါးအပါအဝင် သီးနှံအလိုက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို သင်တန်းခန်းမဓာတ်ခွဲခန်းမှသည် လယ်ကွင်းထဲအရောက် နည်းပညာပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးဘာသာရပ် လေ့ကျင့်ပညာပေးလုပ်ငန်းများကို အခြေခံပညာကျောင်းများ၌ပင် နက်ရှိုင်းစွာစတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ယနေ့ကာလအထိ မြန်မာ့ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်များဈေးနှိမ်ခံရခြင်းမှာ လယ်ယာသီးနှံများကို ကုန်ကြမ်းအဖြစ်သာ တင်ပို့နိုင်ခြင်းကြောင့်ဖြစ်ပါကြောင်း၊ ထို့သို့ ဈေးနှုန်းကောင်းမွန်စွာမရရှိခြင်းမှာ ဆင်းရဲနေရခြင်း၏ အဓိကအကြောင်းအရင်း ဖြစ်ပါကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်မည့် Finished Product နှင့် အဆင့်ဆင့် ကုန်ချောများထုတ်လုပ်မည့် ခေတ်မီကုန်ချောလုပ်စက်ရုံများ အပြည့်အဝ ပေါ်ထွန်းလာရေး စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း။

ဆန်မှထွက်ရှိသည့် ဘေးထွက်ပစ္စည်းများဖြစ်သော ဖွဲနုဆီကိုအသုံးပြုနိုင်ခြင်း၊ အကျိုးအကြေဆန်များကို ဆန်ကြာဆံ၊ ဆန်ခေါက်ဆွဲအဖြစ် ထုတ်လုပ်နိုင်ခြင်း၊ စပါးခွံကို လျှပ်စစ်စွမ်းအား အသုံးပြုနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်အတွက် ဘေးထွက်ပစ္စည်းများမှာ လွန်စွာအကျိုးရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နေပြည်တော် ကောင်စီနယ်မြေတွင် ၂၀၁၂ ခုနှစ် ဒီဇင်ဘာနှင့် ၂၀၁၃ ခုနှစ်အတွင်း ပုဂ္ဂလိက ခေတ်မီအဆင့်မြင့် တန် (၂၀၀) ဆန်စက်များ အလျင်အမြန်ပေါ်ထွက်လာရေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များပါဝင်ရင်းနှီးမြှုပ်နှံလာရေးကို စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကဏ္ဍအလိုက် တက်ညီလက်ညီအားလုံးပါဝင် ကူညီဆောင်ရွက်ခြင်းအားဖြင့် သယံဇာတနှင့် အခြေခံကောင်းများ ပြည့်စုံကြွယ်ဝသော နိုင်ငံတော်၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထို့အတူ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က **ရေကြီးနစ်မြုပ်လျက်ရှိသော မြို့နယ်ဒေသများအလိုက် ကာကွယ်ရမည့်နည်းလမ်းများကို လေ့လာစူးစမ်းတိုင်းတာ တွက်ချက်ဆောင်ရွက်မည့် အစီအမံများ ရှိ/မရှိနှင့် တောင်သူလယ်သမားများထံ အရန်မျိုးလက်ဝယ်ရောက်ရှိရေး အစီအမံများကို နိုင်ငံတော်က မည်ကဲ့သို့စီစဉ် ဆောင်ရွက်ထားသည်** တို့နှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ရာတွင် ဒုတိယဝန်ကြီး ဦးခင်ဇော်က ရေကြီးနစ်မြုပ်မှုကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ စူးစမ်းလေ့လာတိုင်းတာမှုများအရ ပဲခူးတိုင်းဒေသကြီးအတွင်း စီမံကိန်း(၇)ခု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း စီမံကိန်း(၃)ခု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံကိန်း(၄)ခု၊ ရခိုင်ပြည်နယ်တွင် စီမံကိန်း(၁)ခုနှင့် မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်အတွင်းရှိရေဘေးကာကွယ်ရေးနှင့် ရေငန်တားတမံများ တောင့်တင်းခိုင်မာအောင် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း။

ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်တတ်သည့် ဒေသများတွင် မျိုးစပါးလိုအပ်ချက်များကို အလွယ်တကူရရှိ ဖြည့်ဆည်းပေးနိုင်ရန် မျိုးသန့်ဇုန်များ တည်ထောင်၍ သက်တမ်းတိုအထွက်ကောင်း စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်ရေးကိုလည်း နှီးဆော်တိုက်တွန်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း မိုးရွာသွန်းမှုများသဖြင့် မိုးစပါး (၂၇၈၅၈၂)ဧက ရေကြီးနစ်မြုပ်ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး မိုးစပါးပြန်လည်စိုက်ပျိုးရန် အချိန်မီသည့် (၂၀၉၀၃၀)ဧကကို မိုးစပါးများ အချိန်မီရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ကျန်ပျက်စီးသည့်ဧကများတွင် မိုးစပါးအစား ဆောင်းသီးနှံကိုသာ စိုက်ပျိုးရန် စီမံဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်က (၁၇၄၃၇၉) တင်း၊ ဧရာဝတီတိုင်းဒေသကြီးက(၁၂၉၅၈)တင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက(၁၉၃၀)တင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းက(၂၉၅၀၀) တင်း၊ ဆန်ကုန်သည်ကြီးများအသင်းက တင်း (၁၀၀၀)၊ Care Myanmar NGO အဖွဲ့က တင်း(၁၀၀၀၀)၊ ပုဂ္ဂလိက လှူဒါန်းသူများက တင်း(၂၀၀)၊ အာမိုကုမ္ပဏီက တင်း(၅၀၀)၊ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီက တင်း (၄၀၀) စုစုပေါင်း (၂၃၀၈၆၇)တင်းကို ယခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးလိုအပ်ချက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးသို့ (၁၃၅၄၄၆)တင်း၊ ရန်ကုန်တိုင်းဒေသကြီးသို့(၁၈၃၁၈)တင်း၊ ပဲခူးတိုင်းဒေသကြီးသို့(၇၁၉၃၃)တင်း၊ ကရင်ပြည်နယ်သို့ (၅၁၇၀)တင်းထောက်ပံ့ကူညီခဲ့ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယင်းဖြေကြားချက်အပေါ် မေးခွန်းရှင် ဦးသောင်းဟန်က "အခုဖြေကြားချက်ဟာ ကျေနပ်အားရဖွယ်ရှိပါတယ်၊ ကျွန်တော့်ထက် တောင်သူလယ်သမားတွေကို ပိုမိုဝမ်းသာကျေနပ်စေချင်ပါတယ်၊ ၂၀၁၃- ၂၀၁၄ ဘတ်ဂျက်မှာ တင်ပြထားပြီးဖြစ်ကြောင်း သိရှိရတဲ့အတွက် ဆောင်ရွက်မယ့် လက်တွေ့ဖော်ဆောင်မှုကို စောင့်ကြည့်လေ့လာသွားမှာဖြစ်ပါတယ်၊ ရေကြီးနစ်မြုပ်မှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်မယ်လို့ ယူဆပါတယ်၊ မေးရကျိုးလည်းနပ်ပါတယ်၊ မျိုးစပါးအရေးပေါ်အတွက် နိုင်ငံတော်ကလည်း ထိထိရောက်ရောက် ထောက်ပံ့ပေးဖို့တာဝန်ရှိတယ်လို့ ခံယူမိပါတယ်၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မေးခွန်းတွေ ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

အမျိုးသားလွှတ်တော်က အတည်ပြုချက်ဖြင့်ပေးပို့သော **တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ဆုံးဖြတ်ချက် အမှတ်(၂/၂၀၁၁)နှင့်အညီ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် အဆင့်အတန်းတူညီစွာ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ခံစားခွင့်ပြုနိုင်ရန် ရည်ရွယ်၍ အဆိုပါဥပဒေကြမ်းကို တင်သွင်းခြင်းဖြစ်ကြောင်းနှင့် ယင်းဥပဒေကြမ်းတွင် ပုဒ်မ(၇)ခု ပါရှိကြောင်း သိရသည်။

ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မွန်းလွဲပိုင်းတွင်ရပ်နားခဲ့ပြီး အစည်းအဝေး တတိယနေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❊ အမျိုးသားလွှတ်တော်မှ

ဖြစ်စဉ်အရဆိုလို့ရှိရင် အခုမုံရွာမှာရှိနေတာလည်း သဘာဝကျတယ်လို့ ကျွန်တော်မြင်တယ်။ တကယ်တော့ အရင်တုန်းက စစ်ကိုင်းမှာနေကြတဲ့ ပုဂ္ဂိုလ်အနေအထားနဲ့တော့ မိမိရဲ့ဒေသအခြေခံစိတ်ဓာတ်အရ ကိုယ့်ဒေသကိုယ် ပြန်လည်ရောက်ချင်တာကိုလည်း ကျွန်တော်စာနာပါတယ်။ တကယ်တမ်း ယခုလက်ရှိ အနေအထားမျိုးအတိုင်းဆိုရင် အသားလည်းကျပြီးသား၊ နိုင်ငံရဲ့ ဒီဘတ်ဂျက်တွေနဲ့ စီမံကိန်းကိုလည်း လုပ်ထားပြီးသား ဖြစ်နေပြီးတော့ သဘာဝနဲ့ ဆက်သွယ်ရေးလမ်းကြောင်းအရ အခုမုံရွာမှာရှိနေတာဟာလည်းပဲ ကျွန်တော်ကသင့်လျော်ပါတယ်လို့ မြင်ပါတယ်"ဟု ၎င်း၏အမြင်ကိုပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော **လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွှန့်က မူလဥပဒေတွင် ပါဝင်သည့် လာဘ်ပေးလာဘ်ယူမှုဆိုသည့် စကားရပ်ကိုသာ ခေါင်းစဉ်မှစ၍ ဥပဒေကြမ်းတစ်ခုလုံးတွင် ပြန်လည်ပြဋ္ဌာန်းသင့်ပါသည်ဟု ဆွေးနွေးခဲ့ပါကြောင်း၊ ဦးမန်းကံညွှန့်၏ တင်ပြချက်များသည် ကျိုးကြောင်း ညီညွတ်သည့်အတွက် ဥပဒေကြမ်းကော်မတီက လက်ခံရန်နှင့် အဆိုပါအချက်မှအပ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့် ဥပဒေကြမ်းပါ ဖော်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ဆွေးနွေးမည့် ကိုယ်စားလှယ်မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကိုလက်ခံရန် သဘောတူညီခဲ့ပါကြောင်း။

သို့ပါ၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသော လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်းအပေါ် လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်များသည် ကျိုးကြောင်း ညီညွတ်မှုရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အတည်ပြု ဆောင်ရွက်နိုင်ပါရန်ဖြစ်ကြောင်း ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန် လွှတ်တော်ကဆုံးဖြတ်ပြီး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်များအား ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက **မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာ နည်းဥပဒေများ**နှင့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများကို** ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက **မြို့နယ်အသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများကို အစိုးရဌာနဆိုင်ရာများ၏ လုပ်ငန်းများနှင့် စပ်လျဉ်းသည့်ပြည်သူများအတွက် သတင်းအချက်အလက် စုံစမ်းရေးဌာနများ (Public Information Center) များအဖြစ် ထူထောင်ပေးသွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦးက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒကို ရယူရာ သဘောမတူသည့် လွှတ်တော် ကိုယ်စားလှယ်ရှိသည့်အတွက် မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ ဆန္ဒကို ရယူရာ မတ်တတ်ရပ်ပြသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ ၄၀ ဦးနှင့်အထက်ရှိသည့်အတွက် အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က "ဒီမိုကရေစီနိုင်ငံတော်တော်များများမှာအစိုးရရဲ့ Information ကို ချက်ချင်း Press Release လုပ်တာရှိတယ်။ အဲဒီပုံစံမျိုးနဲ့သွားကြတာကိုဆိုတော့ Public Information Center က အများအားဖြင့် ဆိုရှယ်လစ်နိုင်ငံတွေမှာ များပါတယ်၊ ကွန်မြူနစ်နိုင်ငံတွေမှာကျတော့ ဒီဟာကိုဝါဒဖြန့်ချိရေး လက်နက်တစ်ခုအဖြစ် အသုံးချသွားတာမျိုးရှိတယ်လေ။ ကျွန်တော်တို့နိုင်ငံ မီဒီယာလောကကလည်း ပွင့်လင်းလာပြီ။ ဒီမိုကရေစီနိုင်ငံပီပီ ပြည်သူတွေပိုင်တဲ့ သတင်းစာတွေလည်း မကြာခင် ဧပြီလကစပြီး ထုတ်မယ်လို့ သိရတယ်။ Information နဲ့ပတ်သက်လို့ မီဒီယာလောကဟာ ပွင့်လင်းလာတော့မယ်ဆိုတဲ့ အခါကျတော့ အစိုးရရဲ့ကဏ္ဍကို ဘက်ပေါင်းစုံက ကျွန်တော်တို့က မီဒီယာလုပ်ကွက်က စုံစမ်းစစ်ဆေးနိုင်တာပေါ့နော်။ အဲဒီတော့ မီဒီယာတစ်စောင်ကို ကြည့်ချင်းအားဖြင့် နေ့စဉ်နဲ့အမျှ ဆောင်ရွက်တဲ့ အစိုးရရဲ့ လုပ်ငန်းရယ်၊ နိုင်ငံရေးပါတီတွေရဲ့ လုပ်ငန်းရယ်၊ တခြားလူမှုရေးအဖွဲ့အစည်းတွေရဲ့ လုပ်တဲ့လုပ်ငန်းတွေကို သိနိုင်တယ်လေ။ ဒီ Center မှာ သွားပြီးတော့ Information သွားရှာရတဲ့ ဒုက္ခကင်းတာပေါ့၊ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဦးမြတ်ဉာဏစိုးရဲ့အဆိုကို ကန့်ကွက်ခဲ့တာပါ"ဟု ၎င်း၏အမြင်သဘောထားကို ပြောကြားသွားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) မှ ဦးပေါလ်ထန်ထိုင်းက **ဝေးလံခေါင်းပါး၍ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအားဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှိန်က ထောက်ခံဆွေးနွေးသည်။

အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကို ရယူရာ သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ပြီး မွန်းတည့် ၁၂ နာရီတွင် အစည်းအဝေးကျင်းပပြီးစီးသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟန်ဂေရီနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ဟန်ဂေရီနိုင်ငံသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအပေါ် ခိုင်မာစွာထောက်ခံ

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လွှတ်တော်ရေးရာဝန်ကြီး မစ္စတာ ဆော့လ်နီမန့်သ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၊ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီး H.E.Mr. Denes TOMAJ နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပြောကြား

တွေ့ဆုံရာတွင် ဧည့်သည်တော်ဝန်ကြီး မစ္စတာ ဆော့လ်နီမန့်သ်က ပြောကြားရာ၌ ဟန်ဂေရီနိုင်ငံသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအပေါ် ခိုင်မာစွာ ထောက်ခံကြောင်းကို သက်သေပြသည့်အနေဖြင့် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူမည့်အချိန်၌ ဟန်ဂေရီနိုင်ငံက လိုအပ်သည့် အကူအညီများကို ပံ့ပိုးပေးရန်ဆန္ဒရှိကြောင်း၊ ဟန်ဂေရီနှင့်မြန်မာ နှစ်နိုင်ငံ လွှတ်တော်နှစ်ရပ်အကြားစွမ်းရည်မြှင့်တင်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပွင့်လင်းစွာဆွေးနွေး

ဆက်လက်၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများအား အပြီးတိုင် ရုပ်သိမ်းဖယ်ရှားရေးဆိုင်ရာ ကိစ္စရပ်များ၊ GSP အစီအစဉ် ရရှိရေးကိစ္စရပ်များ၊ ဆေးပညာ၊ရေအသုံးချမှုစိုက်ပျိုးရေး၊ အင်ဂျင်နီယာဘာသာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြစ်ကြောင်း ထိန်းသိမ်းရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

❐ *ရှေ့ဖုံးမှ*

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်စပြုနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ပြည်တွင်းရှိ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ထိခိုက်နစ်နာမှုမရှိစေရအောင်၊ ယှဉ်ပြိုင်မှုစွမ်းအားများ မြင့်မားတိုးတက်လာအောင်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ စွမ်းဆောင်ရည်နှင့် ထုတ်လုပ်မှုစွမ်းအားများ တိုးတက်လာအောင် ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းများထိထိရောက်ရောက် ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရက ချမှတ်ထားသည့် စီးပွားရေးမူဝါဒတွင် ပြည်သူများ၏ လူမှုစီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အချက်ပါဝင်ပါကြောင်း၊ ပြည်သူလူထု စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထုလုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းအားလုံး တိုးတက်အောင် အားပေးမြှင့်တင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံမှ စက်မှုထွန်းကားသည့် နိုင်ငံအဖြစ် တက်လှမ်းရန် ကြိုးစားဆဲဖြစ်သည့်အပြင် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးမှု နောက်ကျနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းအများစုကို ပြန်ကြည့်လျှင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသာလျှင် အများဆုံးဖြစ်ပါကြောင်း၊ မိမိတို့ထူထောင်ထားရှိပြီးဖြစ်သည့် စက်မှုဇုန်အသီးသီးကို လေ့လာကြည့်လျှင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသာဖြစ်ပါကြောင်း။

ယနေ့နိုင်ငံ့စီးပွားရေး ယန္တရားလည်ပတ်အောင် စွမ်းဆောင်ပေးနေခြင်းသည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသာဖြစ်၍ စီးပွားရေးလုပ်ငန်းပြောင်းလဲတိုးတက်အောင် ဆောင်ရွက်နေသည့် ယခုကဲ့သို့ အချိန်အခါမျိုးတွင် ယင်းစီးပွားရေးလုပ်ငန်းများ ရှင်သန်တိုးတက်ဖွံ့ဖြိုးအောင် အားပေးဆောင်ရွက်ရန် လိုအပ်လာခြင်းကြောင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို မိမိက ဦးဆောင်ပြီး လုပ်ငန်းကော်မတီကို ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဦးဆောင်ဖွဲ့စည်း အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများကလည်း ကော်မတီများ၊ ဆပ်ကော်မတီများ ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကျောရိုးမဏ္ဍိုင်သဖွယ် အရေးကြီးသည်ကို အသိအမှတ်ပြုကြပြီး အားပေးမြှင့်တင်လျက်ရှိကြပါကြောင်း၊ ယခင်ကလည်း စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လက်အောက်တွင် လုပ်ငန်းကဏ္ဍအမျိုးမျိုး Cluster များခွဲပြီး အားပေးခဲ့ပါကြောင်း။

သို့ရာတွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများထဲတွင် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ လက်လီလက်ကားကုန်စည်ရောင်းဝယ်မှုများနှင့် အခြားသော စီးပွားရေးလုပ်ငန်းမှန်သမျှ ကျယ်ပြန့်စွာပါဝင်နေခြင်းကြောင့် ယခုကဲ့သို့ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ ကျယ်ကျယ်ပြန့်ပြန့်ဖွဲ့စည်းရမည်ဖြစ်သကဲ့သို့ လိုအပ်မည့် လုပ်ငန်းကဏ္ဍနယ်ပယ်အလိုက် Cluster အသင်းအဖွဲ့များတိုးချဲ့ဖွဲ့စည်းရန်လုပ်ငန်းကော်မတီက ဆက်လက်စီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်းတွင် ပါဝင်ပြီး လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အတိုင်း လိုက်ပါဆောင်ရွက်ရမည် ဖြစ်သည့်အတွက် စီးပွားရေး အရှိန်အဟုန်ရပြီးဖြစ်သည့် အခြားအိမ်နီးချင်း နိုင်ငံများထက်စာလျှင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်ရန် လိုအပ်ပါကြောင်း၊ အဘယ်ကြောင့်ဆိုသော်တစ်ဖက်တွင် အခြားနိုင်ငံထက် စီးပွားရေးနောက်ကျ ကျန်နေသည့် အခြေအနေမှ စီးပွားရေး ဦးမော့တိုးတက်လာအောင်နည်းပညာနှင့် အရင်းအနှီး လိုအပ်သည့်အတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရမည်ဖြစ်သော်လည်း ပြည်တွင်း၌ရှိပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲမှုမရှိအောင် အားပေးမြှင့်တင်ရန်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အရ ကုန်စည်နှင့်ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွာ စီးဝင်ခွင့်ပေးရသည့်အခါ ပြည်တွင်းမှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲမှုမရှိအောင် အားပေးမြှင့်တင်ရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒချမှတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆ အရ အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေး အင်အားစုများအား အားပေးမြှင့်တင်ရာတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားအားပေးမြှင့်တင်ရန်၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများကြောင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ထိခိုက်ပြိုလဲခြင်းမရှိရေး ကာကွယ်တားဆီးရန်နှင့် ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဈေးကွက်များသို့ ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အထောက်အကူပြုစီးပွားရေး ကုန်ထုတ်လုပ်ငန်းများအဖြစ် အားပေးမြှင့်တင်ရန်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အရ စီးဝင်လာမည့် ကုန်စည်၊ ဝန်ဆောင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများအား ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် အားပေးမြှင့်တင်ရန်၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ငွေကြေးအရင်းအနှီးရရှိရေးအတွက် ဘဏ်များနှင့် ငွေချေးလုပ်ငန်းများ အားပေးမြှင့်တင် ကူညီပံ့ပိုးရန်၊ နည်းပညာနှင့်အရင်းအနှီး ရရှိရေးအတွက် ပြည်တွင်းပြည်ပနိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊ ဈေးကွက်ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ချိတ်ဆက်နိုင်ရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအား မြှင့်တင်အားပေးရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး အားပေးမြှင့်တင်ရန်၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်နှင့် သုတေသနလုပ်ငန်းများ မြှင့်တင်ပြီး အတားအဆီးအခက်အခဲများဖယ်ရှား၍ လွယ်ကူချောမွေ့အောင် အားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း။

အဆိုပါအသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများအပေါ်တွင် မူတည်ပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြန်လည်သုံးသပ်ပြုစုပြဋ္ဌာန်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုလည်း အမျိုးသားစီမံကိန်းနှင့်မကြာမီရေးဆွဲပြဋ္ဌာန်းမည့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့နှင့် ဆီလျော်ကိုက်ညီအောင် လုပ်ငန်းကော်မတီက တာဝန်ယူရေးဆွဲပြဋ္ဌာန်းပြီး မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ဤနေရာတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအငယ်စား (Micro Enterprises) များကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီက တာဝန်ယူဆောင်ရွက်နေပြီဖြစ်သည့်အတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပြီး ဒေသနှင့်လုပ်ငန်းအလိုက် အုပ်စုများခွဲခြား အားပေးမြှင့်တင်သွားနိုင်အောင်၊ သတင်းအချက်အလက်များ မှန်ကန်အောင်၊ စုဆောင်းစီမံသွားကြရန် မှာကြားလိုပါကြောင်း။

လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံး၌ စက်မှုလက်မှုလုပ်ငန်း ပေါင်း ၁၂၉ ၅၈ခုရှိသည့်အနက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း ၁၂၆၂၃၇ ခု ရှိသည့်အတွက် ၉၉ ဒသမ ၄ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများအနက် စက်မှုဇုန်အသီးသီး၌ ၉၅၆၅ ခု၊ စက်မှုဇုန်ပြင်ပ၌ ၃၃၆၄၆ခု၊တိုင်း ဒေသကြီး/ ပြည်နယ်အသီးသီး၌ ၇၇၆၃ ခု၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ မှတ်ပုံတင်ထားသောလုပ်ငန်း ၁၃၂၆၃ ခု၊ မှတ်ပုံတင်ထားခြင်းမရှိသေးသော လုပ်ငန်း ၆၂၀၀၀ ခု ရှိပါကြောင်း။

ယခုထိ မှတ်ပုံတင်ထားခြင်းမရှိသေးသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း ၆၂၀၀၀ ခန့်ရှိနေသည့်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအား တာဝန်ပေးလိုသည်မှာ စာရင်းကိန်းဂဏန်းမှန်ကန်အောင် စာရင်းပြန်လည်ကောက်ယူပြီး လုပ်ငန်းကော်မတီသို့ တင်ပြရန်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ သက်ဆိုင်ရာဌာနများ ပူးပေါင်းပြီး အသေးစားနှင့် အလတ်စားသာမက အငယ်စားစီးပွားရေးလုပ်ငန်း စာရင်းဇယား၊ ကိန်းဂဏန်းများမှန်ကန်အောင် ကောက်ယူကြရန်၊ လုပ်ငန်းအရေအတွက် စာရင်းသာမက ကုန်ထုတ်လုပ်နိုင်မှု၊ ဈေးကွက်ရရှိမှု၊ အလုပ်အကိုင်ရရှိနိုင်မှုစသည့် သတင်းအချက်အလက်ပါ ကောက်ယူပြီး အောင်မြင်နေသော လုပ်ငန်း၊ သာမန်ဝင်ငွေရရုံသာရှိသော လုပ်ငန်းများ၊ ရပ်တည်ရန်ခက်ခဲလာသော မအောင်မြင်သည့် လုပ်ငန်းများ စာရင်းရယူ၍ အားပေးကူညီရန်လိုအပ်ချက်များကို သုံးသပ်ဖော်ထုတ်ဆောင်ရွက်ကြရန်၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အရ လွတ်လပ်စွာစီးဝင်လာမည့် ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင်ထုတ်လုပ်မှုစရိတ်၊ သယ်ယူစရိတ်မြင့်မားမှု၊ အခြားအတားအဆီးကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားနေမှုများ လျှော့ချရေး၊ ကုန်ပစ္စည်း အရည်အသွေးမြှင့်တင် ထုတ်လုပ်နိုင်ရေး၊ နယ်ပယ်အလိုက် အသေးစိတ်လေ့လာသုံးသပ်ပြီး လိုအပ်သော Task Force အဖွဲ့ ဖွဲ့စည်းစီမံသွားကြရန်၊ နည်းပညာနှင့် အရင်းအနှီးရရှိကူညီနိုင်ရေး၊ ပြည်တွင်းပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန်၊ ဒေသအလိုက်၊ နယ်ပယ်အလိုက် ယခုနှစ်ဧပြီလမှစ၍ သိသိသာသာ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် အသင်းအဖွဲ့များ၊ Cluster များ လိုအပ်သလိုဖွဲ့စည်းပြီး အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းမှုစွမ်းအားဖြင့် ထိထိရောက်ရောက် စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ကြရန်

(၆၅)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း ထုတ်ပြန်

ရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မပထမပိုင်း ငါးကျမ်းသဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ (၁)ပါး

၁။ ပလ္လင်အမှတ်(၁၁) — အရှင်ဝိစိတ္တသာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ (၁၈)ဝါ တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းသဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ(၁)ပါး

၁။ ပလ္လင်အမှတ်(၂၃) — အရှင်ဇောတိသာရာလင်္ကာရ၊ အသက်(၃၁) နှစ်၊ သိက္ခာ(၁၁)ဝါ ပိဋကတ်သုံးပုံနိကာယ် စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်းသဘောရေးဖြေအောင် ဝိနယကောဝိဒ(၃)ပါး

၁။ ပလ္လင်အမှတ်(၃၅) — အရှင်ဆန္ဒာနုတ္တရ၊ အသက် (၃၈) နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၃၆) — အရှင်သောဘိတာလင်္ကာရ၊ အသက် (၃၇)နှစ်၊ သိက္ခာ (၁၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၄၇) — အရှင်ဝါသဝါလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ (၁၀)ပါး

၁။ ပလ္လင်အမှတ်(၈၁) — အရှင်ဝိရောစန၊ အသက် (၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၉၁) — အရှင်မင်္ဂလာစာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၁၁၂) — အရှင်ခေမာသိရီလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၁၁၆) — အရှင်ပညိန္ဒ(ခင်ဦး)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၁၂၈) — အရှင်နရိန္ဒ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၁၃၀) — အရှင်ပညာဗလ၊ အသက် (၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၁၃၁) — အရှင်သုဇာတ၊ အသက် (၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ်(၁၃၇) — အရှင်ဝိသုဒ္ဓ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၁၅၀) — အရှင်ပဏ္ဍဝါလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၁၅၉) — အရှင်ခေမိဿရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အာဂုံပြန်အောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင် တိပိဋကဓရ(၁)ပါး

၁။ ပလ္လင်အမှတ်(၃) — အရှင်ဝိစိတ္တာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက(၂)ပါး

၁။ ပလ္လင်အမှတ်(၄) — အရှင်ဝိလာသ၊ အသက်(၄၈)နှစ်၊ သိက္ခာ(၂၇)ဝါ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၆) — အရှင်သေဋ္ဌဉာဏာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ (၁၃)ဝါ တိပိဋကမဟာကန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက(၃)ပါး

၁။ ပလ္လင်အမှတ်(၁၀) — အရှင်ပညာစက္က၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကကျောင်းတော်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၁၂) — အရှင်ဇနိန္ဒ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၁၃) — အရှင်ဇဝနာလင်္ကာရ၊ အသက် (၃၄)နှစ်၊ သိက္ခာ (၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟန်ဂေရီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လွှတ်တော်ရေးရာဝန်ကြီး မစ္စတာ ဆော့လ်နီမန့်သ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၂-၁-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀ နံနက်ခင်းသတင်း
၈း၄၀ International News
၈း၄၅ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀ စစ်သည်တေး
၁၁း၂၀ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာစွမ်းအား** (အပိုင်း-၇၂) ဇာတ်သိမ်းပိုင်း
၁၄း၅၀ International News

ညပိုင်း

၃း၃၀ ပဉ္စမအကြိမ်မြောက်အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုဆန်းစစ် မြားပစ်ပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Gold Finals) (Compound and Recurve Women/Men)
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၄၀ International Science News
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ်နေ့ရက်များ** (ဒုတိယတွဲ) (အပိုင်း-၁၂)
၇း၀၀ ပြည်တွင်းသတင်း
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရင်ဆိုင်မယ်နေ့ရက်များ** (ဒုတိယတွဲ) (အပိုင်း-၁၂)
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- မြတ်နိုးပါလေရိုးရာအမွေ (ပန်းဆယ်မျိုး)(ပထမပိုင်း)
- **ဂီတတံခါးလေးဖွင့်ပါဦး**

၁း၀၀ ပြည်တွင်းသတင်း

လုပ်ငန်းများ
းသီး၌ ၉၅၆၅ ခု၊
၄၆ခုတိုင်း ဒေသ
သီး၌ ၇၇၆၃ ခု၊
း ဦးစီးဌာန၌
ုပ်ငန်း ၁၃၂၆၃
င်းမရှိသေးသော
ရှိပါကြောင်း။
င်ထားခြင်းမရှိ
းနှင့်အလတ်စား
င်း ၆၂၀၀၀ ခန့်
တိုင်းဒေသကြီး/
သက်ဆိုင်ရာ
တာဝန်ပေးလို
းဂဏန်းမှန်ကန်
ည်ကောက်ယူပြီး
တင်ပြရန်ဖြစ်ပါ

လုပ်ငန်းကော်မ
/ပြည်နယ်အစိုးရ
များ ပူးပေါင်းပြီး
တ်စားသာမက
ုပ်ငန်း စာရင်း
းမှန်ကန်အောင်
လုပ်ငန်းအရေ
ာ ကုန်ထုတ်လုပ်
အလုပ်အကိုင်ရရှိ
ချက်အလက်ပါ
င်မြင်နေသော
ွရရုံသာရှိသော
ည်ရန်ခက်ခဲလာ
ည့် လုပ်ငန်းများ
ကူညီရန်လိုအပ်
ဖော်ထုတ်ဆောင်
လွတ်လပ်သော
ာတူညီချက်အရ
မည့် ကုန်စည်၊
မြှုပ်နှံမှုလုပ်ငန်း
ုဉ်ပြိုင်နိုင်စွမ်းရှိ
၊ သယ်ယူစရိတ်
ားအဆီးကြောင့်
တ် မြင့်မားနေမှု
်ပစ္စည်း အရည်
တ်လုပ်နိုင်ရေး၊
သးစိတ်လေ့လာ
ာ Task Force
းကြရန်၊ နည်း
ရရှိကူညီနိုင်ရေး၊
ိုင်ငံတကာအဖွဲ့
ပူးပေါင်းဆောင်
လိုက်၊ နယ်ပယ်
မှစ၍ သိသိသာ
ကြိုးပမ်းဆောင်
အသင်းအဖွဲ့များ၊
သလိုဖွဲ့စည်းပြီး
င်းမှုစွမ်းအားဖြင့်
စဉ်ဆက်မပြတ်
ဆောင်ရွက်ကြရန်

မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များက ဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် ရွှေ့ပြောင်းနေထိုင်သူများမပါ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်တောများတွင် ယာယီလုပ်ကိုင်နေထိုင်စားသောက်သူများနှင့် နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်သည့် ရွာစု၊ အိမ်စုများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ မှန်ကန်သည့် စာရင်းဇယားများကောက်ယူပြီး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဆောင်ရွက်သည့် ကျေးရွာများတိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရန် ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်များ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် အထွေထွေကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

◆ ***ရှေ့ဖုံးမှ***

၅။ ထို့အပြင် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံအဖွဲ့သည် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ စီမံကိန်းပြုလုပ်သည့် ဒေသပတ်ဝန်းကျင်တွင်ရှိနေသော လေထုသန့်ရှင်းမှုအဆင့် အခြေအနေ (Existing Baseline Ambient Air Status)တို့ကိုလည်း လက်တွေ့ကွင်းဆင်းစိစစ်ခဲ့ပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ ပဏာမအစီရင်ခံစာကို ဇန်နဝါရီလ ၁၀ ရက်နေ့တွင် တင်ပြခဲ့ပါသည်။

၆။ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအနီးရှိ ကျေးရွာများအား ထပ်မံကွင်းဆင်းလေ့လာခဲ့ပါသည်။

၇။ နိုင်ငံတော်အနေဖြင့် လက်ပံတောင်းတောင် သပိတ်စခန်းမှ မီးလောင်ဒဏ်ရာရသည့် လူနာများအား ဆေးကုသမှုကို တာဝန်ယူလျက်ရှိရာ ကော်မရှင်အနေဖြင့် လိုအပ်သည်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသနေကြသော လူနာအားလုံးသည် ဆေးကုသမှုခံယူပြီးကြသဖြင့် ဆေးရုံမှဆင်းသွားကြပြီးဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ဆေးကုသမှုခံယူနေကြသည့် သံဃာနှစ်ပါးအနက် ရှင်သဇ္ဇန၏ ကျန်းမာရေး အခြေအနေမှာ တိုးတက်ကောင်းမွန်လာပြီဖြစ်ရာ မကြာမီ မြန်မာနိုင်ငံသို့ ပြန်လာနိုင်မည့်အခြေအနေရှိသည်ဟု သိရှိရပါသည်။ သံဃာတော် ဦးတိက္ခဉာဏ၏ အခြေအနေသည်လည်း တိုးတက်မှုရရှိနေပြီဖြစ်ပြီး ဆက်လက်၍ ဆေးကုသမှုခံယူရန် လိုအပ်သေးသည်ဟု ကော်မရှင်အနေဖြင့် သိရှိရပါသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်
၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်

နွားထိုးကြီးမြို့နယ် လုံးတော – သမန်းတော အထကကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်

နေပြည်တော် ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာ လုံးတော-သမန်းတော အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ မန္တလေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းနှင့် နွားထိုးကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးတို့က လုံးတော-သမန်းတော အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဖွင့်လှစ်ပွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာ လုံးတော-သမန်းတော အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ဖွဲ့ပြီး ယာဉ်ကျပ်တည်းမှု ကျော်လွှားနိုင်ရေး နည်းလမ်းရှာဖွေမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြည်သူများ နေ့စဉ်အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority) ကို ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက် နေ့လယ်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသော အစည်းအဝေးတွင် ၎င်းအဖွဲ့၏ ဥက္ကဋ္ဌ ဦးကြည်သိန်းက ပြောကြားသည်။

"ကျွန်တော်တို့ ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အနေနဲ့ ပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် အစီအမံများချမှတ် ဆောင်ရွက်သွားမှာပါ" ဟု ဥက္ကဋ္ဌ ဦးကြည်သိန်းက ပြောကြားသည်။

အဆိုပါအဖွဲ့အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အများပြည်သူ နေ့စဉ်သွားလာရေးတွင် အသုံးပြုလျက်ရှိသော ကုန်းလမ်း၊ ရထား၊ ရေယာဉ်နှင့် အခြားပို့ဆောင်ရေးလုပ်ငန်းများ အစဉ်ပြေချောမွေ့စေရန် စီမံခန့်ခွဲပေးခြင်း၊ လက်ရှိရင်ဆိုင်နေရသော ယာဉ်ကျပ်တည်းမှု၊ ယာဉ်တိုက်မှု၊ ကျန်းမာရေးထိခိုက်စေသော အငွေ့အသက်များထုတ်လုပ်မှု စသောသွားလာရေးအခက်အခဲနှင့် အန္တရာယ်များကို ကျော်လွှန်ဖြေရှင်းနိုင်ရေးအတွက် ကွင်းဆင်းလေ့လာဆန်းစစ်၍ နည်းလမ်းများ ရှာဖွေတင်ပြခြင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများထံမှ မိမိတို့လုပ်ငန်းတာဝန်နှင့် ပတ်သက်သော နည်းပညာအကူအညီများ ရယူဆောင်ရွက်ခြင်း၊ သွားလာပို့ဆောင်ရေးနှင့် သက်ဆိုင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာစေလျက် တရားဥပဒေစိုးမိုးရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အား အထောက်အကူပြုခြင်း၊ လာမည့်ကာလတွင် ဖြစ်ပေါ်လာမည့် လူမှုစီးပွားရေးပုံစံ၊ မြို့ပြဖွံ့ဖြိုးမှုပုံစံများကို မျှော်မှန်း၍ စီမံချက်ရေးဆွဲခြင်း၊ သွားလာပို့ဆောင်ရေး ဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ သွားလာပို့ဆောင်ရေးလိုအပ်ချက်များကို ထူထောင်တည်ဆောက်နိုင်ရန်အတွက် လိုအပ်သော ဥပဒေများကို အကြံပြုခြင်း၊စီမံခန့်ခွဲမည့် အဖွဲ့အစည်းများလျာထားခြင်း၊ရန်ပုံငွေရရှိမည့် နည်းလမ်းများ ထူထောင်ထားခြင်း၊သွားလာပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းအရပ်ရပ်ချောမွေ့ သွက်လက်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တာဝန်ခံလျက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ခြင်းခံရသော လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

များပြားလာ

ယခုအခါ ရန်ကုန်မြို့တွင် လူဦးရေခန့်မှန်းခြေအားဖြင့် ခြောက်သန်းခန့် နေထိုင်လျက်ရှိသည်။ တိုးတက်လာသော လူဦးရေအရ နေ့စဉ်နှင့်အမျှ ခရီးသွားပြည်သူအရေအတွက်မှာလည်း တိုးပွားများပြားလာသည်။ ရန်ကုန်မြို့အတွင်း ယာဉ်စီးရေ တိုးလာကာ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်ကျပ်တည်းမှုဖြစ်ခြင်း၊ ယာဉ်တိုက်မှုများ ဖြစ်ပွားခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

ယာဉ်မောင်းသူများ အနေဖြင့် ယာဉ်စည်းကမ်းကို လိုက်နာရမည်ဖြစ်သလို ပြည်သူများအနေဖြင့်လည်း လမ်းစည်းကမ်းကို လိုက်နာကြရမည်ဖြစ်ပါသည်။

အဆိုပါအဖွဲ့တွင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းထားကြောင်း ပြောကြားသည်။ **(မြန်မာ့အလင်း)**

သတင်းမှတ်စု
မြင့်မောင်စိုး

※ ***ကျောဖုံးမှ***

ပို့ဆောင်ပေးနိုင်ရေးအတွက် ဂိုဒင်းစပိုက်ကုမ္ပဏီက အောင်မြင်စွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ယခု ရွေးချယ်ထားသည့် လဆင်းယာဉ်ဒီဇိုင်းဖြင့် ယာဉ်တည်ဆောက်ကာ မိမိတို့၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်တော့မည်ဟု ဂိုဒင်းစပိုက်ကုမ္ပဏီဥက္ကဋ္ဌ ဂါရီဂရစ်ဖန်က ပြောကြားသည်။

ယင်းလဆင်းယာဉ်တည်ဆောက်ပြီးပါက လာမည့် ၁၀ နှစ်အတွင်း အာကာသခရီးသွားများအား လသို့ ခရီးစဉ်ပေါင်း ၁၅ ကြိမ်မှ ၂၅ ကြိမ်အထိ သယ်ယူပို့ဆောင်ပေးရန် မျှော်မှန်းထားသည်။ လမျက်နှာပြင်သို့ သွားရောက်မည့် ခရီးစဉ်တစ်ခုအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရရှိရန်လည်း မျှော်လင့်ထားသည်။

(ရိုက်တာ)

ပြည်တွင်းသတင်း

ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ ပထမအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြို့ရှိ လူဦးရေခြောက်သန်းခန့်တွင် သုံးသန်းခန့်မှာ ရုံး၊ ကျောင်းနှင့် မိမိတို့လုပ်ငန်းအသီးသီးသို့ သွားလာနေရကြောင်း၊ ခရီးသွားပြည်သူများအတွက် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက နေ့စဉ် ဘတ်စ်ကား ၆၇၀၀ ကျော် ပြေးဆွဲပြီး ခရီးသည် ၂ ဒသမ ၅ သန်းကို ပို့ဆောင်ပေးလျက်ရှိကြောင်း၊ သို့ရာတွင် ရုံးတက်/ရုံးဆင်းချိန်၊ ကျောင်းတက်/ကျောင်းဆင်းချိန်များတွင် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများသည် ပြည့်ကျပ်ပြီး ခက်ခဲစွာ သွားလာနေကြရကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်က ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူကို ဗဟိုပြု၍ ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့နေပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အနေဖြင့် ပေးအပ်ထားသည့် တာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ပထမအကြိမ် အစည်းအဝေး၌(ဓါတ်ပုံ) အဆိုပါအဖွဲ့ဥက္ကဋ္ဌ ဦးကြည်သိန်းက ပြောကြားသည်။

အဖွဲ့ဥက္ကဋ္ဌက မိမိတို့အဖွဲ့အနေဖြင့် လက်ရှိ ရန်ကုန်မြို့နေ ပြည်သူခြောက်သန်းခန့်မှ နောင်တိုးပွားလာနိုင်မည့် လူဦးရေ ၁၅ သန်းအထိ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် စီမံချက်များ ရေးဆွဲသွားရမည်ဖြစ်ကြောင်း၊ ချက်ချင်းလုပ်သင့်သည်များ၊ ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်သင့်သည်များကို တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့နောက် အဖွဲ့အတွင်းရေးမှူး မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်က မထသ မော်တော်ယာဉ်များနှင့် အခြားယာဉ်လိုင်းများ ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ကျန်အဖွဲ့ဝင်များက လမ်းပိတ်ဆို့မှုမရှိရေးအတွက် ဦးစားပေးဆောင်ရွက်ရေး၊ ရန်ကုန်မြို့ဝန်းကျင်ရှိ မြစ်ချောင်းများအား အသုံးပြုရေး၊ ဝက်ဘ်ဆိုက်ထူထောင်ရေး၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး၊ ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရေး၊ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေ့စဉ် ခရီးသွားလာနေတဲ့ ပြည်သူသုံးသန်းကျော်အတွက် အဆင့်အတန်းမြင့်ဖို့ ဦးတည်ဆောင်ရွက်သွားမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်သူကိုဗဟိုပြုသည့် ခေတ်တစ်ခေတ်၏ အချိုးအကွေ့ဝယ် ခေတ်၏ တောင်းဆိုမှု၊ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရန် လိုအပ်မှုတို့အပြင် မိဘပြည်သူများ၏ လူမှုအကျိုးစီးပွားကို ပိုမိုသယ်ပိုးထမ်းရွက်နိုင်ရန် နိုင်ငံတော်က သက်ဆိုင်ရာ ကော်မတီများ၊ အဖွဲ့အစည်းများကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်လျက်ရှိသည်။

ယင်းသက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အစည်းများအနက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြည်သူများ နေ့စဉ် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးစီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် ဇန်နဝါရီ ၇ ရက်စွဲဖြင့် နိုင်ငံတော်သမ္မတရုံး၏ ထုတ်ပြန်ချက်ဖြင့် ဖွဲ့စည်းလိုက်သည့် ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority) လည်းပါဝင်သည်။

အဆိုပါ အဖွဲ့၏ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအနက် ရန်ကုန်မြို့နေပြည်သူများ နံနက် မိုးသောက်အလင်းရောက်လေတိုင်း နိစ္စဓူဝရင်ဆိုင်ကြုံတွေ့နေကြရသည့် သွားလာရေးအခက်အခဲနှင့် ယာဉ်ကျပ်တည်းမှု၊ မကြာခဏကြုံတွေ့ရလေ့ရှိသည့် ယာဉ်တိုက်ခိုက်မှုတို့ကို ကျော်လွှား ဖြေရှင်းရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များလည်း ပါဝင်လျက်ရှိပေရာ ရန်ကုန်မြို့နေ ပြည်သူများသာမက နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူအပေါင်းကလည်း အထူးစိတ်ဝင်စားလျက်ရှိပေသည်။

သို့ဖြင့် ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့၏ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးကြည်သိန်းအား မိမိတို့သတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်းရတဲ့ရည်ရွယ်ချက်ကို သိပါရစေခင်ဗျာ။

ဖြေ။ ဒီအဖွဲ့ကို ဖွဲ့စည်းရတဲ့ရည်ရွယ်ချက်က ပြည်သူလူထုအတွက် ဖြစ်ပါတယ်။ လက်ရှိရန်ကုန်မြို့နေ အများပြည်သူတွေ နေ့စဉ် သွားလာရေးအပိုင်းမှာ တွေ့ကြုံခံစားနေရတဲ့ အခက်အခဲတွေ၊ အခြေအနေတွေကို သမ္မတကြီးကိုယ်တိုင်သိရှိနားလည်ပြီး သူတို့နဲ့ ထပ်တူထပ်မျှခံစားရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို တာဝန်ပေးတဲ့အခါမှာ ဒီလိုခံစားမှုတွေကို ကျော်လွှားနိုင်ဖို့ ယခုလို ဖွဲ့စည်းပေးတာဖြစ်ပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေပေါ်မှာ ဘယ်လို အကောင်းဆုံးဖြစ်အောင် ကျွန်တော်တို့ ပြုပြင်ထိန်းသိမ်းလို့ရမလဲ၊ ဒီထက်အဆင့်မြင့်မားအောင် Transport System တွေနဲ့ ဘယ်လိုသွားကြမလဲ၊ ဒီလိုအခြေခံပြီးမှ အသေးစိတ်မှာကြားတာဖြစ်ပါတယ်။ ဒါ့အပြင် နိစ္စဓူဝ ရုံးဆင်း၊ ရုံးတက်ချိန်တွေမှာ ကားကျပ်တာ၊ ကားစောင့်နေရတဲ့ ခရီးသွားပြည်သူတွေ၊ ရင်ချင်း၊ ကျောချင်းကပ်စီးနေရတဲ့ ခရီးသွားပြည်သူတွေရဲ့ အခြေအနေတွေပါ ပါဝင်ပါတယ်။ ဒါတွေအားလုံးကို အဆင်ပြေအောင် လုပ်စေချင်ကြောင်း လမ်းညွှန်မှာကြားပါတယ်။

ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်ကျပ်တည်းမှုဖြစ်တာတွေကအားလုံး ဆက်စပ်နေပါတယ်။ ယခင်ကတော့ မထသကတာဝန်ယူတယ်။ ဒါပေမယ့် ဘတ်စ်ကားလိုင်း တစ်ခုတည်းကိုပဲ တာဝန်ယူထိန်းသိမ်းတာဖြစ်တယ်။ နိုင်ငံတကာမှာကတော့ MRT လို့ခေါ်တဲ့ မြေအောက်ရထားစီးပြီးတဲ့နောက် ကားစီးပြီး လိုအပ်တဲ့နေရာကို ရောက်ရှိအောင် သွားရတာမျိုးတွေရှိတယ်။ ဒီမှာတော့ Transport System တွေက တစ်ခုနဲ့ တစ်ခု မချိတ်ဆက်နိုင်သေးဘူး။ မဖြစ်သေးဘူး။ သမ္မတကြီးဖြစ်စေချင်တာကတော့ Transport Network တစ်ခု ဆောက်ပေးချင်တယ်။ နောက်ပြီး သမ္မတကြီးရဲ့ စေတနာက လက်ရှိ ရန်ကုန်မြို့ လူဦးရေ ခြောက်သန်းတင်မကဘဲ နောင် အနာဂတ် ၁၀နှစ်၊ ၁၅ နှစ်မှာ တိုးတက်လာမယ့် လူဦးရေ ၁၅ သန်းအတွက်ပါ မျှော်မှန်းပြီး သွားလာပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ Transport System တွေနဲ့ ဘယ်လိုသွားကြမလဲ ဆိုတာကိုပါ စဉ်းစားပြီး ကျွန်တော်တို့အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြစ်ပါတယ်။ လုပ်ဆောင်ရမယ့် တာဝန်တွေနဲ့အတူ ကျယ်ပြန့်တဲ့သဘောရှိပါတယ်။

မေး။ ဟုတ်ကဲ့ခင်ဗျာ၊ လူကြီးမင်းတို့ အဖွဲ့ရဲ့ ကနဦး ဆောင်ရွက်သွားမယ့် အစီအစဉ်တစ်ခုကို သိပါရစေခင်ဗျာ။

ဖြေ။ ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီးရှိပါတယ်။ လက်ရှိအခြေအနေမှာ ဘာတွေဖြစ်နေလဲဆိုတာ အရင်နားထောင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်ဦးချင်းအနေနဲ့တော့ မြင်ပါတယ်။ နေ့စဉ်ရုံးဆင်း၊ ရုံးပြန်ချိန်မှာ လှည်းတန်း၊ မြေနီကုန်း၊ ရှစ်မိုင်လမ်းဆုံ မီးပွိုင့်တွေမှာ ယာဉ်ကြောပိတ်ဆို့နေတာတွေ ကားတွေစီးနေရတဲ့လူတွေကို တွေ့ရပါတယ်။ အချိန်လစ်ဟာမှုတွေ ဒါတွေကို သူတို့ခံစားနေရတာကြာပါပြီ။ ဒီအခြေအနေတွေကို ကျော်လွှားဖို့ တစ်ချိန်တည်းမှာပဲ ခေတ်မီပြီးအဆင့်အတန်းမြင့်မားတဲ့ သယ်ယူပို့ဆောင်ရေးစနစ်ကို ဆောင်ရွက်ဖို့ ကျွန်တော်တို့အဖွဲ့ဝင်အားလုံးရဲ့ အကြံဉာဏ်ကို ရယူမယ်၊ ပေါင်းစပ်မယ်။ လုပ်စရာတွေကတော့ အများကြီးပါ။ ကနဦးအနေနဲ့ ကျွန်တော်တို့ ပြည်သူတွေနဲ့အတူ ရထားတွေ၊ ကားတွေစီးပြီး လက်ရှိ ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ကွင်းဆင်းမယ်။ ပြည်သူတွေကို ဗဟိုပြုပြီး အသံတွေ၊ အကြံပြုချက်တွေကို သေချာနားထောင်မယ်။ ပြည်သူတွေ လတ်တလော လိုအပ်တဲ့ အခြေအနေတွေကို နားလည်ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အားလုံး အဖွဲ့တွေခွဲပြီး ပေါင်းစပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နည်းဥပဒေတွေ ဘဏ္ဍာရေးအခြေအနေတွေလည်း ပါဝင်လာမှာဖြစ်တဲ့အတွက် ကျယ်ပြန့်တဲ့သဘောရှိပါတယ်။ ကနဦး နေ့စဉ် ခရီးသွားလာနေတဲ့ ပြည်သူသုံးသန်းကျော် အတွက် အဆင့်အတန်းမြင့်ဖို့ ဦးတည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ လူကြီးမင်းခင်ဗျား၊ နိုင်ငံတကာမှာလည်း ယခုလို ဖွဲ့စည်းထားတဲ့ အဖွဲ့တွေရဲ့ အခြေအနေနဲ့ နှိုင်းယှဉ်သုံးသပ်ပေးပါဦးခင်ဗျား။

ဖြေ။ နိုင်ငံတကာမှာလည်း Transport Authority တွေ အတော်များများ ဖွဲ့စည်းထားပါတယ်။ ကိုရီးယားသမ္မတနိုင်ငံမှာဆို ယာဉ်ကြောပိတ်ဆို့မှုတွေ၊ ထိခိုက်မှုတွေ နည်းပါးအောင်အတွက် CCTV ကင်မရာတွေနဲ့ Center တွေထားရှိပြီး Control Rooms တွေက ထိန်းညှိပေးကြတာကို ကျွန်တော် လေ့လာခဲ့ဖူးပါတယ်။ နိုင်ငံခြားကို ပုံတူကူးချတာမဟုတ်ပေမယ့် သူတို့ဆီက အခြေခံစိတ်ကူးတွေယူပြီး ကျွန်တော်တို့နိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်အောင် အသုံးချသွားမှာဖြစ်ပါတယ်။

မေး။ လူကြီးမင်းတို့အဖွဲ့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့် သဘောတရားကိုသိပါရစေခင်ဗျာ။

ဖြေ။ ကျွန်တော်တို့အဖွဲ့ရဲ့ တာဝန်ကတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူ နေ့စဉ်သွားလာရေးတွင် အသုံးပြုလျက်ရှိသော ကုန်းလမ်း၊ ရထား၊ ရေယာဉ်နှင့် အခြားပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် စီမံခန့်ခွဲပေးခြင်း၊ လက်ရှိရင်ဆိုင်နေကြရသော ယာဉ်ကျပ်တည်းမှု၊ ယာဉ်တိုက်ခိုက်မှု၊ ကျန်းမာရေးထိခိုက်စေသော အငွေ့အသက်များ ထုတ်လုပ်မှုစသော သွားလာရေးအခက်အခဲနှင့် အန္တရာယ်များကို ကျော်လွှန်ဖြေရှင်းရေးအတွက် ကွင်းဆင်းလေ့လာဆန်းစစ်၍ နည်းလမ်းများ ရှာဖွေတင်ပြပေးခြင်း။

အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများထံမှ မိမိတို့လုပ်ငန်းတာဝန်နှင့် ပတ်သက်

ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ ဦးကြည်သိန်း ရှင်းလင်းပြောပြစဉ်။

သော နည်းပညာအကူအညီများ ရယူဆောင်ရွက်ပေးခြင်း၊ သွားလာပို့ဆောင်ရေး နှင့်သက်ဆိုင်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာစေလျက်တရားဥပဒေစိုးမိုးရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အား အထောက်အကူပေးခြင်း၊ လာမည့်ကာလတွင် ဖြစ်ပေါ်လာမည့် လူမှုစီးပွားရေးပုံစံ၊ မြို့ပြ ဖွံ့ဖြိုးမှုပုံစံများကို မျှော်မှန်း၍ စီမံချက်ရေးဆွဲခြင်း၊ သွားလာပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း။

သွားလာပို့ဆောင်ရေး လိုအပ်ချက်များကို ထူထောင်တည်ဆောက်နိုင်ရန်အတွက် လိုအပ်သောဥပဒေများကို အကြံပြုခြင်း၊ စီမံခန့်ခွဲမည့် အဖွဲ့အစည်းများဖွဲ့စည်းလျာထားခြင်း၊ ရန်ပုံငွေရရှိရေးနည်းလမ်းများ ထူထောင်ထားခြင်း၊ သွားလာပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းအရပ်ရပ် ချောမွေ့သွက်လက်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တာဝန်ခံလျက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်ခြင်းများပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ Co-ordinate and Management between Public and Government အတိုင်း သွားမှာဖြစ်ပါတယ်။

မေး။ လူကြီးမင်းအနေနဲ့ အဖွဲ့ကိုယ်စား ရန်ကုန်မြို့နေ ပြည်သူများကို ဘာများ ပြောချင်ပါသလဲခင်ဗျာ။

ဖြေ။ ရန်ကုန်မြို့နေ ပြည်သူလူထုကို ကျွန်တော်ပြောချင်တာ၊ မေတ္တာရပ်ခံချင်တာကတော့ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ရန်ကုန်ပြည်သူလူထုတွေ တွေ့ကြုံ ခံစားနေရတဲ့ အခက်အခဲ အခြေအနေတွေကို နားလည်သဘောပေါက်လို့ ကျွန်တော်တို့ အဖွဲ့ကိုတာဝန်ပေးတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုကို ဗဟိုပြုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူလူထုကလည်း ကျွန်တော်တို့အဖွဲ့နဲ့ ပူးပေါင်းပါဝင် ကူညီပေးကြပါ။ တစ်ချိန်တည်းမှာပဲ ပြည်သူလူထုက လိုအပ်တဲ့ အကြံဉာဏ်တွေပေးကြပါ။ အားလုံးကို လေးလေးစားစားနဲ့ ဖိတ်ခေါ်ပါတယ်။ ပြည်သူလူထုပေးတဲ့ အကြံဉာဏ်တွေ ကျွန်တော်တို့အဖွဲ့ရဲ့ လေ့လာမှုတွေနဲ့ အကောင်းဆုံးအဖြေကိုရှာပြီး ပြည်သူလူထုအတွက် အကောင်းဆုံးဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

သတင်းအဖွဲ့။ ယခုလို အချိန်ပေးဖြေကြားပေးတဲ့အတွက် လူကြီးမင်းနဲ့ အဖွဲ့ဝင်များကို သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းကိုယ်စား ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့တွင် ဥက္ကဋ္ဌ ဦးကြည်သိန်း၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းလွင်၊ ဦးခင်မောင်ဌေး၊ ဦးအောင်မြင့်၊ ဦးခင်မောင်၊ ဦးစိုးမြင့်၊ ဦးဇော်ဝင်းမြင့်၊ ဦးထွန်းဦး၊ ဦးသက်လွင်ဦးနှင့် အတွင်းရေးမှူးအဖြစ် ဦးလှအောင်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရှိရသည်။

ရန်ကုန်မြို့၏အရှေ့သည် ဖွံ့ဖြိုးတိုးတက်မှုလမ်းမဆီသို့ အရှိန်အဟုန်ဖြင့် ရွေ့လျက်ရှိချေပြီ။ သို့သော် မည်သည့်တိုင်းပြုပြည်ပြုလုပ်ငန်းမဆို ပြည်သူလူထုတစ်ရပ်လုံး ပါဝင်မှသာ မုချအောင်မြင်နိုင်မည်ဖြစ်ပေသည်။ သို့ဖြင့် ရန်ကုန်မြို့တော်သူ မြို့တော်သားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် “ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့”၏ ပြည်သူဗဟိုပြု လုပ်ငန်းစဉ်များအဆင်ပြေချောမွေ့စွာ အောင်မြင်နိုင်ရေးအတွက် ကျွန်တော်တို့မြို့တော်သူ မြို့တော်သားများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

တွေ့ဆုံမေးမြန်း

မောင်မောင်ထွေးနှင့် ဝင်းဝင်းမော်(သတင်းစဉ်)

ဓာတ်ပုံ-သာဉာဏ်(သတင်းစဉ်)

ရန်ကုန်မြို့အတွင်း အများပြည်သူသွားလာရေးအတွက် သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းများကို တွေ့ရစဉ်။

ဦးလှမြင့်
အင်္ဂလိပ်စာနှင့်ဂျာနယ်ဝင်သင်တန်းများ
ဆက်သွယ်နိုင်ပါသည်
Injection
ဆက်သွယ်ရန်ဖုန်း

Au, Ag, Pt, Os, Ir, Ru, Rh,Pd, Sn နှင့် ပတ်သက်တဲ့
အသုံးအဆောင် ပစ္စည်းဟောင်းများ၊ စွန့်ပစ်ပစ္စည်းများ၊
ကုန်ကြမ်းပစ္စည်းဟောင်းများ ဝယ်လိုပါသည်။
ဆက်သွယ်ရန်-ဖုန်း-၀၉-၈၆၃၂၃၀၀

ပြည်တွင်းသတင်း

မြန်မာ့အလင်း
တာတည်းထံပေးစာများ

မရှိလို့ဈေးရောင်းစား အခကြေးငွေတွေကများ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၀၅) ရပ်ကွက်ရှိ မင်းရဲကောင်းပုံဈေးသစ်တွင် (၅×၆) ပေ ဆိုင်ခန်းတစ်ခန်းလျှင် ငွေကျပ်နှစ်သိန်း၊ အလှူငွေ ကျပ် ၅၀၀၀၀၊ ဆေးသုတ်ခ ကျပ်၁၅၀၀၊ ဆိုင်ပြင်ဆင်ခွင့်လျှောက်လွှာ ကျပ်၁၀၀၀၊ ပြင်ဆင်ခွင့်ပြုခ ကျပ် ၅၀၀၀၊ ဆိုင်ခုံ ကျပ်၉၀၀၀၀၊ ဆိုင်ခန်းပိုင်ဆိုင်မှု စာအုပ်ကျပ် ၃၀၀၀၀ နှုန်းထားများဖြင့် အသီးသီးကောက်ခံနေပါသဖြင့် အစိုးရထံမှ ချေးငွေများဖြင့် ဈေးရောင်းနေရသူများမှာ အမှန်တကယ်အခက် တွေ့နေရပါသဖြင့် သက်ဆိုင်ရာမှ စနစ်တကျစိစစ်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူဈေးသားများ

လိုင်စင်မဲ့ဆိုင်ကယ်များအရေးယူပေးပါ

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ မော်တော်ဆိုင်ကယ်များ စီးနင်းခွင့်ပိတ်ပင်ထားသော မြို့ဖြစ်သည်။ ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်များ တစ်နေ့တခြားများပြားလျက်ရှိပြီး ယာဉ်စည်းကမ်းချိုးဖောက်ခြင်း၊ ဦးထုပ်မဆောင်းခြင်း၊ လူနှစ်ဦးထက်ပိုမိုစီးနင်းခြင်းများ ပြုလုပ်လျက်ရှိသောကြောင့် ယာဉ်တိုက်မှုဖြစ်ပွားပါက ဆိုင်ကယ်နံပါတ်မှတ်၍ တိုင်ကြား၍မရခြင်း၊ ရာဇဝတ်မှုကျူးလွန်နိုင်ခြင်းများ ဖြစ်နိုင်ပါသည်။ သို့ဖြစ်ပါ၍ လိုင်စင်မဲ့ဆိုင်ကယ်များကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းရှင်းစေလိုသူ

ကျူးကျော်တဲများ ရှင်းလင်းပေးစေလို

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၉၂ လမ်း၊ ၂၂×၂၄ လမ်းကြားရှိ ဆောက်လက်စမပြီးစီးခဲ့သော တိုက်တစ်လုံး၏အပေါ်ထပ်နှင့် တိုက်ခန်းမျက်နှာစာများတွင် နေထိုင်နေကြသော ကျူးကျော်တဲများသည် တိုက်ခန်း၏မျက်နှာစာနှင့် နောက်ကျောဘက်များသို့ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်း၊ အချို့တဲများတွင် လူဝင်လူထွက်များခြင်း၊ တိုက်ခန်းသို့ ဝင်ထွက်ရာလမ်းတွင် ပိတ်ဆို့နေခြင်းများကြောင့် တိုက်ခန်းနေသူများ ဝင်ထွက်သွားလာမှု ခက်ခဲသည့်အပြင် မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် ၎င်းကျူးကျော်တဲများအား အမြန်ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

ဆေးရုံဝင်းအတွင်းမှကားဝပ်ရှော့ ရွှေ့ပေးစေချင်

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက် မီးရထားဆေးရုံဝင်းအတွင်း ကျူးကျော်နေအိမ်ဆောက်လုပ် နေထိုင်ကာ ကားဝပ်ရှော့၊ ကားဆေးမှုတ်၊ ကားဘော်ဒီရိုက်လုပ်ငန်းများ လုပ်ကိုင်ပြီး ဓာတ်ဆီနံ့၊ ဆေးနံ့နှင့် ထုရိုက်သံများပတ်ဝန်းကျင်နေ မိသားစုများ နေ့စဉ်နှင့်အမျှ ခံစားနေရပါ၍ တရားမဝင်ကားဝပ်ရှော့အားအမြန်ဆုံး ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

မီးစိုးရိမ်သူ

အမှိုက်ကန် ဖျက်သိမ်းရွှေ့ပြောင်းပေးပါ

လှိုင်သာယာမြို့နယ်(၁၄)ရပ်ကွက် ဦးဖိုးလှိုင်လမ်းနေအိမ်ခြံမြေတစ်ခု၏ ဥပစာရှေ့တွင် အမှိုက်စွန့်ပစ်ကန်တစ်ခု ရှိပါသည်။ ယင်းကန်တွင် နေ့စဉ်အမှိုက်အမျိုးမျိုးနှင့် သားငါး၊ စွန့်ပစ်ပစ္စည်းများကို လမ်းများပေါ်သို့ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကြောင့် အနီးအနားတွင် နေထိုင်ကြသူများ ကျန်းမာရေး လွန်စွာထိခိုက်ပါသဖြင့် ယင်းအမှိုက်ကန်ကို ဖျက်သိမ်း ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံလိုသူများ

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံစာတမ်းဖတ်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ကျန်းမာရေးဝန်ကြီးဌာန (၄၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စာတမ်းဖတ်ပွဲ စတုတ္ထနေ့ကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ သုတေသီ ပညာရှင်များက သုတေသန စာတမ်း၂၂စောင်ကို တင်သွင်းဖတ်ကြားကြသည်။

ထို့ပြင် ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများဖြစ်သော အမျိုးသားကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနဌာနများ၏ သုတေသနအချက်အလက်များ ဖြန့်ဖြူးခြင်းနည်းစနစ်များအကြောင်း၊ ဩစတြေးလျနိုင်ငံ၏ သုတေသနဆောင်ရွက်ချက်များနှင့် ရလဒ်များနှင့် ကျောက်ကပ်ရောဂါ အကြောင်းတို့ကို သုတေသီ ဆေးပညာရှင်များက ဟောပြော ဆွေးနွေး၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ သုတေသနညီလာခံကို ဇန်နဝါရီ ၁၁ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး ညီလာခံနောက်ဆုံးနေ့ ညနေပိုင်းတွင် ယခုနှစ်အတွက် အကောင်းဆုံးအခြေခံသုတေသနစာတမ်းဆု၊ အကောင်းဆုံး လက်တွေ့သုံးချ သုတေသနစာတမ်းဆု၊ အကောင်းဆုံးကျန်းမာရေး စနစ်သုတေသနစာတမ်းဆုနှင့် အကောင်းဆုံး သုတေသနပိုစတာဆု၊ လူငယ်သုတေသီ အခြေခံသုတေသန စာတမ်းဆု၊ လူငယ်သုတေသီ လက်တွေ့အသုံးချ သုတေသနစာတမ်းဆု၊ လူငယ်သုတေသီ ကျန်းမာရေးစနစ်သုတေသနစာတမ်းဆုတို့ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ဝင်စားဖွယ် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲနှင့် ကားပြပွဲ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - ကျော်သူဝင်း

နေပြည်တော် ဇန်နဝါရီ ၁၁

ခေတ်ကပြောင်းလဲလာသည်။ စီးပွားရေး၊ လူမှုရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများက ပြည်သူများအတွက် ဦးစားပေးမှုများလာသည်။ ပြည်သူများအတွက် အချိန်ကုန်သက်သာမှု၊ လွတ်လပ်စွာ ရွေးချယ်နိုင်မှုအပြင် ကုန်ပစ္စည်းအစစ်အမှန်များကို လေ့လာဝယ်ယူနိုင်သည့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲနှင့် ကားပြပွဲကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ရှေ့ ဘုရားပွဲကျင်းပရာကွင်း၌ ဇန်နဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ကျင်းပလျက်ရှိနေပြီဖြစ်သည်။ ပြောင်းလဲလာသော မြန်မာနိုင်ငံ၏ ပုံရိပ်တစ်ခုပင် ဖြစ်သည်။

"နေပြည်တော် အနီးဝန်းကျင်မှာ နေထိုင်ကြတဲ့ ပြည်သူတွေ ခေတ်မီအသုံးအဆောင်ပစ္စည်းတွေကို လွယ်လွယ် ကူကူနဲ့ စိတ်လက်ပေါ့ပါးစွာ ဝယ်ယူသုံးစွဲနိုင်ဖို့အပြင် ဗဟုသုတအဖြစ် လေ့လာလို့လည်း ရနိုင်အောင်ဒီပွဲတော်ကို ကျင်းပရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ပြပွဲကို လာရောက်တဲ့ ပြည်သူတွေကို ဇာတ်မင်းသားဖိုးချစ်တို့အဖွဲ့က ဖျော်ဖြေတင်ဆက် ကပြမှုကိုလည်း စိတ်အပန်းဖြေတဲ့အနေနဲ့ ကြည့်ရှုနိုင်အောင် ထည့်သွင်းထားပါတယ်" ဟု ပြပွဲကျင်းပရေး တာဝန်ခံတစ်ဦးဖြစ်သည့် မြန်မာအနော်ရထာကုမ္ပဏီမှ ဒါရိုက်တာ ဦးနေပိုင်က ပြောပြသည်။

ယခုပြပွဲတွင် ဆိုင်ခန်းပေါင်း ၃၆၀ ကျော်ကို ကုမ္ပဏီ ၁၀၀ ကျော်တို့က ပါဝင်ခင်းကျင်းပြသခြင်းဖြစ်သည်။ ဆောက်လုပ်ရေး ပစ္စည်းအမျိုးမျိုး၊ မော်တော်ကားများ၊ စားသောက်ကုန်များ၊ အဝတ်အထည်၊ အိမ်ခန်းအလှဆင်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများနှင့် ရေချိုးခန်းသုံးပစ္စည်းများ၊ ကြမ်းခင်းနှင့်မျက်နှာကြက်များစသည့် ပစ္စည်းများစွာကို ခင်းကျင်းပြသထားသည်။**(အပေါ်ပုံ)**

ပြပွဲအတွင်း မော်တော်ကားကုမ္ပဏီ ခုနစ်ခုမှ ကားအမျိုးမျိုးကိုလည်း ခင်းကျင်းပြသထားရာ တိုယိုတာ၊ ဟွန်ဒါ၊ ဆူဇူကီး၊ နစ်ဆန်းနှင့်လုပ်ငန်းသုံး မော်တော်ကားများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။ အဆိုပါကားများတွင် ငွေကျပ်သိန်း ၇၀ မှ သိန်း ၃၀၀ ကျော်အထိ ဈေးနှုန်းအမျိုးမျိုးရှိသော ကားများကိုလည်း လေ့လာ ရွေးချယ်ဝယ်ယူနိုင်မည့် အခွင့်အရေး ရရှိနိုင်သည်။ တစ်ဖန် အိမ်ခန်းများကို ဝယ်ယူလိုသူများအတွက် ပုံစံအမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုး၊ အနေအထားအမျိုးမျိုးဖြင့် ဝယ်ယူနိုင်သည့်အခွင့်အရေးများ ရရှိမည်ဖြစ်သည်။ ပြပွဲလာပြည်သူများ အတွက် လက်ကမ်းစာစောင်ကို ကြိုတင်ဖြန့်ဝေပေးထားပြီး ပြပွဲကာလအတွင်း လာရောက်လေ့လာသည့် ပြည်သူများအား လက်ကမ်းစာစောင် တစ်စောင်ချင်း အလိုက်ပေးသွားမည့် အစီအစဉ်လည်းပါရှိသည်။

ပြပွဲဝင်းအတွင်း ဖျော်ဖြေရေး စင်မြင့်တွင် ဇာတ်မင်းသားဖိုးချစ်တို့အဖွဲ့၏ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကပြဖျော်ဖြေမှုများ၊ နာမည်ကြီးအဆိုတော်များ၏ သီဆိုဖျော်ဖြေမှုအစီအစဉ်များလည်း ထည့်သွင်းထားရာ ပြပွဲလာပြည်သူများအတွက် စိတ်လက်အပန်းဖြေ ကြည့်ရှုနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ ကုန်စည်ပြပွဲများ ကျင်းပလာနိုင်ခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ကုန်သွယ်မှုပုံစံများ ပြောင်းလဲလာမှု၊ ပြည်သူများထံ အရောက်ဝန်ဆောင်မှုပေးသည့် စနစ်များဖြစ်ပေါ်လာမှု၊ မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးများတွင် ခေတ်မီကုန်ပစ္စည်းများကို ဒေသခံပြည်သူများ တိုက်ရိုက်ထိတွေ့လေ့လာနိုင်မှုများကို ဆောင်ကြဉ်းပေးလျက်ရှိသည်။

(မြန်မာ့အလင်း)

ဆိုင်ခန်းအမြန်ရောင်းမည်

ဘုရင့်နောင်ကားပစ္စည်းဝင်း
(က)တန်း၊ ရုံကြီး (၇)အခန်းကျယ်
(ညှိနှိုင်းဈေး)
ဖုန်း-၀၉-၅၀၁၁၆၀၁၊ ၀၉-၅၁၀၇၆၉၈

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးတင်ထွန်း၏သမီး မခင်သန္တာထွန်း ၁၂/မဂတ (နိုင်)၀၇၇၁၃၇ နှင့် မသန္တာထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မခင်သန္တာထွန်း(ခ)မသန္တာထွန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်
(၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက်)

အငယ်တန်းစာရေးနှင့် စစ်ဆေးရေးမှူး-၄(ငွေ)ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးဖြေဆိုမည့်ရက်ကြေညာခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် နေပြည်တော်နှင့် ရန်ကုန်တို့၌ ကျင်းပပြုလုပ်ခဲ့သည့် အငယ်တန်းစာရေး၊ စစ်ဆေးရေးမှူး-၄(ငွေ) (လစာနှုန်း-၄၇၀၀၀-၁၀၀၀-၅၂၀၀၀)ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲ အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း ဖြေဆိုခွင့်ရရှိသူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) **အငယ်တန်းစာရေး**

ခုံအမှတ်-နပတ-၁၊ ၁၃၊ ၅၈၊ ၆၃၊ ၈၀၊ ၈၁၊ ၁၂၉၊ ၁၇၁၊ ၂၀၈၊ ၂၄၈၊ ၂၅၀၊ ၂၉၃၊ ၃၉၆၊ ၄၅၄၊ ၄၅၅၊ ၅၂၀၊ ၅၅၃၊ ၅၅၄၊ ၆၅၁၊ ၆၅၉၊ ၆၆၃၊ ၆၉၅၊ ၇၁၆၊ ၇၂၅၊ ၇၃၈၊ ၇၉၈၊ ၈၂၅၊ ၈၆၅၊ ၉၄၆၊ ၉၅၈၊ ၉၇၁၊ ၉၇၆၊ ၁၀၁၃၊ ၁၀၅၇၊ ၁၀၈၈၊ ၁၁၄၂၊ ၁၂၄၅၊ ၁၂၈၀၊ ၁၂၈၅၊ ၁၂၉၈၊ ၁၂၉၉၊ ၁၃၀၀၊ ၁၃၀၅၊ ၁၃၄၁၊ ၁၃၆၉၊ ၁၃၇၃၊ ၁၃၈၉၊ ၁၄၅၃၊ ၁၄၅၄၊ ၁၄၇၀၊ ၁၄၇၄၊ ၁၄၇၅။

ခုံအမှတ်-ရက-၂၊ ၅၊ ၆၊ ၃၃၊ ၅၂၊ ၅၇၊ ၇၈၊ ၈၁၊ ၈၉၊ ၁၀၁၊ ၁၀၉၊ ၁၁၃၊ ၁၁၉၊ ၁၂၂၊ ၁၂၄၊ ၁၂၇၊ ၁၄၇၊ ၁၄၈၊ ၁၆၄၊ ၁၆၆၊ ၁၆၇၊ ၁၇၄၊ ၁၇၉၊ ၂၀၂၊ ၂၀၆၊ ၂၁၀၊ ၂၁၃၊ ၂၁၈၊ ၂၂၃၊ ၂၂၆၊ ၂၃၂၊ ၂၃၄၊ ၂၃၅၊ ၂၃၆၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊ ၂၄၅၊ ၂၅၀၊ ၂၅၂၊ ၂၆၄၊ ၂၆၅၊ ၂၇၄၊ ၂၇၇၊ ၂၈၁၊ ၂၈၈၊ ၂၉၀၊ ၂၉၆၊ ၃၁၆၊ ၃၄၃၊ ၃၅၁၊ ၃၆၁၊ ၃၆၅၊ ၃၆၆၊ ၃၇၉၊ ၃၈၂၊ ၃၈၇၊ ၃၈၈၊ ၃၉၅၊ ၄၀၅၊ ၄၀၆၊ ၄၂၆၊ ၄၃၄၊ ၄၄၉၊ ၄၅၃၊ ၄၅၇၊ ၄၆၅၊ ၄၆၈၊ ၄၆၉၊ ၄၇၀၊ ၄၇၃၊ ၅၀၀၊ ၅၀၁၊ ၅၀၂၊ ၅၁၃၊ ၅၃၀၊ ၅၄၂၊ ၅၅၈၊ ၅၆၆၊ ၅၇၆၊ ၅၇၇၊ ၆၃၃၊ ၆၄၀၊ ၆၄၅၊ ၇၀၅၊ ၇၀၉၊ ၇၁၆၊ ၇၄၉၊ ၇၇၆၊ ၇၈၁၊ ၇၉၈၊ ၇၉၉၊ ၈၀၀၊ ၈၀၇၊ ၈၀၉၊ ၈၃၅၊ ၈၄၁၊ ၈၅၆၊ ၈၇၉၊ ၈၈၀၊ ၈၈၃၊ ၈၉၃၊ ၉၀၀၊ ၉၀၂၊ ၉၀၅၊ ၉၀၆၊ ၉၁၂၊ ၉၁၃၊ ၉၁၅၊ ၉၁၇၊ ၉၁၈၊ ၉၁၉၊ ၉၂၀၊ ၉၂၁၊ ၉၂၂၊ ၉၂၃၊ ၉၂၄၊ ၉၃၆၊ ၉၄၀၊ ၉၄၃၊ ၉၄၄၊ ၉၄၅၊ ၉၅၁၊ ၉၆၁၊ ၉၆၅၊ ၉၆၈၊ ၉၇၁၊ ၉၇၇၊ ၉၈၃၊ ၉၈၄၊ ၉၈၆၊ ၉၈၉၊ ၁၀၀၀၊ ၁၀၀၁။

(ခ) **စစ်ဆေးရေးမှူး-၄(ငွေ)**

ခုံအမှတ်-နပတ-၂၊၃၊ ၄၊ ၅၊ ၆၊ ၁၄၊ ၂၄၊ ၃၀၊ ၃၅၊ ၄၃၊ ၅၁၊ ၅၄၊ ၅၇၊ ၆၄၊ ၇၃၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၁၀၄၊ ၁၂၁၊ ၁၅၈၊ ၁၆၈၊ ၁၇၂၊ ၁၇၄၊ ၁၈၈၊ ၁၈၉၊ ၂၁၃၊ ၂၂၅၊ ၂၂၆၊ ၂၅၆၊ ၂၅၉၊ ၃၃၁၊ ၃၃၄၊ ၄၀၉၊ ၄၁၆၊ ၄၃၆၊ ၄၈၅၊ ၄၈၈၊ ၄၉၇၊ ၅၀၀၊ ၅၀၇၊ ၅၀၈၊ ၅၁၇၊ ၅၂၂၊ ၅၂၈၊ ၅၄၉၊ ၅၅၅၊ ၅၅၉၊ ၅၆၁၊ ၅၆၃၊ ၅၇၂၊ ၅၇၃၊ ၅၇၄၊ ၅၇၈၊ ၅၈၁၊ ၅၈၈၊ ၅၉၉၊ ၆၀၀၊ ၆၀၂၊ ၆၀၆၊ ၆၁၄၊ ၆၁၅၊ ၆၂၃၊ ၆၃၆၊ ၆၄၁၊ ၆၅၃၊ ၆၅၅၊ ၆၆၄၊ ၆၉၆၊ ၆၉၉၊ ၇၃၁၊ ၇၃၂၊ ၇၄၄၊ ၇၅၃၊ ၇၆၀၊ ၇၈၁၊ ၇၈၂၊ ၇၉၅၊ ၈၁၄၊ ၈၂၁၊ ၈၂၉၊ ၈၅၁၊ ၈၆၀၊ ၈၇၅၊ ၈၇၉၊ ၈၈၆၊ ၉၀၅၊ ၉၁၃၊ ၉၃၇၊ ၉၅၁၊ ၉၆၇၊ ၉၈၀၊ ၉၈၁၊ ၉၈၉၊ ၉၉၄၊ ၁၀၀၀၊ ၁၀၀၃၊ ၁၀၂၃၊ ၁၀၂၉၊ ၁၀၆၀၊ ၁၀၇၄၊ ၁၀၇၆၊ ၁၀၇၉၊ ၁၀၈၄၊ ၁၀၈၅၊ ၁၁၆၂၊ ၁၁၆၉၊ ၁၁၇၃၊ ၁၁၈၂၊ ၁၁၈၈၊ ၁၁၉၄၊ ၁၂၀၆၊ ၁၂၀၉၊ ၁၂၁၃၊ ၁၂၁၈၊ ၁၂၂၈၊ ၁၂၂၉၊ ၁၂၆၅၊ ၁၂၇၇၊ ၁၂၈၇၊ ၁၂၉၀၊ ၁၃၁၇၊ ၁၃၂၃၊ ၁၃၂၄၊ ၁၃၄၃၊ ၁၃၅၃၊ ၁၃၆၄၊ ၁၃၆၅၊ ၁၃၆၆၊ ၁၃၆၈၊ ၁၃၇၁၊ ၁၃၇၆၊ ၁၃၇၇၊ ၁၃၇၉၊ ၁၃၈၀၊ ၁၃၈၄၊ ၁၃၈၅၊ ၁၃၈၆၊ ၁၃၈၈၊ ၁၃၉၀၊ ၁၄၀၃၊ ၁၄၀၅၊ ၁၄၀၇၊ ၁၄၆၁၊ ၁၄၆၂၊ ၁၄၆၃၊ ၁၄၆၇၊ ၁၄၆၉၊ ၁၄၈၈၊ ၁၄၉၀။

ခုံအမှတ်-ရက-၃၃၊ ၄၄၊ ၆၆၊ ၇၀၊ ၇၅၊ ၇၆၊ ၈၀၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၁၃၊ ၁၁၈၊ ၁၂၀၊ ၁၂၁၊ ၁၂၄၊ ၁၂၅၊ ၁၃၀၊ ၁၃၁၊ ၁၃၃၊ ၁၃၈၊ ၁၃၉၊ ၁၄၅၊ ၁၅၁၊ ၁၅၆၊ ၁၅၉၊ ၁၈၄၊ ၂၀၀၊ ၂၀၃၊ ၂၀၇၊ ၂၁၂၊ ၂၃၅၊ ၂၄၂။

၂။ လူတွေ့စစ်ဆေးခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅) နေပြည်တော်၌ အောက်ပါနေ့ရက်များတွင် ပြုလုပ်မည်ဖြစ်ပါသည်-

	ဖြေဆိုရမည့်ရက်	အချိန်
အငယ်တန်းစာရေး		
ခုံအမှတ်-နပတ၁မှ နပတ၁၄၇၅ထိနှင့် ရက၂မှ ရက၁၀၁ထိ	၁၇-၁-၂၀၁၃	နံနက် ၀၉း၀၀ နာရီ
ခုံအမှတ်-ရက၁၀၉မှ ရက၄၇၃ထိ	၁၈-၁-၂၀၁၃	နံနက် ၀၉း၀၀ နာရီ
ခုံအမှတ်-ရက၅၀၀မှ ရက၁၀၀၁ထိ	၁၉-၁-၂၀၁၃	နံနက် ၀၉း၀၀ နာရီ
စစ်ဆေးရေးမှူး ၄(ငွေ)		
ခုံအမှတ် -နပတ၂မှ နပတ၆၀၆ထိ	၂၁-၁-၂၀၁၃	နံနက် ၀၉း၀၀ နာရီ
ခုံအမှတ်-နပတ၆၁၄မှ နပတ၁၂၉၀ထိ	၂၂-၁-၂၀၁၃	နံနက် ၀၉း၀၀ နာရီ
ခုံအမှတ်-နပတ၁၃၁၇မှ နပတ၁၄၉၀ထိ နှင့် ရက၃၃မှ ရက၂၄၂ထိ	၂၃-၁-၂၀၁၃	နံနက် ၀၉း၀၀ နာရီ

၃။ လူတွေ့စစ်ဆေးမှုခံယူရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် (၅၅)နေပြည်တော်သို့ ဖြေဆိုရမည့်ရက်များတွင် နံနက် ၀၈း၀၀နာရီ အရောက် သတင်းပို့ကြရန်နှင့် အောက်ပါတို့ကို ယူဆောင်လာရမည် ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်-

(က) ဘွဲ့လက်မှတ်မူရင်း
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း

အားကစားသတင်း

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂)ကို ကြိုတင်လေ့လာခြင်း

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)က ကြီးမှူးကျင်းပနေသည့် MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂)ကို ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပွဲစဉ်(၂)ကို ဇန်နဝါရီ ၁၂ ရက်တွင် သုံးပွဲ၊ ဇန်နဝါရီ ၁၃ ရက်တွင် သုံးပွဲ ကစားသွားမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် လေးပွဲ၊ မန္တလေးမြို့ရှိ ဗထူးကွင်းနှင့် နေပြည်တော်ရှိ NPT ကွင်းတို့တွင် တစ်ပွဲစီကျင်းပသွားမည်ဖြစ်သည်။ ယခုတစ်ပတ်ယှဉ်ပြိုင်ကစားမည့် ခြောက်ပွဲစလုံးမှာ ပရိသတ်အကြိုက် တွေ့နိုင်သည့်ပွဲများဖြစ်ပြီး ခြေစွမ်းပိုင်း ကွာခြားမှုမရှိသောအသင်းအချင်းချင်း တွေ့ဆုံသောပွဲများလည်း ပါဝင်နေသည်။

ပွဲစဉ်(၁)တွင် အသင်းကြီးများထဲမှ လက်ရှိချန်ပီယံ ရန်ကုန်နှင့် ဧယျာဝတီ မြေအသင်းတို့မှလွဲ၍ ရတနာပုံ၊ ကမ္ဘောဇ၊ ဧရာဝတီအသင်းတို့ နိုင်ပွဲပျောက်ခဲ့ကြသည်။ နိုင်ပွဲပြန်ရှာကြရမည့် ကမ္ဘောဇ၊ ရတနာပုံနှင့် ဧရာဝတီအသင်းတို့မှာ ယခုတစ်ပတ်တွင်လည်း ပွဲကျပ်များဖြင့် ထပ်မံရင်ဆိုင်နေရသည်။ ပွဲဦးထွက်ပွဲတွင် သရေတစ်မှတ်သာရယူနိုင်ခဲ့သည့် ရတနာပုံအသင်းမှာ အိမ်ကွင်း၌ မကွေးအသင်းနှင့်ကစားရမည်ဖြစ်သည်။

မကွေးအသင်းမှာ ရတနာပုံနှင့်တွေ့ဆုံတိုင်း အခက်တွေ့အောင် ကစားနိုင်သည့်အသင်းဖြစ်ပြီး ရတနာပုံအသင်းအနေဖြင့် အားကုန်ထုတ်ကစားရမည့် အနေအထားပင်ဖြစ်သည်။ အိမ်ကွင်းတွင် မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့သည့် ကမ္ဘောဇအသင်းမှာလည်း ခြေစွမ်းမာကျောသည့် မနောမြေအသင်းနှင့် ကစားရမည်ဖြစ်သည်။ မနောမြေအသင်းမှာ ပထမပွဲစဉ်၌ ဧရာဝတီကို သရေကစားထားပြီး ကမ္ဘောဇအသင်းနှင့်တွေ့တိုင်း မထင်မှတ်သည့် ရလဒ်မျိုး ရရှိအောင် ကစားတတ်သည့် အသင်းဖြစ်သည်။ အမာခံကစားသမားအချို့ ဒဏ်ရာပြဿနာနှင့် ကြုံတွေ့နေရသည့် ဧရာဝတီအသင်းမှာမူ အဝေးကွင်း၌ နေပြည်တော်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ၂၀၁၂ ရာသီက NPT ကွင်းတွင် နှစ်ဂိုးစီသရေကျခဲ့ပြီး MFF Cup ရှုံး/ထွက်ချန်ပီယံ ဧရာဝတီအသင်းအနေဖြင့် ယခုနှစ်တွင် ရလဒ်ကောင်းတစ်ခု ထပ်မံရယူနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာမူ ရတနာပုံကို သရေကစားခဲ့သည့် ရခိုင်ယူနိုက်တက်အသင်းနှင့် ကစားရမည် ဖြစ်သည်။ ပြည်တွင်းနည်းပြ၊ ပြည်တွင်းကစားသမားများဖြင့်သာ ဖွဲ့စည်းထားသည့် ရခိုင်ယူနိုက်တက်အသင်းမှာ အဖွင့်ပွဲစဉ်တွင် အသင်းကြီး ရတနာပုံထံမှ အမှတ်ခွဲယူနိုင်ခဲ့သလို လက်ရှိချန်ပီယံ ရန်ကုန်ကိုရော ဘယ်လိုရင်ဆိုင်နိုင်မလဲဆိုတာ စိတ်ဝင်စားစရာကောင်းလှသည်။ ပွဲစဉ် (၁) ၌ ဟံသာဝတီကို အနိုင်ကစားခဲ့သည့် ဧယျာဝတီမြေအသင်းမှာမူ ပြင်ဆင်မှုများ သေချာစွာပြုလုပ်ထားသည့် ဇွဲကပင်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းနှင့် ကစားခဲ့သည့် ခြေစွမ်းအရ ဇွဲကပင်အသင်းမှာ တိုးတက်မှုများရှိလာပြီး ဧယျာဝတီမြေအသင်းအနေဖြင့် အားကုန်ထုတ်ကစားရဖွယ်ရှိသည်။ ခြေစွမ်းပိုင်းမတိမ်းမယိမ်းရှိနေသည့် Southern နှင့် ဟံသာဝတီအသင်းတို့၏ တွေ့ဆုံမှုမှာလည်း စိတ်ဝင်စားစရာကောင်းလှသည်။ ကမ္ဘောဇကို အဝေးကွင်းတွင် အနိုင်ကစားပြခဲ့သည့် Southern အသင်း၏ ခြေစွမ်းကို ဆက်လက်စောင့်ကြည့်ရပေမည်။

သတင်း-ဖိုးသော်ဇင်

ပွဲစဉ် (၂)

၁၂-၁-၂၀၁၃	ရတနာပုံ-မကွေး	ဗထူးကွင်း
	နေပြည်တော်-ဧရာဝတီ	NPT ကွင်း
	မနောမြေ-ကမ္ဘောဇ	သုဝဏ္ဏကွင်း
၁၃-၁-၂၀၁၃	ရန်ကုန်-ရခိုင်	YUSC ကွင်း
	Southern-ဟံသာဝတီ	သုဝဏ္ဏကွင်း
	ဇွဲကပင်-ဧယျာဝတီမြေ	အောင်ဆန်းကွင်း

ပိုလန်တင်းနစ်မယ် ရက်ဝမ်စကာ ဆစ်ဒနီဖလား ဗိုလ်လုပွဲတက်

ပိုလန်ထိပ်တန်းတင်းနစ်မယ် ရက်ဝမ်စကာသည် ဆစ်ဒနီအင်တာနေရှင်နယ်တင်းနစ်ပြိုင်ပွဲတွင် တရုတ်တင်းနစ်မယ် လီနာကို ၆-၁၊ ၆-၄ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ **(အပေါ်ပုံ)**

အသက် ၂၃ နှစ်ရှိ ကမ္ဘာ့အဆင့် ၄ ရက်ဝမ်စကာသည် လွန်ခဲ့သည့် တစ်ပတ်ကလည်း အော့ကလန်ကလပ်ဆစ်တင်းနစ်ပြိုင်ပွဲတွင် ယခုနှစ်အတွက် ပထမဆုံးဖလားဆွတ်ခူးခဲ့သည်။ သူမသည် ယခု ဗိုလ်လုပွဲတွင် ဖလားဆွတ်ခူးနိုင်မည်ဆိုပါက ယခုနှစ်အတွင်း ဖလားနှစ်လုံး ဆက်တိုက်ဆွတ်ခူးနိုင်သည့် ပထမဆုံးတင်းနစ်မယ် ဖြစ်လာမည်ဖြစ်သည်။

တိုက်စစ်မှူး အဒီဘာယောမရှိသော်လည်း အသစ်ထပ်မံမခေါ်ဟု စပါးနည်းပြပြောကြား

စပါးအသင်းတွင် တိုက်စစ်မှူး အဒီဘာယော အာဖရိကနိုင်ငံများဖလား သွားရောက်ကစားနေ၍ တိုက်စစ်မှူး ပြတ်လပ်နေသော်လည်း ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူးအသစ် ထပ်မံခေါ်ယူမည်မဟုတ်ကြောင်း စပါးအသင်းနည်းပြ ဘီးလပ်ဘို့စ်က ပြောကြားသည်။

စပါးအသင်းသည် ဇန်နဝါရီ ၁၂ ရက်တွင် ကျူပီအာနှင့် လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်တွင် မန်ယူနှင့်လည်းကောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် လိဒ် သို့မဟုတ် ဘာမင်ဂမ်နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တိုက်စစ်မှူး အဒီဘာယောသည် ယခုနှစ်ရာသီအတွင်း ၁၇ ပွဲကစားပြီး သုံးဂိုး သွင်းယူပေးထားသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဒုတိယပိုင်းဂိုးများကြောင့် ဇွဲကပင်အသင်းအရေးနိမ့်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနေရှင်နယ်လိဂ်ကလပ် ဇွဲကပင်ယူနိုက်တက် အသင်းနှင့် တောင်ကိုရီးယားနိုင်ငံမှ အူလ်ဆန်တက္ကသိုလ်အသင်းတို့၏ ခြေစမ်းပွဲကို ဇန်နဝါရီ ၁၀ ရက်ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ အူလ်ဆန်တက္ကသိုလ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

ဇွဲကပင်တိုက်စစ်မှူး ပီနာ ဂိုးသွင်းယူစဉ်။

အူလ်ဆန်တက္ကသိုလ် - နှစ်ဂိုး (ကင်ဆောင်ဝန်နှင့် ရှင်မြောင်ဘို)
ဇွဲကပင်ယူနိုက်တက် - တစ်ဂိုး (ပီနာ)

ဇွဲကပင်အသင်းမှာ ပေါ်တူဂီတိုက်စစ်မှူး ပီနာသွင်းယူသောဂိုးဖြင့် ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသော ဂိုးများကြောင့် ရှုံးနိမ့်သွားရခြင်းဖြစ်သည်။ ဇန်နဝါရီ ၁၃ ရက်တွင် ဧယျာဝတီမြေအသင်းနှင့် MNL အမှတ်ပေး ပြိုင်ပွဲကို ယှဉ်ပြိုင်ရန်ရှိနေသော်လည်း ဇွဲကပင်အသင်းမှာ နိုင်ငံခြားသား ကစားသမား နှစ်ဦးအပါအဝင် အမာခံကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ပွဲစကတည်းက အူလ်ဆန်အသင်းက ဖိကစားနိုင်ခဲ့သော်လည်း ဇွဲကပင်အသင်း၏ တစ်ချက်ကောင်းထိုးဖောက်မှုများက ထိရောက်ခဲ့သည်။ အထူးသဖြင့် ပေါ်တူဂီတိုက်စစ်မှူး ပီနာ၏ ဂိုးသွင်းမှုများမှာ ထိရောက်ခဲ့ပြီး မိနစ် ၄၀ တွင် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ယင်းအနိုင်ဂိုးကို မိနစ် ၆၀ ကျော်အထိ ဇွဲကပင်တို့ ထိန်းထားနိုင်ခဲ့သော်လည်း ၆၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ချေပဂိုးပြန်ပေးခဲ့ရသည်။ အသင်းခေါင်းဆောင် ကင်ဆောင်ဝန်က သွင်းယူခဲ့ခြင်းဖြစ်ပြီး လေးမိနစ်အကြာတွင် ရှင်မြောင်ဘိုက အနိုင်ဂိုးကို ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းနှင့် အူလ်ဆန်တက္ကသိုလ်အသင်းတို့၏ ခြေစမ်းပွဲကို ဇန်နဝါရီ ၁၂ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ ငုဝါ(၄)လမ်း၊ အမှတ် (L-3)နေ
(ဦးရန်အိန်ရှိုး-ဒေါ်လော်စစ်ရွှေ) တို့၏သားထွေး
ဦးလော်စစ်ဟန်-ဒေါ်ကျန်ဖုန်းရှင်၊ ဦးကျော်ဝင်း-ဒေါ်စောခင် တို့၏တူ
ကိုသက်နိုင် (ခ) Robert Yang (Managing Director, Asia Mega Link Co.,Ltd.)- မစန်းစန်း၊
ကိုနေမျိုးအောင်-မရည်လင်းမိုး၊ ကိုနေမျိုးဇော်၊ (ကိုအေးနိုင်)- မမြင့်မြင့်ဌေး တို့၏ညီ

မောင်အောင်သိန်းနိုင်

Bachelor of Arts in Business Administration (University of Portsmouth,UK)

နှင့်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် (၁၀/၈)နေ
ဦးတင်မြင့်(Managing Director, Tin Myint Yee Trading Co.,Ltd.)-ဒေါ်လှရင်
တို့၏သမီးကြီး၊ ကိုအောင်မြင့်ဦး၏ညီမ၊ မခိုင်သဇင်ဝင်း၊ မောင်အောင်မြင့်ထွေးတို့၏အစ်မ

မနန်းမြတ်ဝတ်ရည်

B.A(English)

Diploma in Hospitality & Tourism Business (Temasek Polytechnic, Singapore)

တို့၏ ၁၂-၁၂-၂၀၁၂ရက်တွင် Inya Lake Hotel Mingalar Ballroom ၌ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ကျမ်းကျိန်သူအရာရှိ ဦးမြင့်သန်းထွန်း (ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်)၊ မင်္ဂလာအောင် စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးလော်စစ်မင်းနှင့် ဇနီး ဒေါ်ပေါ်လင်းပေါင်း၊ မင်္ဂလာလက်ထပ် လက်စွပ်ချီးမြှင့်ပေးပါသော ဦးလော်စစ်ဟန်နှင့်ဇနီး ဒေါ်ကျင်ဖုန်းရှင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော မလှိုင်လှိုင်သင်း၊ A Zandar(မချောကေခိုင်ထွန်း)နှင့် မယုဟန်တို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာဖြင့် သီဆိုဖျော်ဖြေပေးပါသော Plus Three တေးဂီတဝိုင်း၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ပေးပါသော မောင်ကျော်စွာမျိုးအောင်၊ မင်္ဂလာပန်းကြဲ မမျိုးမျိုးသက်၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဖန်းကိုင်ဆောင်ပေးပါသော မယဉ်ယဉ်မင်း၊ မင်္ဂလာသတို့သားအရံ မောင်ဇော်ဇော်နိုင်၊ မင်္ဂလာသတို့သမီးအရံ မနန်းဟွမ်ပေါင်း၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် ဒီဇင်ဘာနှင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးပါသော လင်းလင်းနှင့်အဖွဲ့၊ ဘောလုံးအလှဆင်ပေးပါသော ဘိုဘိုနှင့်အဖွဲ့၊ မီးအလှဆင်ပေးပါသော မီးငယ်(Lighting)နှင့်အဖွဲ့၊ တိမ်လွှာမီးခိုးများဖြင့် အလှဖန်တီးပေးပါသော မြန်မာကာဘောနစ် နှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာ ဖန်တီးပေးပါသော (ဒဂုန်ပုံနှိပ်နှင့်ဖိတ်စာတိုက်)၊ Inya Lake Hotel မှဝန်ထမ်းများ အားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော Signature Wedding & Event Planning ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်သိန်းနိုင်-မနန်းမြတ်ဝတ်ရည်

တရားလွှတ်တော်ရှေ့နေ ဦးလှိုင်ဘွား စဉ်-၈၁၃၀/၂၀၁၂ ဒေါ်မေသီဂီလှိုင် အထက်တန်းရှေ့နေ(စဉ်-၃၈၀၆၆)တို့၏ ၈-၁-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ Sun Light Fiber Speed Boat ခရီးစဉ်လုပ်ငန်းများနှင့်

အများသိစေရန်ကြေညာခြင်းအပေါ် တုံ့ပြန်ကြေညာချက်

လူကြီးမင်း၏ ကြေညာချက်ပါ ချောင်းသာကမ်းခြေ ဟိုတယ်လုပ်ငန်းရှင်များအသင်းသည် ချောင်းသာကမ်းခြေပတ်ဝန်းကျင်ရှိ ရေပြင်နယ်နိမိတ်များတွင် ခရီးသည်များ အပန်းဖြေအနားယူရန် အပျော်စီးရေယာဉ်များဖြင့် ခရီးစဉ်ပြေးဆွဲသည့်လုပ်ငန်းကို လုပ်ကိုင်ရန်အတွက် လုပ်ကိုင်ခွင့်ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လျှောက်ထားခဲ့ပြီးဖြစ်ပါသည်ဟုပါရှိရာ အကယ်၍ လုပ်ပိုင်ခွင့်ရရှိခဲ့ခြင်းသည် ချောင်းသာကမ်းခြေ ဟိုတယ်လုပ်ငန်းရှင်များအသင်းအနေဖြင့် လုပ်ပိုင်ခွင့်ရရှိသည့် လုပ်ငန်းရှင်တစ်ဦးသာဖြစ်ပြီး (မူပိုင်ခွင့်ရရှိခြင်း မဟုတ်ပါ။)

Sun Light Fiber Speed Boat သည်လည်း ကမ်းခြေဒေသတိုးတက်ရေး၊ ဒေသခံများအလုပ်အကိုင်ရရှိရေး၊ ပင်လယ်ပြင် အသက်ကယ်လုပ်ငန်းများနှင့် လုံခြုံရေးကိစ္စရပ်များတွင် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ခရီးသွားမိဘပြည်သူများအား ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဈေးကွက်စီးပွားရေးပုံစံအရ ပေါ်ထွက်လာသည့် တိုင်းရင်းသားလုပ်ငန်းရှင် အစုအဖွဲ့ဖြစ်ပါသည်။

Sun Light Fiber Speed Boat အမည်ဖြင့် ခရီးစဉ်များသတ်မှတ်ပြီး ဧည့်သည်များအား ခရီးစဉ်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု ပြုလုပ်နေခြင်းသည် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ချောင်းသာကမ်းခြေဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ပတ်သက်ဆက်နွယ်ခြင်း လုံးဝ မရှိဟူသောစကားမှန်ကန်မှုမရှိပါ။ နှစ်ဖက်လုပ်ငန်းရှင်များ ညှိနှိုင်းကာ ချောင်းသာဟိုတယ် လုပ်ငန်းရှင်များအသင်းဘဏ္ဍာရေးမှူးက အလှူငွေ လက်ခံရယူလျက် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါသည်။

ကမ်းခြေ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီကလည်း ကမ်းခြေခရီးသွား ဧည့်သည်များ၏ အသက်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်း အစီအမံများရေးဆွဲ ဆောင်ရွက်ရန် ညွှန်ကြားချက်အား မိမိတို့ Sun Light Fiber Speed Boat အနေဖြင့် လိုက်နာဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ မိမိတို့ Sun Light Fiber Speed Boat အနေဖြင့် ချောင်းသာဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်းနှင့် ပဋိပက္ခဖြစ်ပွားလိုခြင်း အလျဉ်းမရှိပါ။ ယခင်နှစ် ၂၀၁၁/၁၂ ကာလကပင် ချောင်းသာဟိုတယ် လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းလက်တွဲ၍ အောင်မြင်စွာ ခရီးသွားဝန်ဆောင်မှု ပေးခဲ့ပြီးဖြစ်ပါသည်။

Sun Light Fiber Speed Boat အသုံးပြုခဲ့သော ငွေရပြေစာများ၊ လက်ကမ်းစာစောင်များမှာ အလှူငွေနှင့် ရောင်းချပေးသော လက်မှတ်တန်ဖိုးအလိုက် အကျိုးခံစားခွင့်ပေးအပ်ခဲ့ပြီးသော စာရွက်စာတမ်းများဖြစ်ပြီး ချောင်းသာဟိုတယ်လုပ်ငန်းရှင်များအသင်းက ကန့်ကွက်မှုမရှိခဲ့သော ၂၀၁၁/၁၂ လက်ကျန်များသာဖြစ်ပါသည်။ ယခု အသုံးပြုခြင်းလုံးဝမရှိပါ။

Sun Light Fiber Speed Boat ၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် ချောင်းသာဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့်ပတ်သက်မှု မရှိပါဟု ကြေညာခြင်း၊ မတရားတားဆီးခြင်း၊ လိုက်နာမှုမရှိက တရားစွဲမည်ဟု ခြိမ်းခြောက်ခြင်းများမှာ သင့်လျော်မှန်ကန်မှု မရှိပါ။ ကြိုတင်နေရာဦး ဗိုလ်ကျစနစ်ဖြင့် ကန့်ကွက်နေခြင်းသာဖြစ်၍ နိုင်ငံတော်၏ ပြောင်းလဲနေသော ဈေးကွက်စီးပွားရေးပုံစံစနစ်ဖြင့် ကိုက်ညီမှုမရှိပါ။

ချောင်းသာကမ်းခြေအနေဖြင့် တစ်နှစ်ပတ်လုံး ခရီးသည်များ သွားလိုရာအတွက် ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေမရှိဘဲ ကာလတိုခရီးသွားရာသီ လေးလဝန်းကျင်ခန့်သာရှိပြီး မိုးရာသီတွင် လုပ်ငန်းများ ရပ်ဆိုင်းထားရပါသည်။ ခရီးသွား ဝန်ဆောင်မှုပေးနိုင်သည့် အချိန်မှာ အလွန်တိုတောင်းမှုရှိပါသည်။ မိမိတို့ Sun Light Fiber Speed Boat အနေဖြင့် ပေးဆပ်နိုင်မည့် ငွေကြေးအတိုင်းအတာများအားလည်း ပွင့်လင်းမြင်သာစွာ ယခင်နှစ်ကထက် ပိုမိုပေးအပ်မည်ဟု ချောင်းသာဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်းအား စာဖြင့်တင်ပြထားပြီး ဖြစ်သည်ကို သက်ဆိုင်ရာ ကော်မတီဝင်များနှင့် ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းအနေဖြင့် သိရှိထားပြီးဖြစ်ပါသည်။

မိမိတို့ Sun Light Fiber Speed Boat အနေဖြင့် နိုင်ငံတော်က သတ်မှတ်သည့် အခွန်အခပေးသွင်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် လုပ်ငန်းလိုင်စင်များရယူခြင်း၊ ရရှိရန်ဆောင်ရွက်ခြင်းများ ပြုလုပ်ပြီးဖြစ်သည့်အတွက် ချောင်းသာဟိုတယ်ဇုန်လုပ်ငန်းရှင်များ အသင်း၏ စွဲဆိုမှုအဆင့်ဆင့်ကို မည်သည့်နေရာတွင်မဆို ရင်ဆိုင်ဖြေရှင်းရန် အသင့်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထက်ထက်အောင်
လိုင်စင်(၃၁၇၆၅)
အထက်တန်းရှေ့နေ

ဦးကျော်ကျော် (LL.B,D.B.L)
လိုင်စင်(၃၉၀၈)
တရားလွှတ်တော်ရှေ့နေ
အမှတ် (၅၁၄/၅၁၈)၊ (သုံးလွှာ၊A-3)
တိုင်းရင်းမေတာဝါ
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အိမ်ကွင်းမှာ အမှတ်ပြည့်ယူဖို့ အားထုတ်မယ့်ကာဒစ်ဖ်

အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်(၂၇)ကို ဇန်နဝါရီ ၁၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ လာမယ့် ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကို တန်းတက်ဖို့ ကြိုးစားနေတဲ့အသင်းတွေရဲ့အားပြိုင်မှုတွေက ကြီးမားနေသလို ကျန်တဲ့အသင်းတွေရဲ့ ရပ်တည်မှုကောင်းအောင် ကြိုးစားယှဉ်ပြိုင်နေမှုတွေကလည်း စိတ်လှုပ်ရှားစရာကောင်းနေတာမို့ ပရိသတ်တွေအတွက် ပွဲစဉ်တစ်ခုနဲ့တစ်ခု မရိုးအောင် ရသမျိုးစုံပေးစွမ်းနိုင်လျက်ရှိနေပါတယ်။

ကာဒစ်ဖ်နှင့် အစ်ဝှစ်

တန်းစီဇယားထိပ်ဆုံးက ကာဒစ်ဖ်ဟာ အိမ်ကွင်းမှာကစားရမှာမို့ အစ်ဝှစ်ကို အမှတ်ခွဲပေးဖို့ စိတ်ကူးရှိမှာမဟုတ်ပါဘူး။ ကာဒစ်ဖ်ရဲ့နောက်ဆုံးငါးပွဲကစားခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် လေးပွဲနိုင်၊ တစ်ပွဲရှုံးထားတာမို့ ရလဒ်ကောင်းအောင် ကစားထားနိုင်ပါတယ်။ ကာဒစ်ဖ်တိုက်စစ်မှူးတွေက ဂိုးသွင်းကောင်းမွန်ပေမယ့် တစ်ပွဲတစ်ဂိုးနှုန်း အသွင်းခံထားရတဲ့ ခံစစ်ကြောင်းကိုလည်း ထိန်းမတ်ဖို့လိုနေတာတော့အမှန်ပါပဲ။ ဧည့်သည် အစ်ဝှစ်တို့ကတော့ ခြေအတက်အကျမမှန်တဲ့ အပြင် ခံစစ်မှူးတွေအမှားများတာမို့ ကာဒစ်ဖ်ကွင်းမှာ အမှတ်ရဖို့တော့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အစ်ဝှစ်ချ်ရဲ့ တိုက်စစ်မှူး ကမ်ဘဲလ်က ဂိုးသွင်းနိုင်သူဖြစ်တာမို့ အိမ်ရှင်ကာဒစ်ဖ်တို့ သတိထားပြီးထိန်းချုပ်ရပါလိမ့်မယ်။

ဟားလ်စီးတီးနှင့် ရှက်ဖ်ဖီး

တန်းစီဇယား ဒုတိယနေရာက ဟားလ်စီးတီးနဲ့ တန်းဆင်းဇုန်ထဲရောက်နေတဲ့ ရှက်ဖ်ဖီးတို့ရဲ့ ယှဉ်ပြိုင်မှုက အကြိတ်အနယ်ရှိပါလိမ့်မယ်။ ဟားလ်စီးတီး တိုက်စစ်မှူးတွေ ဂိုးသွင်းမထက်မြက်ပေမယ့် ကိုယ်စီ ဂိုးသွင်းစွမ်းအားရှိကြသူတွေပါပဲ။ ဒါပေမယ့် ဟားလ်စီးတီးရဲ့ ခံစစ်ကြောင်းက ဒီနှစ်ဘောလုံးရာသီမှာ အကောင်းဆုံးပုံစံရရှိနေတာမို့ ရှက်ဖ်ဖီး တိုက်စစ်မှူးတွေ ဖြတ်ကျော်မှု အဟန့်အတားဖြစ်စေပါလိမ့်မယ်။ ဒါပေမယ့် ရမှတ်လိုအပ်နေတဲ့ ရှက်ဖ်ဖီးဟာ ဟားလ်စီးတီးထံကအမှတ်ယူနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

ဘန်လေနှင့် ခရစ္စတယ်ပဲလေ့

ဘန်လေကွင်းမှာ ခရစ္စတယ်ပဲလေ့တို့ ခြေကုန်ထုတ်ရမယ့်ကိန်းပါပဲ။ သရေပွဲတွေများနေတဲ့ ခရစ္စတယ်ပဲလေ့ဟာ ဒီပွဲကိုတော့ အဝေးကွင်းမှာ ကစားရပေမယ့် အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။ ခရစ္စတယ်ပဲလေ့ တိုက်စစ်မှူး မာရေးရဲ့ တိုက်စစ်ဆင်ထိုးဖောက် ဂိုးသွင်းမှုအားနဲ့ အနိုင်ရအောင်ကြိုးစားမှာမို့ အိမ်ရှင် ဘန်လေတို့ အကျပ်အတည်းတွေ့နိုင်ပါတယ်။ ဒါပေမယ့် ဘန်လေတိုက်စစ်မှူး အော်စတင်ကလည်း ချန်ပီယံရှစ်မှာ ဒုတိယဂိုးအများဆုံးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးဖြစ်တာမို့ ဒီပွဲဟာ မာရေးနဲ့ အော်စတင်တို့ရဲ့ အားပြိုင်မှုကိုမြင်တွေ့ရပြီး ဘယ်သူက အသင်းအတွက် ပိုအကျိုးပြုနိုင်မလဲကြည့်ရမှာပါ။

မောင်မောင်မြင့်ဆွေ - ရေးသားသည်

မစ်ဒယ်ဘရော့နှင့် ဝက်ဖို့ဒ်

နောက်ဆုံးငါးပွဲကစားခဲ့တဲ့ မစ်ဒယ်ဘရော့ရဲ့ ရလဒ်ကိုကြည့်ရင် သုံးပွဲနိုင်၊ နှစ်ပွဲရှုံးထားတာမို့ ဒီပွဲမှာ ဝက်ဖို့ဒ်ကို အနိုင်ကစားဖို့ ဆုံးဖြတ်ထားမယ့်ပွဲပါပဲ။ လူစုံဂိုးသွင်းနိုင်တဲ့ မစ်ဒယ်ဘရော့ဟာ အိမ်ကွင်းမှာ ကစားရခက်တဲ့အသင်းဖြစ်ပြီး ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်တဲ့ စွမ်းအားလည်း ပိုင်ဆိုင်ထားတဲ့အသင်းဖြစ်ပါတယ်။ ဝက်ဖို့ဒ်တို့ကလည်း တိုက်စစ်၊ ခံစစ်အကောင်းဆုံးပြင်ဆင်ပြီး မစ်ဒယ်ဘရော့ကို ယှဉ်ပြိုင်မှာဖြစ်တာမို့ တိုက်စစ်မှူး ဒီးနေခြေစွမ်းပြနိုင်ရင်တော့ မစ်ဒယ်ဘရော့တို့ အကျပ်အတည်းတွေ့နိုင်ပါတယ်။

ဘော်လ်တန်နှင့် မီလ်ဝေါ

နှစ်သင်းစလုံး အမှတ်ပြည့်ရယူဖို့ ကြိုးစားကြမှာမို့ အကြိတ်အနယ် နွှဲကြရမယ့်ပွဲပါပဲ။ ဘော်လ်တန်ဟာ အိမ်ကွင်းမှာ ခြေစွမ်းထက်မြက်တာမို့ မီလ်ဝေါတို့ ရုန်းကန်ရပါလိမ့်မယ်။ ရှုံးပွဲတွေများနေရာက နိုင်ပွဲပြန်ရထားတဲ့ ဘော်လ်တန်ဟာ ဒီပွဲမှာ ဧည့်သည် မီလ်ဝေါကို ပြင်းပြင်းထန်ထန် တုံ့ပြန်ကစားဖို့ ပြင်ဆင်မှာဖြစ်ပါတယ်။ ရှုံးပွဲ၊ နိုင်ပွဲတွေနဲ့ လုံးထွေးနေတဲ့ မီလ်ဝေါတို့ကလည်း တိုက်စစ်ပိုင်းကို အားဖြည့်ပြီး အမှတ်ရယူရေး ကြိုးစားမှာမို့ ပရိသတ် အကြိုက်ပွဲတစ်ပွဲ ဖြစ်လာပါလိမ့်မယ်။

ဘန်စလေနှင့် လိဒ်ယူနိုက်တက်

တန်းဆင်းဇုန်အောက်ဆုံးကို ရောက်နေတဲ့ ဘန်စလေဟာ ဒီပွဲကို အိမ်ကွင်းမှာတော့ အမှတ်ရယူရေး အပြင်းအထန်ကြိုးစားပါလိမ့်မယ်။ ဘန်စလေဟာ အမှတ်လိုအပ်နေပြီး တန်းဆင်းဇုန်အတွင်းက ရုန်းထွက်နိုင်ဖို့ လိဒ်ယူနိုက်တက်ကို ဖိအားပေးကစားမှာပါ။ ဒါပေမယ့် လိဒ်ယူနိုက်တက်ရဲ့ ဂိုးသွင်းသူရဲကောင်း ဘက်ချ်ရိုက ဘန်စလေခံစစ်မှူးတွေကို တွန်းတွန်းတိုက်တိုက်နဲ့ ကျော်ဖြတ်နိုင်သူဖြစ်တာမို့ ဘန်စလေတို့ အခက်အခဲနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

ဘရစ်တန်နှင့် ဒါဘီ

ခြေရည်တူ နှစ်သင်းဆုံတွေ့တာမို့ အမှားအယွင်းများတဲ့အသင်း ချေမွခံရမယ့်ကိန်းပါပဲ။ သရေပွဲသုံးပွဲဆက်တိုက်ကျထားတဲ့ ဘရစ်တန်ဟာ ဒါဘီကိုလည်း အမှတ်ပြည့်ပေးဖို့ စိတ်ကူးရှိမှာမဟုတ်လို့ ရှိသမျှအားနဲ့ အမှတ်ရအောင်ယူဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ရှုံးပွဲနှစ်ပွဲ ဆက်တိုက်ကြုံတွေ့နေရာမှ အိမ်ကွင်းမှာ မစ်ဒယ်ဘရော့ကို အနိုင်ယူခဲ့တာမို့ စိတ်ဓာတ်တက်ကြွနေတဲ့ ဒါဘီကို ဘရစ်တန်တို့ အိမ်ကွင်းမှာ တားဆီးဟန့်တားဖို့ အစွမ်းကုန်အားထုတ်ရပါလိမ့်မယ်။

ဘလက်ဘန်းနှင့် ဝုလ်ဗာ

ဘလက်ဘန်းတိုက်စစ်မှူး ရိုဒက်စ်နဲ့ ဝုလ်ဗာတိုက်စစ်မှူး ဘလိတ်တို့ရဲ့ အားပြိုင်မှုကို မြင်တွေ့ရမယ့်ပွဲပါပဲ။ ဘလက်ဘန်းဟာ နောက်ဆုံးသုံးပွဲမှာ ရှုံးပွဲတွေချည်း ဆက်တိုက်ကြုံတွေ့နေရလို့ ဝေဖန်ပြစ်တင်မှုတွေနဲ့ ရင်ဆိုင်နေရတာကို ဒီပွဲမှာ ချေဖျက်ဖို့ ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် တိုက်စစ်၊ ခံစစ်မျှအောင် ကစားနိုင်တဲ့ ဝုလ်ဗာကို အလွယ်တကူတော့ဖြတ်ကျော်ဖို့ မလွယ်ပါဘူး။ ဘလက်ဘန်း အမာခံကစားသမားတွေ အကုန်ထုတ်သုံးမှ တော်ကာကျပါလိမ့်မယ်။ ။

ဝမ်းမြောက်သာဓုခေါ်ပါကြောင်း

မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ အတုလမဟာမြေကျောင်းဆရာတော်၊ ရန်ကင်းတောင်ခြေ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးအား နိုင်ငံတော်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက်သာဓုခေါ်ပါကြောင်း၊ ဘုန်းဘုန်းစိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် သာသနာ့အကျိုး၊ (၇)ရက်သားသမီးများ၏အကျိုးကို ဆထက်တိုး၍ ဆောင်ရွက်နိုင်ပါစေ။

ကြည်ညိုလေးစားလျက်
ဒေါ်မော်မော်ရီ (မန္တလေး)
ဦးမျိုးခင်-ဒေါ်ချိုနွယ်ဦး (မြတ်-ယမုံ မိသားစု)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်ခင်လေးစားရပါသော မမ **ဒေါ်မြသီတာ(ခ)ဒေါက်တာမြသီတာဇော်တင်** **M.D, SI Group of Companies** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် (၁/၂၀၁၃) ဖြင့် **သရေစည်သူဘွဲ့တံဆိပ်**ကို ထိုက်တန်စွာ ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာ့အကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဂါရဝပြု ဆုတောင်းလျက်-

အက်စ်အိုင်ကုမ္ပဏီဝန်ထမ်းများ

နိုင်ငံတကာအားကစားသတင်း

အားကစားသတင်း အတိုအထွာ

❑ မန်စီးတီးတိုက်စစ်မှူး အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာလော့တယ်လီအား အေစီမီလန်အသင်းသို့ ရောင်းချမည်ဖြစ်ကြောင်း မန်စီးတီးကလပ်တာဝန်ရှိသူများက ပြောကြားသည်။

❑ အင်တာမီလန်အသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ရှနိုက်ဒါသည် ထိပ်တန်းကွင်းလယ်ကစားသမား စာရင်းဝင်သူဖြစ်ကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ထုတ်ဖော်ပြောကြားသည်။

❑ စပါးအသင်းသည် ဆီဗီလာတိုက်စစ်မှူး အသက် ၂၇ နှစ်အရွယ်ရှိ အယ်ဗာရိုနက်ဘရီဒိုအား ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်းဖြင့် လေးနှစ်ခွဲ စာချုပ်ချုပ်ဆိုခေါ်ယူတော့မည်ဖြစ်သည်။

❑ အိုင်းယက်နှင့် ဂါလာတာစာရေးအသင်းတို့သည် လီဗာပူးတောင်ပံကစားသမားအသက် ၂၄ နှစ်အရွယ်ရှိ အာဆီဒီအား နွေရာသီအပြောင်းအရွှေ့ကာလတွင်ပြောင်းရွှေ့ကြေး ပေါင်သုံးသန်းဖြင့် ခေါ်ယူရေး အပြိုင်ကြိုးစားလျက်ရှိသည်။

❑ လီဗာပူးတိုက်စစ်မှူး အသက် ၁၈ နှစ်အရွယ်ရှိ စတာလင်းသည် နည်းပြမော်ရင်ဟိုလက်အောက်၌ ကစားလိုသောဆန္ဒပြင်းပြလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ နယူးကာဆယ်အသင်းမှ လူငယ်ကစားသမားများသည် ကြိုးစားမှုမရှိပါက နေရာပွဲထွက်ကစားခွင့်ရရှိမည်မဟုတ်ကြောင်း နည်းပြ အလန်ပါဒူးက ထုတ်ဖော်ပြောကြားသည်။

❑ ကမ္ဘာ့ဖလားရ အီတလီအသင်းခေါင်းဆောင် အသက် ၃၉ နှစ်အရွယ်ရှိ ကင်နာဗာရိုက ယခုနှစ် အေစီမီလန်အသင်းခြေစွမ်းမှာ နိမ့်ကျလျက်ရှိကြောင်း ဝေဖန်ပြစ်တင်လိုက်သည်။

မောင်ချစ်ကြည် - စုစည်းသည်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးစိုးအောင်(ဌာနကြီးမှူး၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်)-ဒေါ်ကြူကြူဝင်းတို့၏သားလတ်
ဒေါက်တာဉာဏ်လင်းထက် (ဒုတိယပါမောက္ခ၊ နည်းပညာတက္ကသိုလ်-သန်လျင်)၏ညီ၊
မောင်ဉာဏ်မင်းထက်[Dip in Management Studies(SIM University, Singapore)]၏ အစ်ကို

ဗိုလ်ကြီးဉာဏ်ဝင်းထက် B.Sc(D.S.A)

တပ်မတော်(ရေ)

နှင့်

မန္တလေးမြို့နေ
ဦးထွန်းတင်(ဦးစီးအရာရှိ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)-
ဒေါ်တင်တင်ဦး(ပင်မရေနံ-မန္တလေး)တို့၏ တစ်ဦးတည်းသောသမီး

မဇေခိုင်

B.C.Sc(Hons:) (U.C.S.Y)
Academic Leader, Senior Teacher
(Latha Branch, TOTAL Learning Academy and BRAINWORKS School)

တို့၏ ၂၅-၁၂-၂၀၁၂ ရက်တွင် Traders Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဝင်းဆွေနှင့်ဇနီးဒေါ်နန်းနှင်းဆီအားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသောဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့်ဇနီးဒေါ်တင်တင်အေး၊ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပင်မရေနံ(ဓနိတော)မှ အထွေထွေမန်နေဂျာဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ခင်ဆွေတို့အားလည်းကောင်း၊ ၂၈-၁၂-၂၀၁၂ ရက် မန္တလေးမြို့ နန်းဦးကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၅-၁-၂၀၁၃ ရက်တွင် Sedona Hotel(Grand Ballroom) ၌ ကျင်းပပြုလုပ်ပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ဇနီးဒေါ်ကြူကြူစိုး၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီးအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးပါသော မဝဿာန်အောင်၊ မင်္ဂလာပန်းကုံးကလပ်ကိုင်ဆောင်ပေးပါသော မသဇင်ထွန်း၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မဝေနုငယ်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးလင်းသော်ဦး၊ ဗိုလ်ကြီးသန်းငွေအောင်၊ မင်္ဂလာသတို့သမီးအရံ မဆုမွန်ကျော်၊ မသီရိမျိုးခိုင်၊ မိတ်ကပ်နှင့်ဆံပင် အလှဆင်ပေးပါသော ဝတ်စုံဒီဇိုင်းနှင့် မိတ်ကပ်ထူးချွန်ပညာရှင် တိုးတိုး(Best Make up Artist Asia Award)၊ မိတ်ကပ်ရန်လင်းကျော်နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံစီစဉ်ပေးပါသော ပြည့်စိုးအောင်၊ မင်္ဂလာပန်းအလှဆင်ပေးပါသောကိုခင်မောင်ဝင်းနှင့်အဖွဲ့၊ မင်္ဂလာအခါတော်နှင့် ချမ်းမြေ့ပါစေသီချင်း သီဆိုချီးမြှင့်ပေးပါသော အဆိုတော်ဒေါ်ရီရီသန့်အားလည်းကောင်း၊ တေးသီချင်းများသီဆိုပေးပါသော ကိုRဇာနည်၊ ကိုဇော်ပိုင်နှင့် တေးသံရှင်များ၊ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော SKY Net အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပ ပြုလုပ်နိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးဥပကာရ အထူးပင်တင်ရှိပါကြောင်း မင်္ဂလာမော်ကွန်း မှတ်တမ်းတင်အပ်ပါသည်။ **နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးဉာဏ်ဝင်းထက်-မဇေခိုင်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရန်ကုန်-လပွတ္တာခရီး အနီးလေးဟုဆိုချင်

မြန်မာနိုင်ငံ မြေပုံပေါ်မှာကြည့်ရင် လပွတ္တာမြို့ဟာ မြစ်ဝကျွန်းပေါ်ဒေသရဲ့ အနောက်တောင်ယွန်းယွန်းမှာ ရှိပါတယ်။ ရန်ကုန်ကနေ မိုင် ၁၅၀ ကျော် ဝေးပါတယ်။ မြစ်ဝကျွန်းပေါ် ဒေသဟာ မြစ်ချောင်းတွေပေါများတဲ့ ဒေသဖြစ်တဲ့ အတိုင်းလပွတ္တာကိုရောက်ဖို့ဆိုရင် အရင်က မြစ်တစ်တန် ချောင်းတစ်သွယ်ကို ဇက်ရေယာဉ်တွေ၊ မော်တော်တွေစီးလို့ ကျော်ဖြတ်ခဲ့ရပါတယ်။ လမ်းတစ်လျှောက်မှာဆိုရင် ညောင်တုန်း၊ ပန်းတနော်၊ အိမ်မဲ၊ ကန်ကြီးဒေါင့်၊ မြောင်းမြစတဲ့ မြို့တွေကို ကျော်ဖြတ်ရပါတယ်။

မြို့ပြတွေဖွံ့ဖြိုးဖို့၊ ဒေသခံပြည်သူတွေရဲ့ လူနေမှုဘဝမြင့်မားဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးဟာ အဓိကကျပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရက လမ်း၊ တံတားတွေဖောက်လုပ် တည်ဆောက်ပေးခဲ့ရာ အဲဒီ ရန်ကုန်-လပွတ္တာ မော်တော်ကားလမ်းပေါ်မှာ ညောင်တုန်းတံတား၊ မြောင်းမြတံတား၊ လပွတ္တာတံတား စတဲ့ တံတားတွေ အစီအရီပေါ်ထွက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတံတားတွေပေါ်လာတော့ ရန်ကုန်-လပွတ္တာသွား ခရီးသည်တင်ကားတွေ၊ ကုန်တင်ကားတွေဟာ မြစ်ချောင်းတွေကို ရေပြင်ကတစ်ဆင့် ဖြတ်ကျော်ဖို့ မလိုတော့ပါဘူး။ အရင်က လပွတ္တာမြို့နယ်နဲ့ အနီးဝန်းကျင်ကျေးရွာတွေက ဒေသခံပြည်သူတွေဟာ လှေသင်္ဘော၊မော်တော်တွေ အားကိုးပြီး ခရီးသွားနေခဲ့ရတဲ့ အတွက် လမ်းမှာမိုးကာလ အန္တရာယ်တွေ၊ ခရီးကြန့်ကြာရတဲ့ ကိစ္စတွေကြုံတွေ့ခဲ့ရပေမယ့် ယခုတော့အဲဒီလိုမကြုံတွေ့ရတော့ဘဲ အချိန်တိုအတွင်း ခရီးပေါက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အချိန်တိုအတွင်းဆိုတာကတော့ သင်္ဘော၊ မော်တော်ခရီးတွေထက် အချိန်တိုတယ်လို့ ဆိုချင်တာဖြစ်ပါတယ်။ ဒါပေမယ့် ဖောက်လုပ်ထားတဲ့ ကားလမ်းဟာ အချိန်မရွေးသွားလာနိုင်တဲ့ လမ်းတော့ မဟုတ်သေးပါဘူး။ မိုးတွင်းဆိုရင် လမ်းပျက်လို့ လမ်းပိုင်းအချို့မှာ ခရီးသည်တင် ကားကြီးတွေ၊ ကုန်တင်ကားကြီးတွေ မသွားနိုင်တော့တာမို့ ကားငယ်တွေနဲ့ အဆင့်ဆင့်ကယ်ရီလုပ်လို့ ခရီးသွားကြရတဲ့ အခြေအနေမျိုးလည်း ရှိတတ်ပါတယ်။

ဒီကြားထဲ ကံဆိုးချင်တော့ ပြန်းဆို ၂၀၀၈ ခုနှစ် မေလမှာ လပွတ္တာမြို့အပါအဝင် မြစ်ဝကျွန်းပေါ်ဒေသမြို့နယ်အချို့ကို နာဂစ်မုန်တိုင်းက ဝါးမျိုသွားခဲ့ပါတယ်။ လပွတ္တာတစ်မြို့လုံး မုန်တိုင်းသင့်လိုက်တာ တစ်မြို့လုံးရော အနီး ပတ်ဝန်းကျင်ဒေသတွေရော လေဒဏ်၊ မိုးဒဏ်အပြင် အဆိုးရွားဆုံးဖြစ်တဲ့ ဒီရေလှိုင်းဒဏ်ကိုပါ ခံလိုက်ကြရတာဟာ ယနေ့တိုင်မမေ့နိုင်သေးတဲ့ဖြစ်ရပ်ပါ။ အဲဒီနောက်နိုင်ငံတော်အစိုးရက မုန်တိုင်းသင့်ဒေသတွေကို ပြန်လည်ထူထောင်၊ ပြန်လည်တည်ဆောက်ရာမှာ လပွတ္တာမြို့ဟာ ဖွံ့ဖြိုးတိုးတက်နေလိုက်တာ အရင်ကနဲ့ မတူတော့ဘဲ အိမ်ကြီး အိမ်ကောင်း တော်တော်များများနဲ့ အရင်က ထက်ဖွံ့ဖြိုးနေတာ တွေ့လိုက်ရတာပါပဲ။ အဲဒီကာလက လုံးဝပြိုကျပျက်စီးသွားတဲ့ ကမ်းနားလမ်းတစ်လျှောက်က အိမ်တွေဟာ ယခင်က အိမ်ငယ်လေးတွေဖြစ်ပေမယ့် အခုဆိုရင် တိုက်တာ အိမ်ကြီးတွေ ဖြစ်လို့နေပါပြီ။ ကမ်းနားမှာ ဆိုက်ကပ်ထားတဲ့ လှေတွေ၊ မော်တော်တွေပေါ်က ဆန်နဲ့ အခြားကုန်ပစ္စည်းတွေ အတင်အချ ပြုလုပ်နေတာကိုကြည့်ရင် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတဲ့ မြို့တစ်မြို့ဆိုတာ ခန့်မှန်းလို့ရပါတယ်။ တကယ်တော့ အဲဒီမြို့ရဲ့ စီးပွားရေးမှာ နာမည်ကြီးပြီး ထင်ရှားတဲ့ လုပ်ငန်းတွေကတော့ ဆန်စပါးနဲ့ ရေလုပ်ငန်းတွေပဲဖြစ်ပါတယ်။ လပွတ္တာဆန်နဲ့ လပွတ္တာရေထွက်ပစ္စည်း၊ အထူးသဖြင့် ကဏန်းတွေကို လူကြိုက်များလှပါတယ်။ တစ်ချိန်က လပွတ္တာဆားက အလွန် နာမည်ကြီးခဲ့တာပါ။ သို့သော် အခုတော့ လပွတ္တာဆားလုပ်ငန်းကို နာဂစ်က ဖျက်ဆီးသွားခဲ့တာမို့ ပြန်လည်ထူထောင်ဆဲပါပဲ။

ခရီးသည်တစ်ဦး

ဒီလို မြို့ပြဖွံ့ဖြိုးမှု၊ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးလာမှုကို အကြောင်းပြုလို့ ယခုအခါ လပွတ္တာမြို့နဲ့ ဒေသခံပြည်သူတွေ ကံကောင်းလာလိုက်တာ လပွတ္တာ (၃) မိုင်မြို့သစ်ကိုပါ နိုင်ငံတော်အစိုးရက အကောင်အထည် ဖော်ပေးခဲ့ပါပြီ။ လပွတ္တာမြို့နယ်ကို လပွတ္တာခရိုင်ဆိုပြီး မြို့နယ်အဆင့်ကနေ ခရိုင်အဆင့်ကို တိုးမြှင့်ပေးခဲ့ပါတယ်။ လပွတ္တာ (၃) မိုင် မြို့သစ်ဟာ ရန်ကုန်ကနေလာရင် လပွတ္တာမြို့ကိုမဝင်မီ သုံးမိုင်အလိုမှာရှိပါတယ်။

လပွတ္တာ (၃) မိုင်မြို့သစ်မှာ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို တည်ဆောက်ပေးထားခဲ့ပါပြီ။ အစိုးရခရိုင်ရုံးမှန်သမျှလည်း မြို့သစ်မှာ ရုံးစိုက်လို့နေပါပြီ။ မြို့သစ်မှာ နေထိုင်လိုသူတွေအတွက် မြို့ကွက်တွေရိုက်ပြီး နေရာချပေးခဲ့ပါပြီ။

သို့သော် နာဂစ်ကာလပြီးလို့ လေးနှစ်တာကာလကို ကျော်ဖြတ်ခဲ့ပြီဖြစ်ပေမယ့် (၃) မိုင်မြို့သစ်ဟာ မြို့ပြအသွင် တိုးတက်ဖွံ့ဖြိုးမှုအားနည်းနေတာကို တွေ့ရပါတယ်။ မြို့နဲ့ ဒေသခံနေ ပြည်သူအများစုရဲ့ အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ ဆန်လုပ်ငန်းနဲ့ ရေလုပ်ငန်းများအတွက် ကုန်စည်ကူးသန်းမှုဟာလည်း အားနည်းနေဆဲဖြစ်ပါတယ်။

ခရိုင်အဆင့် မြို့ဖြစ်တဲ့အတွက် မြို့ပြတွေဖွံ့ဖြိုးဖို့၊ စီးပွားရေးလုပ်ငန်းတွေဖွံ့ဖြိုးဖို့၊ လူနေမှုအဆင့်အတန်းဖွံ့ဖြိုးလာဖို့လိုအပ်ပါတယ်။ အဲဒီလို ဖွံ့ဖြိုးလာဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးဟာ အဓိကကျလှပါတယ်။ လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်ဖို့လိုအပ်ပါတယ်။

ရန်ကုန်- လပွတ္တာမော်တော်ကားလမ်းဟာ တကယ်တော့ မိုင် ၁၅၀ ကျော်သာရှိပါတယ်။ ကားလမ်းကောင်းရင် သည်ခရီးကို ၅ နာရီ ၆ နာရီနဲ့ ရောက်နိုင်မှာဖြစ်ပါတယ်။ အခုတော့ အနည်းဆုံး ၈ နာရီမောင်းရပါတယ်။ အချို့နေရာမှာကား နှစ်စီးရှောင်ဖို့တောင် ခက်ခဲလှပါတယ်။ ကတ္တရာ လမ်းကိုအများစု တွေ့နိုင်ပေမယ့် ကြမ်းတမ်းလှတဲ့ လမ်းပိုင်းအချို့က ရှိနေဆဲဖြစ်တာကြောင့် ခရီးစဉ် တစ်လျှောက် ကြန့်ကြာနေရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်အထိတော့ မိုးတွင်းကာလမှာ ရန်ကုန်-လပွတ္တာ ခရီးသည်တင်ကားကြီးတွေ၊ ကုန်တင်ကားကြီးတွေ တောက်လျှောက်မပြေးဆွဲနိုင်ဘဲ လမ်းမကောင်းတဲ့ နေရာတွေမှာ ကားငယ်တွေပေါ် ခရီးသည်တွေပြောင်းစီးပြီး ခရီးဆက်ကြရတယ်လို့သိရပါတယ်။

ယခုတော့ လမ်းကြမ်းကိုပြုပြင်ဖို့ ကျောက်တွေပုံထားတာ တွေ့ရပါတယ်။ ဒီနှစ်မိုးတွင်းမတိုင်မီတော့ ဒီလမ်းတွေကို ပြုပြင်နိုင်ပါစေလို့ လပွတ္တာမြို့သူ မြို့သားတွေနဲ့ခရီးသည်တွေက မျှော်လင့်ဆုတောင်းနေတာ အမှန်ပါပဲ။ ရန်ကုန်-လပွတ္တာခရီးဟာ တကယ်တော့ အနီးလေးလို့ ဆိုချင်ပါတယ်။ အဲဒီလို အနီးလေးက လပွတ္တာမြို့ဖွံ့ဖြိုးလာဖို့ ကားလမ်းလေးတွေ ကောင်းလာရင် တော်တော်လေး အဆင်ပြေသွားလိမ့်မယ်လို့ မျှော်လင့်ရင်း အကြံပြု ရေးသားလိုက်ရပါတယ်။

ညကျောင်းဖွင့်လှစ်

ဆိပ်ဖြူ ဇန်နဝါရီ ၁၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား အောင်ချက်မြင့်မားရေးအတွက် အထက ဆိပ်ဖြူ ကျောင်းအုပ်ကြီး ဦးဇော်ဝင်း ဦးဆောင်လျက် စေတနာ ညကျောင်းကို ဇန်နဝါရီ ၈ ရက်မှစ၍ နေ့စဉ် ညနေ ၆ နာရီမှ ည ၉ နာရီအထိ ဘာသာရပ်အလိုက် အထက ဆိပ်ဖြူမှ ဆရာ ဆရာမများက ကျောင်းသားကျောင်းသူ ၁၀၀ တို့အား ဖေဖော်ဝါရီ ၈ ရက်နေ့အထိ တစ်လကြာအနီးကပ် သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုမျိုး(ဆိပ်ဖြူ)

နည်းပညာမြင့် သုံးဖက်မြင် သရီးဒီရုပ်ရှင်ရုံများ ကြည့်ရှုသူများပြားလာ

နည်းပညာမြင့် ရုပ်လုံးကြွ သရီးဒီ ရုပ်ရှင်ရုံများ၌ လာရောက်ကြည့်ရှုသူ ပရိသတ်များပြားလာခဲ့ကြောင်းသိရှိရသည်။ "သရီးဒီရုပ်ရှင်တွေကို လူကြိုက်များလာပါတယ်။ ရုပ်ရှင်ရုံတွေလည်းအများကြီးဖြစ်လာတယ်လေ။ သရီးဒီနဲ့ ကြည့်ပြီးတဲ့ ဇာတ်ကားတွေက ပိုပြီးမှတ်မိလည်းလွယ်တယ်။ ကိုယ်အနားမှာဖြစ်သွားသလိုမျိုး ခံစားရလို့ပါ။ သရီးဒီရုပ်ရှင်ရုံဆိုပြီး စပေါ်တာကတော့ တိရစ္ဆာန်ရုံကစားကွင်းမှာပါ။ သိပ္ပံကားတွေစပြီး ပြတာပေ့ါ။ နောက်ပိုင်းမှာ တဖြည်းဖြည်းလူသိများလာပြီး ကြည့်တဲ့သူတွေလည်းများလာပါတယ်။ အခုတော့ ရှော့ပင်းမောလ်တွေမှာလည်း သရီးဒီရုပ်ရှင်ရုံတွေများလာသလို ဟက်ပီးဝေါလ်တို့လိုကစားကွင်းတွေမှာလည်း သရီးဒီနဲ့ကြည့်လို့ရမယ့် ရုပ်ရှင်ရုံဆန်ဆန် အခန်းလေးတွေ လုပ်လာကြတယ်"ဟုဒဂုံစင်တာရှိ သရီးဒီရုပ်ရှင်ရုံမှ မချောစုကပြောပြသည်။ ကမ္ဘာကျော်တိုင်တန်းနစ်ဇာတ်ကားကို သုံးဖက်မြင်သရီးဒီပုံရိပ်ဇာတ်ကားအဖြစ် ပြန်လည်ပြသရာ ကြည့်ရှုသူပေါင်းများစွာ လာရောက်ခဲ့ကြသည့်နောက်ပိုင်း သရီးဒီရုပ်ရှင်များ ပိုမိုကြည့်ရှုလာကြကြောင်း သိရှိရသည်။ "သရီးဒီရုံတွေမှာ အများစုကြည့်ကြတာ မိသားစုလိုက်တွေ၊ သူငယ်ချင်းတွေအများကြီး လာကြည့်ကြတာမျိုးများတယ်။ စျေးနှုန်းကတော့များပါတယ်။ လူတစ်ဦးကို ကျပ်သုံးထောင်ဝန်းကျင်ပေးရပါတယ်။ ဝန်ဆောင်မှုကတော့လိုအပ်ပါသေးတယ်။ ဇာတ်လမ်းတွေထပ်တာ၊ သရီးဒီမျက်မှန်ကတပ်ထားရင် အံဝင်ခွင်ကျ နေသာထိုင်သာမရှိတာမျိုးတွေဖြစ်တယ်။ နောက်ပြီး ထိုင်ခုံတွေကအစ အဆင့်မြှင့်ဖို့လိုတယ်" ဟုရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဦးကိုကိုလတ်က သုံးသပ်သည်။ မည်သို့ပင်ဆိုစေ နည်းပညာမြင့် သရီးဒီရုပ်ရှင်ရုံများကမူ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့ကြီးများအပြင် နယ်မြို့များအထိပါ ခြေဆန့်နိုင်ရန် ပြင်ဆင်နေကြကြောင်း အဆိုပါ သရီးဒီရုပ်ရှင်ရုံလုပ်ငန်းရှင်များ အသိုင်းအဝိုင်းက သိရှိရသည်။

(သွန်းဝသန်)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဦးတင်မောင်မောင်မြတ်(ဥက္ကဋ္ဌ မြန်မာပိတောက်ကုမ္ပဏီလီမိတက်)၏ ၁၂-၁-၂၀၁၃ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် လိုအင်ဆန္ဒများ ပြည့်ဝပြီး ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အောင်မြင်သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Myanmar Padauk Co.,Ltd

Director များနှင့် ဝန်ထမ်းများ

မွေးနေ့ဆုမွန်

၁၂-၁-၂၀၁၃ ရက်တွင် ကျရောက်သော ချစ်သားလေး ဘုန်းမြတ်သီဟ၏ (၁)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် အောင်ပျော်ရွှင်ချမ်းမြေ့လှပသောဘဝကို ပိုင်ဆိုင်ပြီး ထူးချွန်ထက်မြက်သော (သား)လိမ္မာလေးဖြစ်ပါစေ-

ချစ်တဲ့-ဘိုးဘိုး- ဦးတိုင်းကျော်
ဘွားဘွား- ဒေါ်နန္ဒာဌေး
ဖေဖေ-ကိုသီဟဇော်
မေမေ-ခင်နှယ်နီဌေးဝင်း
မမ-သုမြတ်သီရိ

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနမှ ဆင်ပြောင်-၁၈ ရေယာဉ်တစ်စင်းအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက်	-	၁၅-၁-၂၀၁၃ ရက်မှ ၂၁-၁-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)
၃။ တင်ဒါပုံစံရောင်းချမည့်နေရာ	-	(က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
	-	(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်း၊ အမှတ်-၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်	-	၂၂-၁-၂၀၁၃ ရက် (အင်္ဂါနေ့)
အချိန်နှင့်နေရာ	-	၁၂ နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်ရက် နှင့်အချိန်	-	၂၂-၁-၂၀၁၃ ရက်၊ ၁၃ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
စက်ရုံမှူးနေအိမ်နှင့် စက်ရုံအဆောက်အအုံအသစ်တည်ဆောက်ရေးအတွက်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ထပ်ဆင့်လွှင့်စက်ရုံ(၃)ရုံတွင် စက်ရုံမှူးနေအိမ် နှစ်လုံးနှင့် စက်ရုံအဆောက်အအုံအသစ်တစ်လုံးတည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁-၂၀၁၃ရက်မှ ၁၇-၁-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်ရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
နေပြည်တော်(တပ်ကုန်း)
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၇၉၁၃၅

ကန့်ကွက်နိုင်ပါကြောင်း

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ အိုင်၊ မြေကွက်အမှတ် II- ၁၊ မြေကွက်တည်နေရာ ၁၂၀၊ ၁၂၂ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဒေါ်ညွန့်ညွန့် (သမီး) ဒေါ်သန်းသန်းနွဲ့(ခ) Margaret Hla Gyaw နှင့် ဒေါ်တင်တင်မေ (ခင်ပွန်း) ဦးတင်အောင် အမည်ပေါက် နှစ် ၉၀ ဂရန် (သက်ကုန်) မြေအား အမည်ပေါက်ဒေါ်ညွန့်ညွန့်နှင့် ၎င်း၏ခင်ပွန်း ဦးလှကျော်တို့ ကွယ်လွန်ကြပါသဖြင့် တစ်ဦးတည်းသော သမီး ဒေါ်သန်းသန်းနွဲ့ ၁၂/ဗတထ(နိုင်) ၀၁၈၁၈၇ ကျန်ရှိခဲ့ပါသည်။ အမည်ပေါက် ဒေါ်တင်တင်မေ(ကွယ်လွန်)သဖြင့် ၎င်း၏ခင်ပွန်း ဦးတင်အောင်က ထုတ်ဖော်ကြေညာချက် $\frac{၃၇၁/၇၈}{၂၃-၆-၇၈}$ ဖြင့် ပိုင်ခဲ့ပြီး ၎င်းက မေတ္တာဖြင့် အပိုင်ပေးစာချုပ် $\frac{၉၅/၈၁}{၂၅-၂-၈၁}$ အရ သားနှင့်သမီး ဖြစ်သူ ဦးခင်မောင်ချို၊ ဒေါ်ခင်ဆွေရီတို့အားပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်ဆွေရီနှင့် ခင်ပွန်း ဦးစိန်ဝင်းတို့ ကွယ်လွန်ကြသဖြင့် ၎င်းတို့၏ တစ်ဦးတည်းသော သမီး Dr. သီဂီဝင်း ၁၂/ဗတထ(နိုင်)၀၁၉၂၀၇၊ ဦးခင်မောင်ချို ၁၂/ဗတထ(နိုင်)၀၁၈၇၈၉ ၏ SP $\frac{၁၇၄၇၂}{၃၁-၁၀-၁၂}$ ရသူ ဦးအေး ၁၂/ဗတထ(နိုင်)၀၁၈၃၀၁ နှင့် ဒေါ်သန်းသန်းနွဲ့ ၁၂/ဗတထ(နိုင်)၀၁၈၁၈၇ တို့ ပူးတွဲ၍ စာချုပ်များ၊ ကျမ်းကျိန်လွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အမည်မှန်

ဦးတင်ဌေး၏သား ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း Grade-7(C)မှ မောင်ခန့်ထူးဇော်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ခိုင်ထူးဇော် ဖြစ်ပါသည်။

မောင်ခိုင်ထူးဇော်

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၁၁၂၅ အမည်ပေါက် ရဲတပ်သားဇော်လွင် (လ/၁၃၁၉၈၆)၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးကိုကိုမောင် ၁၂/ပဘတ(နိုင်)၀၂၈၅၂၆ က မြေကွက်စလစ်(မူရင်း) နှင့် ငွေသွင်းချလန် (မူရင်း)တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက် ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ

အခု ပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတဲ့အခါ အထောက်အကူပြု လမ်းညွှန်ပေးသွားမယ့် သင်ခန်းစာပဲ ဖြစ်ပါတယ်။ ပထမဆုံး ပြောလိုတာကတော့ ၂၀၀၈-၂၀၀၉ စာသင်နှစ်ကစလို့ Grade 11 Biology ဖတ်စာအုပ် အသစ်ရဲ့ အချို့အခန်းတွေမှာ စာအပြောင်းအလဲ အနည်းငယ်ရှိတာကို ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျရှုံးခဲ့ပြီး ယခု စာသင်နှစ်မှာ ဇီဝဗေဒဘာသာရပ်ကိုပဲ ဆက်လက်ယူကြတဲ့ ကျောင်းသား ကျောင်းသူများနဲ့ အပြင်ဖြေ ကျောင်းသား ကျောင်းသူများကို သိစေချင်ပါတယ်။

ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ ကျောင်းသား ကျောင်းသူများ အဓိက သဘောပေါက် နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ Chapter 1 to 12 မှာပါရှိတဲ့ အကြောင်းအရာအားလုံးကို ကျေညက်အောင် သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒီလို လေ့လာကျက်မှတ်ထားခြင်းအားဖြင့် မေးခွန်းအားလုံးကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသား ကျောင်းသူများကို အကြံပြုလိုတာကတော့-

၁။ ဇီဝဗေဒဘာသာရပ်ကို Grade 11 Biology ပါ သင်ခန်းစာအားလုံးကို အခန်းတိုင်း ကျေညက်စွာနားလည်အောင် လေ့လာကျက်မှတ်ရန်။

၂။ Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာ ဝေါဟာရ (Terminology) များကို စာလုံးပေါင်းနှင့်တကွ သေချာစွာ ကျက်မှတ်ထားရန်။

၃။ သရုပ်ဖော်ပုံများနှင့် ဇယားများကိုလည်း နားလည်သဘောပေါက်ရန်နှင့် စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိကသုံးချက်ပဲ ဖြစ်ပါတယ်။

ကိုယ်ကျက်မှတ်ထားတဲ့စာတွေ ဘယ်လောက်ရပြီလဲဆိုတာ ခန့်မှန်းနိုင်ဖို့အတွက် ပြည်နယ်နှင့်တိုင်းများအလိုက် မေးခွန်းဟောင်းများကို လေ့လာပြီး ဖြေဆိုကြည့်ကြဖို့ လိုပါတယ်။ မေးခွန်းဟောင်းများကို ဖြေဆိုကြည့်မှပဲ မေးခွန်းရဲ့သဘောကို နားလည်ကြမှာပါ။ မေးခွန်းဟောင်းများထဲက မေးခွန်းများဟာ တိုက်ရိုက်ပါတာ နည်းပြီး တွေးတောဖြေဆိုရမယ့်မေးခွန်းများ ပိုများတယ်ဆိုတာ သဘောပေါက် နားလည်ကြစေလို၍ ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာတွေအားလုံး အလွတ်ရနေပေမယ့်လည်း မေးခွန်းအသွားအလာကို နားမလည်ဘူးဆိုရင် ဘယ်လို ဖြေရမယ်ဆိုတာ နားလည်မှာ မဟုတ်ပါဘူး။

- မေးခွန်းဟောင်းပုံစံကို လေ့လာကြမယ်ဆိုရင်-

1. **True/False**
2. **Completion**
3. **Short Questions (2 Marks each) ပေးပါတယ်။**
4. **Short Questions (4 Marks each) ပေးပြီး**
5. **Long Questions (8 Marks each)**

စသည်တို့ဖြင့် သတ်မှတ်ထားတယ်။

- မေးခွန်းတစ်ခုစီမှာ သတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ ကြည့်မယ်ဆိုရင်-

မေးခွန်းအမှတ်(၁) True/False အမျိုးအစားမှာ Statements (20)ပါပြီး (1) mark for each statement ပေးထားလို့ စုစုပေါင်း (20 marks) ရပါမယ်။

မေးခွန်းအမှတ်(၂) Completion ကွက်လပ်ဖြည့် အမျိုးအစားမှာ Statements (20) ပါပြီး (1) mark for each statement ပေးထားလို့ စုစုပေါင်း (20 marks) ရပါမယ်။

မေးခွန်းအမှတ်(၃) Short Questions အမျိုးအစားမှာ (2 Marks for each answer) ပေးထားပါတယ်။ ဆင့်ပွားမေးခွန်းငယ် (a) to (f) ထိ ၆ ပုဒ် ပေးထား ပြီး Answer All Question လို့ ဖော်ပြထားတာကြောင့် (၆)ပုဒ်စလုံး ဖြေဆိုရမယ်။ ဒါကြောင့် စုစုပေါင်း (2 x 6 = 12marks)ရပါတယ်။

မေးခွန်းအမှတ်(၄) Short Questions အမျိုးအစားမှာ (4 Marks for each answer) ပေးထားပါတယ်။ ဆင့်ပွားမေးခွန်းငယ် (a) to (e) ထိ (၅)ပုဒ် ပေးထားတယ်။ Answer ANY FOUR Question လို့ ဖော်ပြထားတယ်။ တစ်နည်းအားဖြင့် (၅)ပုဒ်ပေးထားတဲ့ အနက် (၄)ပုဒ် ဖြေဆိုရမယ်။ ဒါကြောင့် စုစုပေါင်း (4 x 4 = 16 marks) ရပါတယ်။

မေးခွန်းအမှတ်(၅) Long Questions အမျိုးအစားမှာ (8 Marks for each answer) ပေးထားပါတယ်။ ဆင့်ပွားမေးခွန်းငယ် (a) to (f) ထိ (၆)ပုဒ် ပေးထားတယ်။ ဒီမေးခွန်းအမှတ်(၅)မှာလည်း Answer ANY FOUR Question လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ(၄)ပုဒ်သာ ဖြေဆိုဖို့ လိုအပ်တယ်။ဒါကြောင့် စုစုပေါင်း (8 x 4=32marks) ရပါတယ်။

အမှတ်အရေအတွက်နဲ့ ကြည့်မယ်ဆိုရင် -

မေးခွန်းအမှတ်	**No. 1**	**20 marks**
	No. 2	**20 marks**
	No. 3	**12 marks**
	No. 4	**16 marks နဲ့**
မေးခွန်းအမှတ်	**No. 5**	**32 marks**
စုစုပေါင်း	**Total**	**100 marks ဖြစ်ပါတယ်။**

မေးခွန်းနံပါတ် ၁ နဲ့ ၂ ကတော့ လုံးဝရွေးချယ်ပိုင်ခွင့် မရှိဘူး။ မေးခွန်းနံပါတ် ၃ ကျတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် သို့မဟုတ် (OR) ခံထားတဲ့ အမျိုးအစားတွေပါတော့ ရွေးဖို့ အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် ၄ နဲ့ ၅ မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေ ပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုမိုပြီးရှိတယ်။ သင်ရိုးကုန် ကျေညက်အောင် ကျက်ထားတဲ့သူများအဖို့တော့ အမှတ်ပြည့်လုနီးပါး ဖြေဆိုနိုင်ကြပါလိမ့်မယ်။ Chapter ရွေးကျက်တဲ့သူများအဖို့တော့ True/False, Completion နဲ့ Answer All ဆိုတဲ့ မေးခွန်းတွေကို အားလုံး ဖြေနိုင်မှာမဟုတ်ဘဲ မေးခွန်းနံပါတ် 4 နဲ့ 5 ကိုလည်း တော်တော်ကံကောင်းပြီး ကျက်ထားတာတိုးမှ ဖြေနိုင်မှာပါ။

အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသား ကျောင်းသူများဟာ သင်ရိုးကုန်ကို သဘောပေါက်နားလည်အောင် ကျေညက်စွာ ကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများကတော့ Chapter ၁၂ ခုလုံးကို စေ့စပ်စွာ ခြုံငုံမှုမရှိ ကျရှုံးသူများကတော့ Chapter ၁၂ ခုမှာ မိမိအတွက် လွယ်ကူတဲ့ Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းဟောင်းများကို လေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter (12) ခုမှ အကြောင်းအရာများကို ဘယ်လို ခွဲဝေမေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင်

မေးခွန်းနံပါတ် **. 1 TRUE / FALSE (20 marks)** ကို ဆင့်ပွားမေးခွန်းငယ် ၂၀ ကို **Chapter** အလိုက် အောက်ပါအတိုင်း ဖွဲ့စည်းထားတယ်။

Chapter	**I**	မှ မေးခွန်းငယ်	**i, ii,**	**(2 statements)**
Chapter	**II**	မှ မေးခွန်းငယ်	**iii, iv**	**(2 statements)**
Chapter	**III**	မှ မေးခွန်းငယ်	**v**	**(1 statement)**
Chapter	**IV**	မှ မေးခွန်းငယ်	**vi, vii**	**(2 statements)**
Chapter	**V**	မှ မေးခွန်းငယ်	**viii, ix**	**(2 statements)**
Chapter	**VI**	မှ မေးခွန်းငယ်	**x, xi**	**(2 statements)**
Chapter	**VII**	မှ မေးခွန်းငယ်	**xii**	**(1 statement)**
Chapter	**VIII**	မှ မေးခွန်းငယ်	**xiii, xiv**	**(2 statements)**
Chapter	**IX**	မှ မေးခွန်းငယ်	**xv, xvi**	**(2 statements)**
Chapter	**X**	မှ မေးခွန်းငယ်	**xvii**	**(1 statement)**
Chapter	**XI**	မှ မေးခွန်းငယ်	**xviii, xix**	**(2 statements)** နဲ့
Chapter	**XII**	မှ မေးခွန်းငယ်	**xx**	**(1 statement)**

မေးခွန်းနံပါတ် **. 2 COMPLETION (20 marks)** မှာလည်း ဆင့်ပွားမေးခွန်းငယ် ၂၀ ကို **Chapter** အလိုက် အောက်ပါအတိုင်း ဖွဲ့စည်းထားတယ်။

Chapter	**I**	မှ မေးခွန်းငယ်	**i, ii,**	**(2 statements)**
Chapter	**II**	မှ မေးခွန်းငယ်	**iii, iv**	**(2 statements)**
Chapter	**III**	မှ မေးခွန်းငယ်	**v**	**(1 statement)**
Chapter	**IV**	မှ မေးခွန်းငယ်	**vi, vii**	**(2 statements)**
Chapter	**V**	မှ မေးခွန်းငယ်	**viii, ix**	**(2 statements)**
Chapter	**VI**	မှ မေးခွန်းငယ်	**x, xi**	**(2 statements)**
Chapter	**VII**	မှ မေးခွန်းငယ်	**xii**	**(1 statement)**
Chapter	**VIII**	မှ မေးခွန်းငယ်	**xiii, xiv**	**(2 statements)**
Chapter	**IX**	မှ မေးခွန်းငယ်	**xv, xvi**	**(2 statements)**
Chapter	**X**	မှ မေးခွန်းငယ်	**xvii**	**(1 statement)**
Chapter	**XI**	မှ မေးခွန်းငယ်	**xviii, xix**	**(2 statements)**
Chapter	**XII**	မှ မေးခွန်းငယ်	**xx**	**(1 statement)**

True/False statements များကို Chapter (12)ခုလုံးမှ ပါဝင်အောင် ကောက်နုတ်ထားပါတယ်။ Statement များကို Chapter III, VII, X နှင့် XII မှအပ ကျန် Chapter များမှ (2) statements စီ ကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် Chapter (8) ခုမှ 2 statements စီ (2x8=16) Chapter (4) ခုမှ 1 statement စီ (1 x 4= 4) စုစုပေါင်း (20 marks) အနေနဲ့ Chapter အားလုံးခြုံငုံမိအောင် ကောက်နုတ်မေးထားတာ တွေ့ကြပါလိမ့်မယ်။

မေးခွန်းနံပါတ် (1) True/False statements များကို ဖြေဆိုဖို့ statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး မိမိသိရှိထားတဲ့အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်တယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက် ကောက်နုတ်ထားတာရှိသလို Own Construction နဲ့ ပေးထားတဲ့ statement များလည်းရှိတာ တွေ့ရှိကြပါလိမ့်မယ်။ ပေးထားတဲ့ True/False Statement များကို သေသေချာချာ နားလည်အောင်ဖတ်ပါ။ True/False ဖော်ပြချက်တွေမှာ နားလည်သဘောပေါက်မှုကို ဦးစားပေးထားတာက ပထမဖြစ်ပါတယ်။ ဥပမာ - Plants which live for two years are biennials လို့ two growing seasons ကို two years နဲ့ပြောင်းလိုက်တာ ကျောင်းသား ကျောင်းသူ အတော်များများ မှားကြတယ်။ သိထားရမှာက Biology မေးခွန်းတွေဟာ နားလည်မှုကိုအခြေခံပြီး စစ်ဆေးတဲ့ Conceptual မေးခွန်းတွေဖြစ်တယ်ဆိုတာပါပဲ။ ဥပမာ Rabbits live in group and are frequently breeding two times a year ဆိုပြီး သုံးပိုင်းပါတဲ့ statement (Rabbits live in group ပိုင်း frequently breeding ပိုင်းနဲ့ two times a year ပိုင်းမှာ တစ်ပိုင်းပိုင်းကို False ဖြစ်သွားအောင် လုပ်တတ်ပါတယ်။ four times နေရာမှာ two times နဲ့ လွဲလိုက်တာပါပဲ။ အဲဒီလိုအမှားမျိုးတွေ မရှိအောင် statement ရဲ့ sentence တွေကို သေသေချာချာ ဖတ်ပါလို့ အကြံပြုလိုက်ပါတယ်။ အလျင်စလို မဆုံးဖြတ်ပါနဲ့။ အဲဒီအပေါ်မှာအခြေခံပြီး ဝေါဟာရကြွယ်ဝမှုနဲ့ အင်္ဂလိပ်စာကျွမ်းကျင်မှုတို့ကိုလည်း ထည့်သွင်းထားပါတယ်။ မဖြေနိုင်လို့ statement များကို False လို့အားလုံး (သို့မဟုတ်) True လို့ အားလုံး ရေးသားဖြေဆိုခဲ့ရင်တော့ မိမိဖြေဆိုတဲ့အထဲက ရသင့်တဲ့ အမှတ်ရသွားနိုင်လိမ့်မယ်လို့ ကျောင်းသား ကျောင်းသူများ ထင်မှတ်ကြရင်တော့ အရမ်းမှားပါလိမ့်မယ်။ အဖြေလွှာ စစ်ဆေးသူများအနေနဲ့ အရင်ဆုံး ကောက်ချက်ချမှာကတော့ ဒီကျောင်းသား ကျောင်းသူများဟာ ကျန်မေးခွန်းများကိုလည်း တိကျစွာ ဖြေဆိုနိုင်ကြမှာ မဟုတ်ဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ဒီအပြင် အမှတ်ပေးစည်းမျဉ်းအရ ထိန်းချုပ်မှုရှိပါတယ်။ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ စာလုံးထူအမည်း (Bold) နဲ့ ဖော်ပြထားလို့ သေသေချာချာ လေ့လာစေချင်ပါတယ်။

မေးခွန်းအမှတ်(၂)ကလည်း နားလည်သဘောပေါက်မှုကို အခြေခံတဲ့ Conceptual **မေးခွန်း ဖြစ်ပါတယ်။ နံပါတ်တစ်မေးခွန်းလို** statement တွေကို ဝါကျတည်ဆောက်တဲ့အခါ ကွက်လပ်ဖြည့်တွေချန်ပြီး ဖော်ပြထားတာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့က နားလည်မှုအပြင် ကွက်လပ်ထဲမှာ ဖြည့်ရမယ့်စကားလုံးကို စာလုံးပေါင်းကို မှန်မှန်ဖြည့်ရပါမယ်။ သိပ္ပံနာမည်တွေကို ဖြည့်ရမယ်ဆိုရင်တော့ underline ပါ တားပေးမှ အမှတ်ပြည့်ရပါလိမ့်မယ်။ ဥပမာ The fruit of ———— has furry style ရဲ့ ကွက်လပ်ဖြည့်ဆိုရင် Clematis လို့ ဖြည့်ရပါမယ်။ ဒီမေးခွန်းနှစ်ရဲ့ statement အချို့ဟာလည်း စာအုပ်ထဲကအတိုင်း ဖြစ်ချင်မှ ဖြစ်ပါမယ်။ ဥပမာ The leaf is the organ where process of ———— occur ဒီမေးခွန်းကို စာလုံးပေါင်းမှန်မှန်နဲ့ ဖြေဖို့လည်း လိုပါတယ်။ စာလုံးပေါင်းမှားခဲ့ရင်တော့ အမှတ်ရမှာ မဟုတ်ပါဘူး။ ဥပမာ Abcissin, meristematic, Aleurone, gonorrhoea, nictitating, heterogametic, gibberellin, အစရှိတဲ့ စာလုံးတွေကို ရေးကျက်ပါ။ ဒါကြောင့် မေးခွန်းနှစ်ကို ကောင်းမွန်စွာဖြေနိုင်ဖို့ မှန်တဲ့စာလုံးကို စာလုံးပေါင်းမှန်မှန်နဲ့ ရေးထည့်ပေးပါ။ underline တားစရာရှိရင်လည်း တားပေးပါ။

Word form ဖြစ်တဲ့ (noun, verb နဲ့ adjective) ကိုလည်း ဂရုစိုက်ထည့်ပေးပါ။ ဥပမာ Insects pollinated flowers are ———— flowers. (Entomophilous)

Pollination brought about by insect is ————. (Entomophily)

Drug ———— may lead to the spreading of AIDS. (addiction)

People can easily become ———— to drinking alcohol. (addicted)

Many drugs ———— turn to crime, they need many to supply their selves with regular doses. (addicts)

True/False ရွေးချယ်မှုနဲ့ Completion အမျိုးအစားမှာပါတဲ့ statement တိုင်းဟာ Chapter တိုင်းက ပါတတ်တာဖြစ်လို့ (၃)ခန်းလောက်လွှတ်ပြီး ကျက်လိုက်တာနဲ့ (၁၀)မှတ်ကနေ (၁၂)မှတ်အထိ နစ်နာသွားနိုင်ပါတယ်။

မေးခွန်းနံပါတ် **. 3 Answer All Questions (12) Marks**

လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့ ဆင့်ပွားမေးခွန်းငယ်

(a)

(b)

(c)

(d)

စာမျက်နှာ ၁၆ သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ ၁၅ မှ

(e) နဲ့
(f) ရယ်လို့ (၆)ပုဒ်ပေးထားပြီး တစ်ပုဒ်ကို (၂)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲ ဖြစ်ပါတယ်။
မေးခွန်းနံပါတ် **. 3 (2 Marks each) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်**

a. ကို Chapter I to IV မှ (၁) ပုဒ်
b. ကို Chapter V မှ (၁) ပုဒ်
c. ကို Chapter VI မှ (၁) ပုဒ်
d. ကို Chapter VII မှ (၁) ပုဒ် ၄င်းကို OR ခံပြီး
Chapter VIII မှ (၁) ပုဒ်
e. ကို Chapter IX မှ (၁) ပုဒ် ၄င်းကို OR ခံပြီး
Chapter X မှ (၁) ပုဒ်
f. ကို Chapter XI မှ (၁) ပုဒ် ၄င်းကို OR ခံပြီး
Chapter XII မှ (၁) ပုဒ်

ဒီမေးခွန်းနံပါတ် . 3 မှာ answer all questions ဆိုပေမယ့် (OR) ခံထားတဲ့ မေးခွန်းမျိုးများပါတော့ ကျောင်းသား ကျောင်းသူများမှာ ရွေးချယ်ပိုင်ခွင့် ရှိသေးတယ်။

ဒီ ၂ မှတ်တန်မေးခွန်းတို short question မေးတဲ့အခါ တိုက်ရိုက် သူ့ခေါင်းစဉ်နဲ့အတူ စာအုပ်ထဲကလည်း ထုတ်နုတ်ပြီး ဖြေခိုင်းတဲ့ မေးခွန်းမျိုးလဲရှိတယ်။ ဥပမာ-

Describe the ventricles in the brain of rabbit ဆိုရင် ventricles ဆိုတဲ့ခေါင်းစဉ်ပါတဲ့ စာကို ဖြေရမယ်။ ဒီလိုပဲ Describe briefly about peristalsis နဲ့ State the purpose of water acting as solvent တွေဟာ တိုက်ရိုက် မေးထားတာဖြစ်တယ်။ ဒါပေမယ့်

Briefly state how the food is gathered in Paramecium လို့ မေးခဲ့ရင်တော့ Feeding method in protozoan ခေါင်းစဉ်အောက်က စာထဲကနေ

Two bands of penniculus, fused cilia gather the food at the posterior end of the cytopharynx in a vacuole of water လို့ ထုတ်နုတ်ပြီး ဖြေရမယ်။

State how the food vacuole is formed in Paramecium ဆိုရင်လည်း အထက်ပါ အဖြေအတိုင်းပဲ ဖြစ်တယ်။ ဒါကြောင့်မို့ အဖြေတစ်ခုတည်းရဲ့ မေးခွန်းတွေဟာ မေးခွန်းထုတ်တဲ့သူအပေါ် မူတည်ပြီး ကွဲသွားနိုင်တယ်။ ဒါပေမယ့် အဓိပ္ပာယ်ကတော့ အတူတူပဲဖြစ်ပါတယ်။ အရေးကြီးတာက မဆိုင်တဲ့အဖြေကို မရေးမိဖို့ အဓိကပဲဖြစ်ပါတယ်။ ဒီလိုမဖြစ်အောင် မေးခွန်းဟောင်းတွေကို လေ့လာစေချင်တယ်။

မေးခွန်းနံပါတ် . 4 (4) marks မေးခွန်းကို ANSWER ANY FOUR question အနေနဲ့ **ဆင့်ပွားမေးခွန်းငယ်** a to e ထိ (၅)ပုဒ် ပေးထားတာ မေးခွန်းဟောင်းများကို လေ့လာရင် တွေ့ရှိကြပါလိမ့်မယ်။ Chapter များအရ မေးထားတဲ့ မေးခွန်းခွဲဝေမှုကတော့ -

မေးခွန်းနံပါတ် **. 4 (4 Marks each) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်**

No. 4. a. ကို Chapter I-IV မှ (၁) ပုဒ်
b. ကို Chapter V မှ (၁) ပုဒ်
c. ကို Chapter VI မှ (၁) ပုဒ် ၄င်းကို OR ခံပြီး
Chapter VII မှ (၁) ပုဒ်
d. ကို Chapter VIII မှ (၁) ပုဒ် ၄င်းကို OR ခံပြီး
Chapter IX မှ (၁) ပုဒ်
e. ကို Chapter X မှ (၁) ပုဒ် ၄င်းကို OR ခံပြီး
Chapter XI မှ (၁) ပုဒ် ၄င်းကိုထပ်ဆင့်OR ခံပြီး
Chapter XII မှ (၁) ပုဒ် မေးထားပါတယ်။

Chapter များထဲမှ အခြေခံအပိုင်းကို ရွေးချယ်မှု မပေးထားပေမယ့် ကျန် Chapter များအတွက် ရွေးချယ်မှုပေးထားပါတယ်။

No. 5 Long question (8 marks) သတ်မှတ်ထားတဲ့ အမျိုးအစား Answer ANY FOUR question ဖော်ပြထားပြီး a to f (၆)ပုဒ် ပေးထားတာ မေးခွန်းဟောင်းလေ့လာသူများ တွေ့ကြပါလိမ့်မယ်။

မေးခွန်းမှာ Biology text ပါ အကြောင်းအရာများကို ခွဲဝေပေးထားပုံကတော့ -

မေးခွန်းနံပါတ် **. 5 (8 Marks each) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်**

a. ကို Chapter I-IV မှ (၁) ပုဒ်
b. ကို Chapter V မှ (၁) ပုဒ်
c. ကို Chapter VI မှ (၁) ပုဒ်
d. ကို Chapter VII မှ (၁) ပုဒ် ၄င်းကို OR ခံပြီး
Chapter VIII မှ (၁) ပုဒ်
e. ကို Chapter IX မှ (၁) ပုဒ် ၄င်းကို OR ခံပြီး
Chapter X မှ (၁) ပုဒ်
f. ကို Chapter XI မှ (၁) ပုဒ် ၄င်းကို OR ခံပြီး
Chapter XII မှ (၁)ပုဒ် မေးထားတာ တွေ့ရှိပါလိမ့်မယ်။

No. 5 မေးခွန်းမှာလည်း (၆)ပုဒ်မှ (၄)ပုဒ် ရွေးချယ်နိုင်ရုံသာမက (OR) ခံထားတဲ့ ဆင့်ပွားမေးခွန်းငယ်တွေလည်း ပါတာကြောင့် ရွေးချယ်နိုင်ခွင့် ပိုများပါတယ်။

မေးခွန်းခွဲဝေပြီးတော့ ကျောင်းသား ကျောင်းသူတစ်ယောက်ဟာ အခန်းရွေးကျက်မယ်ဆိုရင် သက်ဆိုင်ရာအခန်းအလိုက် မိမိအတွက် ရနိုင်မယ့်အမှတ်ကို ဖော်ပြမယ်။

Chapter I to V ကိုပဲ ကြည့်မယ်ဆိုရင်

မေးခွန်းအမှတ် **No. 1 True / False** ရဲ့ ဆင့်ပွားမေးခွန်းငယ်**(i-ix)** ထိ ဖြေနိုင်ရင် **- (9)marks**
မေးခွန်းအမှတ် **No. 2 Completion** ရဲ့ ဆင့်ပွားမေးခွန်းငယ်**(i-ix)** ထိ ဖြေနိုင်ရင် **- (9)marks**
မေးခွန်းအမှတ် **No. 3 Answer All Questions (2 Marks each)** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(a, b)** ကို ဖြေနိုင်ရင် **- (4)marks**
မေးခွန်းအမှတ် **No. 4 Answer ANY FOUR Questions (4 Marks each)** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(a, b)** ကို ဖြေနိုင်ရင် **- (8) marks**
မေးခွန်းအမှတ် **No. 5 Answer ANY FOUR Questions (8 Marks each)** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(a, b)** ကို ဖြေနိုင်ရင် **- (16)marks** ရပါမယ်။
ဒါကြောင့် စုစုပေါင်း **Total 46 marks** ရပါတယ်။

Chapter I to VI အထိပဲ ကျက်ဖို့ ရည်မှန်းထားတဲ့ ကျောင်းသား ကျောင်းသူများအဖို့ကတော့

မေးခွန်းအမှတ် **No. 1 True / False** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(i-xi)** ထိ ဖြေနိုင်ရင် **-(11)marks**
မေးခွန်းအမှတ် **No. 2 Completion** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(i-xi)** ထိ ဖြေနိုင်ရင် **-(11)marks**
မေးခွန်းအမှတ် **No. 3 Answer All Questions (2 Marks each)** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(a, b,c)** ကို ဖြေနိုင်ရင် **-(6)marks**
မေးခွန်းအမှတ် **No. 4 Answer ANY FOUR Questions (4 Marks each)** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(a, b,c)** ကို ဖြေနိုင်ရင် **- (12) marks**
မေးခွန်းအမှတ် **No. 5 Answer ANY FOUR Questions (8 Marks each)** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(a, b,c)** ကို ဖြေနိုင်ရင် **- (24)marks** ရပါမယ်။
ဒါကြောင့် စုစုပေါင်း **Total 64 marks** ရပါတယ်။

Chapter I to VII အထိသာ ကျက်မှတ်ရန် ရည်မှန်းထားတဲ့ ကျောင်းသား ကျောင်းသူများအဖို့ကတော့

မေးခွန်းအမှတ် **No. 1 True / False** ရဲ့ ဆင့်ပွားမေးခွန်းငယ်**(i-xii)** ထိ ဖြေနိုင်ရင် **-(12)marks**
မေးခွန်းအမှတ် **No. 2 Completion** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(i-xii)** ထိ ဖြေနိုင်ရင် **-(12)marks**
မေးခွန်းအမှတ် **No. 3 Answer All Questions (2 Marks each)** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(a, b,c,d)** ကို ဖြေနိုင်ရင် **-(8)marks**
မေးခွန်းအမှတ် **No. 4 Answer ANY FOUR Questions (4 Marks each)** ရဲ့ ဆင့်ပွားမေးခွန်းငယ် (a, b,c) ကို ဖြေနိုင်ရင် - **(12) marks**
မေးခွန်းအမှတ် **No. 5 Answer ANY FOUR Questions (8 Marks each)** ရဲ့ ဆင့်ပွားမေးခွန်းငယ် **(a, b,c,d)** ကို ဖြေနိုင်ရင် **- (32) marks** ရပါမယ်။
ဒါကြောင့် စုစုပေါင်း **Total 76 marks** ရပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် သင်ရိုးကုန်ကျက်မှတ်ထားတဲ့ ကျောင်းသား ကျောင်းသူများအတွက် မိမိဖြေချင်တာကို ရွေးချယ်နိုင်တဲ့ အခွင့်အလမ်းလည်း ပိုများတာ တွေ့ရပါလိမ့်မယ်။

အခု ဆက်လက်ပြီး မေးခွန်းဖြေဆိုတဲ့အခါ ထိရောက်မှုရှိအောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာ အကြံပြုသွားပါ့မယ်- မေးခွန်းနံပါတ် **1. True/False** နှင့် မေးခွန်းနံပါတ် **2. Completion မေးခွန်းမျိုးကို ဖြေတဲ့အခါ** ပထမဆုံး ဆင့်ပွားမေးခွန်းငယ်အမှတ် (**i.** မှ **x.**)ကို အပေါ်မှ အောက်သို့လည်းကောင်း၊ ဆင့်ပွားမေးခွန်းငယ် **xi.** ကို **i.** ၏ ဘေးစာမျက်နှာ အလယ်မှရေးပြီး အောက်သို့ ဆက်တိုက် **xx.** ထိ အဖြေလွှာစာအုပ်ပေါ်တွင် ရေးထားလိုက်ပါ။ ဒီလိုရေးခြင်းအားဖြင့် နံပါတ်များတပ်ခြင်း မရှိတော့ဘဲ အမှားနည်းနိုင်ပါတယ်။

i.	**xi.**
ii.	**xii.**
iii.	**xiii.**
iv.	**xiv.**
v.	**xv.**
vi.	**xvi.**
vii.	**xvii.**
viii.	**xviii.**
ix.	**xix.**
x.	**xx.**

ဒီလိုရေးချပြီးမှ Statement များကို သေချာစွာဖတ်ရှုပြီး မိမိအနေနှင့် သေချာသောအဖြေများကို သက်ဆိုင်ရာ နံပါတ်နံဘေးတွင် ဖြေဆိုပါ။ မိမိအနေဖြင့် အဖြေကို ဇဝေဇဝါဖြစ်နေခဲ့ရင် ၄င်း Statement ကို ချန်ခဲ့ပြီး အချိန်ဖြုန်းမနေဘဲ အခြားမေးခွန်းများကို ဆက်လက်ဖြေဆိုပါ။ ဒီလိုဖြေဆိုပြီးမှ ချန်ထားခဲ့တဲ့ Statement ရဲ့အဖြေကို ပြန်လည်စဉ်းစားပြီး မှန်ကန်အောင် ဖြေဆိုပါ။

No 3, 4 နှင့် 5 များမှာ (a,b,c,d,e,f) စသည်တို့ဖြင့် ပေးထားသော မေးခွန်းများဖြေဆိုတဲ့အခါ (a,b,c,d,e,f) အထဲမှ မိမိဖြေဆိုနိုင်ဆုံးဟာ (c) ဖြစ်နေခဲ့ရင် (c) ကို အရင်ဆုံး စဖြေပါ။ အဖြေ၏နံပါတ်ကို မှန်ကန်အောင်တော့ အထူးသတိထားတပ်ရန် လိုတယ်။ (c) ဖြေထားပြီး (a) မတပ်ပါနဲ့၊ ဒီလိုဘဲ (a) ဖြေထားပြီးရင်လည်း (c) လို့ မတပ်မိဖို့ အရေးကြီးပါတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ်တတ်ကျွမ်းတဲ့မေးခွန်းကို ရွေးချယ်ဖြေဆိုပါ။ မေးခွန်းရွေး မမှားစေဖို့ အထူးသတိပြုကြပါ။

မေးခွန်းတွေမေးထားပုံကို လေ့လာမယ်ဆိုရင် စာချည်းပဲဖြေရမယ့် မေးခွန်းတွေမှာ State/Define/Explain/Describe/Clarify/Name/List/Enumerate နဲ့ Differentiate ဆိုတဲ့ စကားလုံးမျိုးတွေကို သုံးပြီး မေးထားလေ့ရှိပါတယ်။

ပုံပေးထားပြီး အညွှန်းချည်းပဲ သီးသန့်တပ်ခိုင်းတဲ့မေးခွန်းမျိုးဆိုရင် Provide labels to the given diagram လို့ မေးလေ့ရှိပြီး Provide labels to the given diagram and state ———- လို့ မေးခဲ့ရင်တော့ ပုံကို label တပ်ပေးရမယ့်အပြင် state ဆိုတာနဲ့ပတ်သက်ပြီးတော့လည်း ဖော်ပြပေးရမှာဖြစ်ပါတယ်။ အညွှန်းတွေကို တပ်တဲ့အခါမှာလည်း ပုံမှာရှိတဲ့ အညွှန်းတပ်ခိုင်းတဲ့ နံပါတ်တွေနဲ့ တပ်ရမယ့် အညွှန်းစာသားတွေ ကိုက်ညီအောင် သတိပြုကြစေချင်ပါတယ်။

Give labeled diagram ဆိုရင်တော့ အညွှန်းပြည့်စုံတဲ့ပုံ ဆွဲပေးရပါမယ်။ and state လို့ ဆက်ပါခဲ့မယ်ဆိုရင်တော့ သက်ဆိုင်ရာ ဖော်ပြခိုင်းတာကို ဆက်လက်ဖြေဆိုရမှာ ဖြစ်ပါတယ်။

ဒီလိုဆိုရင် ကျောင်းသား ကျောင်းသူတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့အတိုင်း ဂုဏ်ထူးအမှတ်များရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biology သင်ခန်းစာသိကောင်းစရာ ဟောပြောချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။

ကျေးဇူး ဆပ်ပါမည်
၁၃/နမတ(ပြ)၀၀၀၀၁၉ (အစိမ်းရောင်)မှတ်ပုံတင်ပျောက်ဆုံးပါသဖြင့် ပြန်ပေးသူကို ကျေးဇူးဆပ်ပါမည်။
ဆက်သွယ်ရန် ဖုန်း-၀၁-၃၈၅၄၁၉၊ ၀၉-၅၁၀၃၃၅၂

မိခင် အမည်မှန်
မြိတ်မြို့၊ အလက(ခွဲ) တောရကျောင်း၊ ဆဋ္ဌမတန်း(က)မှ မောင်အောင်သူဟိန်း၊ ပဉ္စမတန်း(က)မှ မဆောင်းနှင်းအေး၊ တတိယတန်း(ခ)မှ မသင်းသင်းသဇင်တို့၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်ငွေးဝင်း ဖြစ်ပါကြောင်း။ **ဒေါ်ငွေးဝင်း ၆/မမန(နိုင်)၁၂၃၀၈၄**

ကြော်ငြာ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီး

အိတ်ဖွင့်တင်ဒါထပ်မံခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၄-၁-၂၀၁၃ ရက် (တနင်္လာနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၁-၂၀၁၃ ရက် (ညနေ ၄ နာရီ)

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ် ၃၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၄၉၁၆၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
စတုတ္ထအကြိမ် B.E/B.Arch နှင့် B.Tech ဘွဲ့အတွက်

ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

အကြိုလေ့ကျင့်ခြင်း - ၄-၃-၂၀၁၃ရက် (တနင်္လာနေ့)
နံနက်ပိုင်း နံနက် ၉း၀၀ နာရီ
ညနေပိုင်း မွန်းလွဲ ၁း၀၀ နာရီ

ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၅-၃-၂၀၁၃ရက် (အင်္ဂါနေ့)
နံနက်ပိုင်း နံနက် ၉း၀၀ နာရီ
ညနေပိုင်း မွန်းလွဲ ၁း၀၀ နာရီ
- ၆-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း နံနက် ၉း၀၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-
- ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင်ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) **တက်ရောက်ဘွဲ့** - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။
(ခ) **အဝေးရောက်ဘွဲ့** - B.E/B.Arch နှင့် B.Tech ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်(အမျိုးသား)ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ)အရွယ်ဓာတ်ပုံ ငါးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်အမှတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်။

၅။ ဘွဲ့အသီးသီးကို တက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ(မြန်မာထဘီ၊ အင်္ကျီ)၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ရှိ ကျောင်းသားရေးရာဌာနမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၁-၁-၂၀၁၃ရက် (တနင်္လာနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၇။ ဘွဲ့နှင်းသဘင်တက်ရောက်ယူမည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန်ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ ။အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း-၆၈၅၂၇၇သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မော်ကွန်းထိန်း
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

ကန့်ကွက်နိုင်ပါသည်

တာမွေမြို့နယ်၊ ဘိုလိန်းအောင်မင်္ဂလာရပ်ကွက်၊ နှင်းဆီလမ်း၊ ယုဇနအိမ်ရာ A4/အခန်း(010)အတွင်းတပ်ဆင်ထားသော ဦးငြိမ်းမောင် ၁၂/တမန(နိုင်)၀၂၁၂၁၄ အမည်ဖြင့်ဝယ်ယူထားသော လိုင်းခွဲအမှတ်-၂၀၀၇၄၇-၇၈၁၅၏ ဖုန်းမူရင်းဘောက်ချာပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ယုဇနပလာဇာ ဒုတိယထပ်ရုံးခန်း၊ ဖုန်း-၂၀၀၇၄၇၊ Ext-၄၄၄၄၊ ၂၀၀၈၀၁**

၁၇-၁၂-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဒေါ်ရန်၏ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းခြင်း

၁၇-၁၂-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို(ဃ)တွင် ဒေါ်ရန်(ခ) ဒေါ်မရန်ဘီဘီ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသက်လွင်(စဉ်-၂၅၁၄)က **မေတ္တာဖြင့်အပိုင်ပေးကမ်းထားခြင်းကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း**ဟု ထည့်သွင်းကြေညာခဲ့ပါသည်။

သဃ်န်းကျွန်းမြို့နယ်၊ မြေကွက်အမှတ် ၅၃၊ ဦးပိုင်အမှတ်(၆/င)၊ ဧရိယာ(၀.၃၁၅) ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံး [အမှတ် ၄၉၊ နှင်းဆီကုန်းလမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟုလည်းခေါ်တွင်သော]ကို မေတ္တာနှင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် ၂၈-၃-၂၀၀၇ရက်ကပင် မိခင် ဒေါ်ရန်မှ သား ဦးလှသန်း ၁၂/သဃက(နိုင်)၁၁၈၁၁၉နှင့် သမီး ဒေါ်အေးအေးမြင့်တို့သို့ ပေးကမ်းလွှဲပြောင်းခဲ့ပြီး ဖြစ်ပါသည်။ ဦးလှသန်းသည် ၂၉-၁-၂၀၁၂ရက်က ကွယ်လွန်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်ရန် တစ်ဦးတည်းသဘောဆန္ဒဖြင့် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကို ပြန်လည်ရုပ်သိမ်းခွင့်မရှိပါကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်လှလှသန်း ၁၂/သဃက(ဧည့်)၀၀၀၀၃၀ (ကွယ်လွန်သူ ဦးလှသန်း၏ဇနီး)
အမှတ်-၁၉၆၊ ခုနစ်လွှာ၊ ၂၇ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

မင်္ဂလာဆည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI CITY နေ ဦးကြည်ဝင်း-ဒေါ်မြင့်မြင့်ရီ
(ကြည်ဝင်း လေမှုတ်စက်လုပ်ငန်း)တို့၏ သားငယ်

မောင်ရန်နောင်စိုး

(TWO-T MEN FASHION, JAPAN CAR ACCESSORIES & AUDIO CENTER)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးရွှေကျော်-အကောက်ခွန်မှူး)-ဒေါ်ခင်စောဝေ
(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ရသေ့တောင်မြို့နယ်)တို့၏ သမီးလတ်

မဂျူးဂျူးဝေ

(CABIN CREW, MYANMAR AIRWAYS INTERNATIONAL)

